မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၃၉)

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ စနေနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

မိမိတို့လက်ထက်တွင် ပညာရေးနှင့် ကျန်းမာရေးဘတ်ဂျက်အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလျက်ရှိ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးတက္ကသိုလ်တွင် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးရဲထွန်း၊ ဦးစောသိန်းအောင်နှင့် ဦးစတီဗင်သာဘိတ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဒေသခံတပ်နယ် အောင်ဇေယျရိပ်သာဧည့်ခန်းမသို့ ရောက်ရှိကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကလေးခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား ဖြည့်စွက်ဆွေးနွေးမှာကြားသည်။ ထို့ပြင် နို့စားနွားများမွေးမြူခြင်းဖြင့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်ယူရရှိနိုင်သကဲ့သို့ ဇီဝဓာတ်ငွေ့ကိုလည်း ထုတ်ယူနိုင်သဖြင့် ဇီဝဓာတ်ငွေ့မှ စွမ်းအင်အဖြစ် ထုတ်ယူသုံးစွဲနိုင်ခြင်းကြောင့် ဒေသတွင်းစံပြအဖြစ် စမ်းသပ်လုပ်ကိုင်သွားရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကိုလည်း တစ်ပိုင်တစ်နိုင်မှသည်

စာမျက်နှာ ၈ ကော်လံ ၁ ◆

တောင်သူများတစ်နှစ်ပတ်လုံး ဝင်ငွေရရှိနိုင်မည့် စိုက်ပျိုးမွေးမြူရေး



တွေ့ဆုံမေးမြန်းသူ - မြတ်မွန်ထွေး(မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန်း(ကော့မှူး)

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်တွင် အခြေချနေထိုင်ကြပြီး မိရိုးဖလာအစဉ်အလာအရ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသည်။ မြန်မာနိုင်ငံအနေဖြင့် ယခုအခါ ဆင်းရဲနွမ်းပါးမှုနှုန်းအား ၂၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျော့ကျအောင် နည်းလမ်းမျိုးစုံသုံးပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းမှာ သီးနှံပေါ်ချိန်တွင်သာ ငွေရှင်ပြီး အပိုဝင်ငွေရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်ခြင်းဖြင့် ၁၂ ရာသီပတ်လုံး ဝင်ငွေရရှိနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်လုပ်ဆောင်ခြင်းဖြင့် တောင်သူဦးကြီးများ ရာသီအလိုက်ဝင်ငွေအပြင် နေ့စဉ်ဝင်ငွေရရှိနိုင်ပြီး စီးပွားရေးချောင်လည်လာမည်ဖြစ်ကာ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

ကျေးလက်နေ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးရေးသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအခြေခံပင်ဖြစ်သည်။ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွင် တောင်သူဦးကြီးများက နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်ပြီး ပေါင်းစည်းလယ်ယာအသွင်ဆောင်ရွက်ခြင်းဖြင့် စီးပွားဖွံ့ဖြိုး ဝင်ငွေတိုးလာမည်ဖြစ်သည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တောင်သူများနေ့စဉ် ဝင်ငွေရရှိရေးဆောင်ရွက်ပေးမည့်နည်းလမ်းကောင်းများကို ပြည်သူများထံ ပြန်လည်ဖြန့်ဝေပေးနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးထံ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး ။ ။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်တွေအတွက် မွေးမြူရေးအခန်းကဏ္ဍက ဘယ်လိုအထောက်အကူ ပေးနိုင်မလဲဆိုတာ ရှင်းပြပေးပါရှင့်။

ဖြေ ။ ။ မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်နေ ပြည်သူတွေဖြစ်ကြပါတယ်။ ဆင်းရဲနွမ်းပါးမှုအများဆုံး တွေ့ရတာလည်း ကျေးလက်ဒေသတွေမှာပဲဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုနှုန်းလျှော့ချနိုင်ဖို့ ဘက်ပေါင်းစုံကနေ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ကျေးလက်နေ တောင်သူ လယ်သမားများအတွက် စိုက်ပျိုးရေးက အဓိကဆိုသော်လည်းပဲ

စာမျက်နှာ ၅ ကော်လံ ၁ ❖

"မွေးမြူရေးလုပ်ငန်းက ပုံမှန်လုပ်ရင် ပုံမှန်ဝင်ငွေရနေမှာဖြစ်တဲ့အတွက် တောင်သူများ တစ်ဖက်တစ်လမ်းကနေ ဝင်ငွေတိုးစေမှာဖြစ်ပါတယ်။"

ဒေါက်တာအောင်ကြီး
ဒုတိယညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

အေးမြသည့်ရာသီတွင် ရွှေရနံ့ဒက်ကြေလိမ်းဆေးကို လိမ်းပေးခြင်းဖြင့် ထုံကျဉ်ကိုက်ခဲ၊ ညောင်းညာခြင်းကို သက်သာပျောက်ကင်းစေပါသည်။

ရွှေရနံ့ အကြောပြေ ဒက်ကြေလိမ်းဆေး

ဒက်ကြေလိမ်းဆေး၏ ထူးခြားချက်

ရွှေရနံ့လိမ်းဆေးသည်စိတ်ကိုတက်ကြွလန်းဆန်းစေပြီး ပရုတ်ဆီရနံ့နှင့်စိတ်အာရုံကိုကြည်လင်စေမည့် သင်းပျံ့သော ရနံ့တို့ပါရှိသောကြောင့် ရနံ့နှစ်မျိုးကိုခံစားရမည့် လိမ်းဆေးဖြစ်ပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆီးချိုရောဂါကြိုတင်ကာကွယ်ပါ

ယနေ့ကမ္ဘာတွင် မြန်နှုန်းမြင့်စွာ တိုးပွားလာသောရောဂါမှာ ဆီးချိုရောဂါဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ဆီးချိုရောဂါနှင့် ၎င်း၏ နောက်ဆက်တွဲရောဂါဖြစ်သည့် ကျောက်ကပ်၊ နှလုံးရောဂါတို့ဖြင့် သေဆုံးသူများ တိုးပွားလာလျက်ရှိသည်။

ဆီးချိုရောဂါသည် ကြိုတင်ကာကွယ်၍ရနိုင်သော်လည်း ပျောက်ကင်းအောင်ကုသ၍ကား မရနိုင်ချေ။ အချို့က ဆီးချိုရောဂါ၏ အန္တရာယ်ကြီးမားပုံကိုသိသော်လည်း ကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုအားနည်းတတ်ကြသည်။ အများစုမှာ အချိုကြိုက်တတ်သူများဖြစ်ကြသည်။

ဆီးချိုရောဂါတွင် ပုံစံ(၁) (Type-1) အမျိုးအစားနှင့် ပုံစံ(၂) (Type-2) အမျိုးအစားဟူ၍ရှိသည်။ ပုံစံ(၁)အမျိုးအစားသည် ကလေးအရွယ်မှ စတင်ဖြစ်ပွားတတ်ကာ ပုံစံ(၂)အမျိုးအစားမှာ အသက် ၄၀ ကျော်အရွယ်တွင် အဖြစ်များကြသည်။ ပန်ကရိယ(ခေါ်)မုန့်ချိုအိတ်မှ အင်ဆူလင်မထုတ်နိုင်ခြင်း သို့မဟုတ် လုံလောက်အောင် မထုတ်နိုင်ခြင်းကြောင့်ဖြစ်သောရောဂါဖြစ်သည်။

ဆီးချိုရောဂါကို ကာကွယ်ရန်ဦးစွာအချက်နှစ်ချက်ကို သတိပြုရမည်ဖြစ်သည်။ မိဘမျိုးရိုးတွင် ဆီးချိုရောဂါ ဖြစ်ဖူးသူရှိ၊ မရှိနှင့် အသက် ၃၀ ကျော် ၄၀ ဝန်းကျင်အရွယ်တွင် မိမိ၌ ဆီးချိုရောဂါ ရှိ၊ မရှိ စစ်ဆေးကြရန်ဖြစ်သည်။

ဆီးချိုရောဂါဖြစ်ပွားသူအများစုသည် မိမိတွင်ရောဂါရှိ၊ မရှိကြိုတင်ဆေးစစ်ခြင်း မရှိကြသည့်အပြင် ရောဂါလက္ခဏာကိုလည်း သတိမပြုမိခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ရောဂါရှိ၊ မရှိကို အလေးထားစစ်ဆေးရန် အားနည်းခဲ့ကြသူများဖြစ်ကြသည်။ မိမိတွင် အခြားရောဂါတစ်မျိုးမျိုးဖြစ်ပွားသဖြင့် ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသရာမှ ဆရာဝန်က ဆီးချို ရှိ၊ မရှိ စစ်ဆေးသောအခါ ရောဂါရှိကြောင်းတွေ့ရှိရတတ်ကြသည်။ ထိုအချိန်တွင် ကာကွယ်ခြင်းကို မပြုလုပ်နိုင်တော့ဘဲ ရောဂါမဆိုးရွားစေရန် နည်းအမျိုးမျိုးဖြင့် ထိန်းချုပ်ခြင်းသာ ပြုလုပ်နိုင်တော့သည်။

ဆီးချိုရောဂါကို လက်ဦးမှုရလျှင်၊ တစ်နည်းအားဖြင့် ကြိုတင်ကာကွယ်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။ ကာကွယ်မှုကို မပြုလုပ်နိုင်လျှင် ရောဂါကုသထိန်းချုပ်မှုပြုရလေတော့မည်။ သို့ဆိုလျှင် ရေငတ်ခြင်း၊ မကြာခဏဆီးသွားခြင်း၊ ကိုယ်အလေးချိန် အလျင်အမြန်လျော့ကျခြင်း စသော ရောဂါလက္ခဏာများကို သိထားရန်လိုအပ်လာသည်။ အစားအသောက်ဆင်ခြင်ရန် လိုအပ်လာသည်။ လျှာပေါ်တင်ကြည့်သော် ချိုသည်ဟုခံစားရသော အစားအစာမှန်သမျှ ရှောင်ရတော့မည်။ အခါးဓာတ်ကဲသော အစားအစာများကို ဦးစားပေး စားသောက်ကြရတော့မည်။ ထို့ပြင် ကျန်းမာရေးလေ့ကျင့်ခန်းကိုလည်း မှန်မှန်လုပ်ကြရပေတော့မည်။ အနည်းဆုံး နာရီဝက်ခန့် နေ့စဉ် လမ်းလျှောက်ကြရပေလိမ့်မည်။ မိမိခန္ဓာကိုယ်အတွင်း ဆီးချိုတက်ရိပ်၊ ကျရိပ်ကိုသိရန် ဆရာဝန်ထံချိန်းဆိုထားသည့်အတိုင်းသွားရောက်၍ ဆီးချိုတိုင်းရပေမည်။ လိုအပ်လျှင် မိမိလက်ဝယ်၌ ဆီးချိုတိုင်းကိရိယာ (Gluco-Metre) ဆောင်ထားပြီး တိုင်းကြည့်နေဖို့လိုအပ်သည်။ ဤသို့ဖြင့် အစားအသောက်ဆင်ခြင်ခြင်း၊ ကျန်းမာရေးလိုက်စားခြင်းတို့ဖြင့် ရောဂါကို ထိန်းချုပ်ကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ရောဂါမှန်သမျှသည် ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ရာ ဆီးချိုရောဂါဖြစ်ပွားပုံနှင့် နောက်ဆက်တွဲဆိုးကျိုးများကို ကြိုတင်သိရှိပြီး ရောဂါကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

ရေအားလျှပ်စစ်ဆိုင်ရာသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အပံ့ကောင်းဖြစ်စေမည့် ဘာသာရပ်များအား နော်ဝေနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ရေအားလျှပ်စစ်ဗဟိုဌာန(ICH)နှင့် ပူးပေါင်းပြီး သင်ကြားပေးမည်ဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ပြည်သူ့ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ ထိုးထွင်းသိမြင်နိုင်မှု၊ ရေအားလျှပ်စစ်အရင်းအမြစ်များအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုနှင့် အိမ်နီးချင်းနိုင်ငံများသို့ လျှပ်စစ်ဓာတ်အားရောင်းချခြင်းဆိုင်ရာ အကြောင်းအရာများကိုလည်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍသည် ပြီးပြည့်စုံသော လူနေမှုဘဝအတွက် စွမ်းအင်ဆိုင်ရာ ဖြည့်ဆည်းဝန်ဆောင်မှုတစ်ခုအဖြစ် မရှိမဖြစ်လိုအပ်ချက်ဖြစ်လာသကဲ့သို့ တီထွင်ဖန်တီးရှင်များနှင့် အင်ဂျင်နီယာပညာရှင်များသည်လည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးတက်မြင့်မားလာမှသာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်းဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာ ရေအားလျှပ်စစ်ဗဟိုဌာန (International Centre for Hydropower (ICH) တို့ ပူးပေါင်းစီစဉ်သည့် Hydropower Development-Joint Public Private Development of Hydropower သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ထို့နောက် နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာ ရေအားလျှပ်စစ်ဗဟိုဌာန (ICH) Managing Director Mr. Tom Solberg က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းမှ ရေအားလျှပ်စစ်ဆိုင်ရာ အကျိုးကျေးဇူးများနှင့် မျိုးဆက်သစ်များအတွက် နိုင်ငံခြားအတွေ့အကြုံများ၊ အနာဂတ်လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်သော နည်းပညာ/အထောက်အပံ့များ ရရှိသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ် အသင်းဝင်များ သင်တန်းတက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ဂျပန်နိုင်ငံ HIDA Overseas Human Resource & Industrial Development Association တို့ ပူးပေါင်း၍ Production Management for Executives in Myanmar သင်တန်းများကို UMFCCI Training Institute ၌ ၁၈-၈-၂၀၁၂ မှ ၁၇-၁-၂၀၁၃ ရက်အထိ လေးကြိမ်ဖွင့်လှစ်ခဲ့ရာ အသင်းဝင်ကုမ္ပဏီကြီးများနှင့် ညီနောင်အသင်းမှ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းမှ ဂျပန်နိုင်ငံတွင် သင်တန်းဆက်လက်တက်ရောက်ရန် ရွေးချယ်ခံရသူ ၆၀ အနက်မှ ပထမအသုတ် ၃၀ သည် ဂျပန်နိုင်ငံ Yokohama Kenshu Center တွင် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်မည့် The Training Program on Production Management for Executives in Myanmar (ENPM) သင်တန်းသို့ တက်ရောက်ရန်အတွက် ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ဒုတိယအသုတ် သင်တန်းသား ၃၀ သည် ဂျပန်နိုင်ငံရှိ Tokyo Kenshu Center ၌ ဖေဖော်ဝါရီ ၂၁ ရက်မှ မတ်လ ၁ ရက်အထိ ဖွင့်လှစ်မည့် The Training Program on Production Management for Food Industries in Myanmar (ENFM)သင်တန်းသို့တက်ရောက်ရမည်ဖြစ်ရာ သင်တန်းသားများအနေဖြင့် ဂျပန်နိုင်ငံတွင် ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်ပြီး စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကို စာတွေ့အပြင် စက်ရုံလေ့လာရေးများဖြင့် သင်ယူကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

စည်းကမ်းတကျ ဖြစ်စေချင်

သက်တမ်းကြာ မော်တော်ယာဉ်များ အပ်နှံပြီး အစားထိုးယာဉ်များ တင်သွင်းခွင့်ရရှိပြီးနောက် ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများနှင့် စည်းကမ်းမဲ့ယာဉ်ရပ်နားမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကျဉ်းမြောင်းသော လမ်းများချဲ့ထွင်ခြင်း၊ အခမဲ့ယာဉ်ရပ်နားစခန်းများ ဖော်ထုတ် တည်ဆောက်ပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိရာ ယခုအခါ အချို့လမ်းများ ပြီးစီးနေပြီဖြစ်သည်။

သို့သော် လမ်းများပြီးစီးသည့်အခါ ရပ်ကွက်အတွင်းရှိ ဆိုင်ကြီးများနှင့် လမ်းဘေးဆိုင်ခန်းအချို့သည် ယာဉ်ရပ်နားရန်အတွက် ပြုလုပ်ပေးထားသောနေရာတွင် ဆိုင်ခန်းများခင်းပြီး အကျအန စီးပွားရှာလျက်ရှိသည်။ ယာဉ်ရပ်နားရန်အတွက် ပြုလုပ်ထားသောနေရာတွင် မိမိတို့ဆိုင် စီးပွားရှာရောင်းချရန်အတွက်၊ ခုံများခင်းကျင်းထားသည့်အတွက် ယာဉ်ရပ်နားရန် အခက်အခဲနှင့်ကြုံရသည်။ ထို့ကြောင့် လမ်းမပေါ်၌သာ ယာဉ်ရပ်ရသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိနေကြောင်း တင်ပြလိုက်ရပါသည်။ **(ဥမ္မာသန့်-သတင်းစဉ်)**

ဖျာပုံမြို့ အမှတ်(၉)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းခင်း

ဖျာပုံ ဖေဖော်ဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ အမှတ်(၉)ရပ်ကွက် (၁၁)လမ်း၊ (၁၂)လမ်းနှင့် ကျွန်းတောလမ်းတို့၌ RC ကွန်ကရစ်လမ်းခင်းကျင်းလျက်ရှိသည်။

အဆိုပါလမ်းကို ဖျာပုံမြို့ တိုက်သစ်ကျောင်းဆရာတော် အရှင်သူရိယ (မဟာဂန္ထဝါစကပဏ္ဍိတ)က ဦးဆောင်၍ တပည့်ဒါယကာများ၏ ပူးပေါင်းပါဝင်မှုဖြင့် ငွေကျပ်သိန်းပေါင်း ၂၀၀၀ ကျော် အကုန်အကျခံ ခင်းကျင်းနေခြင်းဖြစ်ပြီး စုစုပေါင်း အရှည်ပေ ၂၀၀၀ ခန့်ရှိကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ရုပ်မြင်သံကြားဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်

အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပပုံကို တိုက်ရိုက်ထုတ်လွှင့်ခြင်းအတွက်လည်းကောင်း၊ IBC (International Broadcasting Centre) ဆိုင်ရာလုပ်ငန်းကိစ္စအဝဝ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ အားကစားနည်း (၇)မျိုးအတွက် တိုက်ရိုက်ထုတ်လွှင့်ပြသမှုဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ရုပ်မြင်သံကြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလိုသည့် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာများကို ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(တပ်ကုန်း)သို့ (၂၈-၂-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်းနှင့် လူကိုယ်တိုင်လာရောက် ဆက်သွယ်ရှင်းပြရမည့်နေ့ရက်ကို ထပ်မံသတ်မှတ်ပြန်ကြားသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ဗလငါးတန်မှ ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့

ပြည်တွင်းသတင်း

မြန်မာနိုင်ငံအနေဖြင့်ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဦးတည်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနသည် ဂျာမနီနိုင်ငံ အခြေစိုက် Hanns Seidel Foundation ၏ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်း အခြေခံခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒရေးဆွဲရေး (Conference on Policy For Community Involvement in Tourism in Myanmar) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ် (၃၃) ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ကျောက်စိမ်း ခန်းမ၌ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဦးဌေးအောင်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယခုအချိန်အခါသည် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ပိုမိုရောက်ရှိလာသဖြင့် ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုရှိလာသော်လည်း တစ်ဖက်က စိန်ခေါ်မှုများဖြစ်သော ဟိုတယ်အခန်းများလုံလောက်မှုရှိရန်လိုအပ်ခြင်း၊ ဝန်ဆောင်မှုများကောင်းရန်လိုအပ်ခြင်း၊ ဟိုတယ်အခန်းခနှုန်းထားများ မျှတရန်လိုအပ်ခြင်း စသည်တို့ကိုလည်း တစ်ဖက်မှ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဟိုတယ်အခန်းခဈေးနှုန်းများ ကြီးမြင့်ခြင်းနှင့်စပ်လျဉ်းပြီး ဈေးကွက်သဘောသဘာဝအရ လိုအပ်ချက်နှင့် ဖြည့်ဆည်းမှု ညီညွတ်မျှတသွားပါက အခန်းခဈေးနှုန်းများ ကျဆင်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေရှည်တည်တံ့သော ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသဖြင့် အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှုကို နည်းနိုင်သမျှ လျော့နည်းစေပြီး အကျိုးသက်ရောက်မှု များနိုင်သမျှများအောင် ဆောင်ရွက်လိုသဖြင့် ယနေ့ အလုပ်ရုံဆွေးနွေးပွဲသည် ခရီးသွား လုပ်ငန်း၌ ဒေသခံလူ့အဖွဲ့အစည်းများမှ ပါဝင်ဆောင်ရွက်ရာတွင် သိရှိထားသင့်သော မူဝါဒလမ်းညွှန်ချက်များ ပေါ်ထွက်လာစေရေးအတွက် ကျင်းပခြင်းဖြစ်ပြီး ၎င်းမှတစ်ဆင့် ဒေသခံ လူမှုအဖွဲ့အစည်းများကို အခြေခံသော မြန်မာနိုင်ငံခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်၍ တက်ရောက်လာကြသော ဝန်ကြီးဌာနအလိုက် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုပါကြောင်း မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကြည်သိန်းကိုနှင့် Hanns Seidel Foundation မှ ဌာနေဒါရိုက်တာ Mr. Achim Munz တို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် Hanns Seidel Foundation မှ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင် Mr. Nicole Haeusler က ရန်ကုန်၊ ပုဂံ၊ ကျိုင်းတုံ၊ အင်းလေးနှင့် လွိုင်ကော်တို့တွင် ကျင်းပပြီးစီးခဲ့သော အလုပ်ရုံဆွေးနွေးပွဲအသီးသီးမှ ထွက်ပေါ်လာသော ရလဒ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်း အခြေခံခရီးသွားလုပ်ငန်း ပါဝင်လာခြင်းဖြင့် ဖြစ်ပေါ်လာမည့် အလားအလာကောင်းများ၊ စိန်ခေါ်မှုများနှင့်ရလဒ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ ကွန်ဖရင့်သည် မြန်မာနိုင်ငံအနေဖြင့် အဓိကခရီးသွား ထွက်ကုန်များဖြစ်သော သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုအမွေအနှစ် အခြေခံခရီးသွားလုပ်ငန်း၊ အပျော်စီးသင်္ဘောနှင့် မြစ်တွင်းသွားလာမှုကို အခြေခံသော ခရီးသွား လုပ်ငန်းများအပြင် လူမှုအဖွဲ့အစည်း အခြေခံခရီးသွားလုပ်ငန်း၊ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ မူဝါဒများ ပေါ်ထွက်လာမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း သိရှိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနများအနက် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) နှင့် ၎င်း၏ လက်အောက်ခံအသင်းအဖွဲ့များမှကိုယ်စားလှယ်များ၊ နေပြည်တော်ဟိုတယ်ဇုန်မှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်း အခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များပေါ်ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုကို ၂၀၀၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများ ရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်/စာမူများကို နှစ်စဉ် ဖိတ်ခေါ်ခဲ့ရာ သတ္တမအကြိမ် ၂၀၁၂ ခုနှစ်အတွက် ဆုများချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်/ စာမူစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

၂၀၁၂ ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရှင်အဖြစ် ကွယ်လွန်သူစာရေးဆရာကြီး စည်သူဒေါက်တာကျော်စိန်အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်သည်။

မြန်မာစာအုပ်ဆုတွင် စီးပွားရေးဘာသာရပ်၌ သက်ထွန်းဦး၏ စတော့ရှယ်ယာဈေးကွက်အခင်းအကျင်း၊ ကျန်းမာရေး၌ ဒေါက်တာသန်းထွဋ်၏ အိမ်သားသမားတော်၊ သမိုင်း၌ တင်နိုင်တိုး၏ မြန်မာမင်းများလက်ထက် သံတမန်ဆက်ဆံရေး၊ ယဉ်ကျေးမှု၌ ဦးမြင့်ကြည်၏ စာပေနှင့်ဂီတ ဂီတနှင့်စာပေ၊ ရှေးဟောင်းကျမ်း၌ ထွန်းရီ (ရှေးဟောင်းသုတေသီ)၏ နန်းသုံးယာဉ် ပရိဘောဂနှင့် နန်းမှုပဒေသာကျမ်း၊ ရည်ညွှန်းကျမ်း(ဝိဇ္ဇာ)ဘာသာရပ်၌ မောင်ဝံသ၏ ခေတ်မီနိုင်ငံရေး ဝေါဟာရအဘိဓာန်၊ ရည်ညွှန်းကျမ်း(သိပ္ပံ)ဘာသာရပ်၌ နွေကိုတူး (ပခုက္ကူ)၏ အာကာသအဘိဓာန်၊ ကလေးစာပေ(စကားပြေ)၌ မောင်ဆန္ဒ(လယ်ဝေး)၏ မောင်တို့မယ်တို့ ဖတ်ဖို့ သုတပညာ အလိမ္မာလမ်းညွှန်၊ ကလေးစာပေ(ကဗျာ)၌ မောင်သာလင်း၏ အမေ့ကမ္ဘာ ကလေးကဗျာ၊ လူငယ်၌ တင်ညွန့်၏ လူငယ်နှင့် အတွေးအမြင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၌ မောင်ထွန်းလွင်(မိုးလေဝသ)၏ လာပါတော့၊ အခါခါမေ့၊ မာလာကြေ့၊ မျှော်ပေါ့မိုးရာသီ၊ စာပဒေသာဘာသာရပ်၌ မောင်ကိုကို(အမရပူရ)၏ တို့ဘုရားကို တို့ဖူးပြီနှင့် သုတပဒေသာဘာသာရပ်၌ ဉာဏ်ဝင်း(ဇီးကုန်း)၏ မော်ဒန်ဒီပလိုမေစီတို့ ရရှိကြသည်။

မြန်မာစာမူဆုတွင် ရည်ညွှန်းဘာသာရပ်၌ သန်းထွန်း(မော်လမြိုင်)၏ မြန်မာနိုင်ငံသမိုင်းစဉ်ထဲက အတ္ထုပ္ပတ္တိအဘိဓာန် (၁၉၂၀-၁၉၈၈)၊ အတ္ထုပ္ပတ္တိ၌ မောင်ဇေရာ၏ ပညာမင်းကြီးစည်သူဦးကောင်း၊ သမိုင်း၌ ခင်နှင်းဦး၏ ဂျပန်ခေတ်အကြောင်း စာအုပ်စာတမ်းများ၊ အင်္ဂလိပ်စာမူဆုတွင် ရှေးဟောင်းကျမ်း၌ **Saw Mra Aung** ဘာသာပြန်ဆိုသော **The Chronicle of the Mons & The Collection of Histories of their Pagodas** တို့ ရရှိကြသည်။ တစ်သက်တာစာပေဆုနှင့် စာအုပ်ဆုများအတွက် ထွန်းဖောင်ဒေးရှင်း၏ ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကို ပူးတွဲချီးမြှင့်ပြီး စာမူဆုများအတွက် ငွေသားဆုကိုသာ ချီးမြှင့်မည်ဟု သိရသည်။

ထွန်းဖောင်ဒေးရှင်းစာပေဆု ချီးမြှင့်သည့်အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ကျင်းပရန် လျာထားပြီး ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ ဖုန်း ၀၁-၂၉၆၃၂၅နှင့် ၀၉-၇၃၁၀၄၄၈၇ တို့သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံ (၂)ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ထုတ်ဝေသည့်စာအုပ်များနှင့် မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူများကို တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ စက်တင်ဘာလ ၃၀ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Myanmar Health Expo 2013 ပြပွဲ ရန်ကုန်မြို့တပ်မတော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းကကြီးမှူးကျင်းပမည့် ပထမအကြိမ် မြန်မာကျန်းမာရေးဆိုင်ရာပြပွဲ ၂၀၁၃ (Myanmar Health Expo 2013)ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၂၂ ရက် မှ ၂၄ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

ပြပွဲတွင် အနောက်တိုင်းဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ပြည်တွင်း ပြည်ပ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးပစ္စည်းကိရိယာများနှင့် နည်းပညာများ၊ ကျန်းမာရေးဆိုင်ရာဟောပြောပွဲများကို ကဏ္ဍအလိုက် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **မသီရိသက်မွန်**

ဖျာပုံမြို့သံသရာခရီးသည် လူမှုကူညီရေးအဖွဲ့က အောက်ဆီဂျင်ဘူး အခမဲ့ကူညီ

ဖျာပုံ ဖေဖော်ဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက်ရှိ သံသရာခရီးသည် လူမှုကူညီရေးအဖွဲ့မှ အောက်ဆီဂျင်လိုအပ်နေသော လူနာများအတွက် အောက်ဆီဂျင်ဘူးများကို အခမဲ့ကူညီပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လူမှုကူညီရေးအဖွဲ့သည် အောက်ဆီဂျင်ဘူးများကို ၂၄ နာရီပတ်လုံး မည်သည့်အချိန်တွင်မဆို ငှားရမ်းပေးနိုင်အောင် စီစဉ်ထားပြီး အခြားသောလူမှုကူညီမှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သံသရာခရီးသည် လူမှုကူညီရေးအဖွဲ့သို့ ဆက်သွယ်လိုပါက ဖုန်း-၀၉-၄၂၂၄၆၂၄၄၆၊ ၀၉-၄၉၇၁၄၁၃၉ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၁၃၂)

စာပေမြင့်မှ လူမျိုးတင့်မည်



နိုင်ငံတကာသတင်း

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း

အာဖဂန်သမ္မတကာဇိုင်း လေကြောင်းတိုက်ခိုက်မှုကိစ္စဖြင့် နေတိုးတပ်မှူးသစ်အားဆင့်ဆို

ကဘူးလ် ဖေဖော်ဝါရီ ၁၅

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းသည် အရပ်သား ၁၀ ဦးသေဆုံးခဲ့သော စွဲချက်အရ ဖေဖော်ဝါရီ ၁၃ ရက်က လေကြောင်းတိုက်ခိုက်မှုတစ်ခုပေါ် ရှင်းလင်းရန် နိုင်ငံအတွင်းရှိ နေတိုးတပ်မှူးအသစ်အား ဆင့်ဆိုခဲ့ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က အေပီသတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်တွင် အကြမ်းဖက်မှုတစ်ရပ်အား လေကြောင်းဖြင့်တိုက်ခိုက်ခဲ့ပြီးနောက် အရပ်သားများ သေဆုံးခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး အာဖဂန်သမ္မတနန်းတော်သို့ ပြန်လည်ရှင်းလင်းတင်ပြရန်အတွက် နေတိုးတပ်မှူး ဗိုလ်ချုပ်ကြီးအလီထံမှ ဖေဖော်ဝါရီ ၁၀ ရက်တွင် လွှဲပြောင်းတာဝန်ယူခဲ့သူ တပ်မှူးသစ် ဗိုလ်ချုပ်ကြီးစ်ဖီဒန်ဖော့အား ဖုန်းဖြင့်အကြောင်းကြားဆင့်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က ထုတ်ပြန်သည့်အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

လူနေရပ်ကွက်ဧရိယာများအတွင်း မည်သည့်လေကြောင်းတိုက်ခိုက်မှုမှ မပြုလုပ်ရန် နေတိုးတပ်မှူး ဗိုလ်ချုပ်အလီအား ယခင်ကညွှန်ကြားခဲ့ပြီးဖြစ်ကြောင်း၊ နောက်နောင်တွင် ထိုကဲ့သို့သောဖြစ်ရပ်များ ပေါ်ပေါက်ပါက တင်းကျပ်စွာတားဆီးရမည်ဖြစ်ပြီး အဖန်တလဲလဲဖြစ်ပေါ်မှုကို မည်သို့မျှလက်ခံမည်မဟုတ်ကြောင်း သမ္မတကာဇိုင်းက သတိပေးပြောကြားခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့များသည် ယင်းတွေ့ဆုံခြင်းကို အတည်ပြုခဲ့ကြောင်း ဖေဖော်ဝါရီ ၁၃ ရက်က ဖြစ်ရပ်နှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်အခြေအနေအပေါ် ၎င်းတို့အနေဖြင့် စုံစမ်းစစ်ဆေးမှုများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်တပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။ အဆိုပါစစ်ဆင်ရေးအကျိုးဆက်ကြောင့် သေဆုံးဒဏ်ရာရခဲ့သူ အာဖဂန်အရပ်သားများအတွက် ၎င်းအနေဖြင့်ဝမ်းနည်းကြေကွဲမှုဖြစ်ကြောင်း အာဖဂန်နစ္စတန်အတွင်းရှိ အမေရိကန်တပ်မှူး ဗိုလ်ချုပ်ဒန်ဖော့က ထုတ်ဖော်ပြောကြားခဲ့သည်။ **(အေပီ)**

ပါကစ္စတန်အနောက်မြောက်ပိုင်း လူမျိုးစုများဒေသတွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား၊ ၁၄ ဦးသေဆုံး

တင်မောင်လွင်-စုစည်းသည်

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၅

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း လူမျိုးစုများနေထိုင်ရာဒေသတွင် ဖေဖော်ဝါရီ ၁၄ ရက်က သီးခြားဗုံးခွဲတိုက်ခိုက်မှု သုံးကြိမ်ဖြစ်ပွားခဲ့ရာတွင် အနည်းဆုံး ၁၄ ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၁၅ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းနေ့ကဖြစ်ပွားသော ပထမဆုံးတိုက်ခိုက်မှုသည် ဘတ်စ်ကားတစ်စီးအား ပစ်မှတ်ထားပြီး လမ်းဘေးဗုံးဖောက်ခွဲခြင်းဖြစ်ပြီး ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အိုရတ်စ်ဇိုင်းလူမျိုးစုဒေသတွင်းရှိ ဟာ့စ်စန်ဇို ကျေးရွာတွင် လူခုနစ်ဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို အနီးရှိ ဆေးပေးခန်းသို့ ပြောင်းရွှေ့ပို့ဆောင်ထားကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်အရသိရသည်။

နာရီအနည်းငယ်ကြာပြီးနောက် ယင်းလူမျိုးစုဒေသအတွင်း၌ပင် အလားတူဗုံးခွဲတိုက်ခိုက်မှုတစ်ခု ထပ်မံဖြစ်ပွားရာ အနည်းဆုံး နှစ်ဦးသေဆုံးပြီး အခြား ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။ တတိယမြောက်တိုက်ခိုက်မှုသည် ခိုင်ဘာပက်တွန်ခဝါပြည်နယ် ဟန်ဂူခရိုင်အတွင်း စစ်ဆေးရေးဂိတ်တစ်ခုအနီး၌ ဖြစ်ပွားခဲ့ပြီး တိုက်ခိုက်ရေးသမားတစ်ဦးက ထရပ်ကားတစ်စီးအား ဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး ငါးဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့ခေါင်းဆောင် မိုဟာမတ်စီအစ်က ပြောကြားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုများအတွက် မည်သည့်အုပ်စုကမျှ ၎င်းတို့၏ လက်ချက်ဖြစ်သည်ကို ရှင်းလင်းပြောကြားခြင်းမရှိဟုဆိုသည်။ **(ပရက်စ်တီဗွီ)**

လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပါကစ္စတန်တပ်ဖွဲ့ဝင်များ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေမှုကို ဤသို့တွေ့ရစဉ်။

အင်ဒိုနီးရှား၌ ဇီးကွက်မျိုးစိတ်သစ် တွေ့ရှိ

ဂျကာတာ ဖေဖော်ဝါရီ ၁၅

အင်ဒိုနီးရှားနိုင်ငံ လမ်ဘိုခ့်မြို့အနီးတွင် ဇီးကွက်မျိုးစိတ်သစ်တစ်မျိုးကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၃ ခုနှစ် စက်တင်ဘာလကလည်း ရင်ဂျာနီစကော့စ် ဇီးကွက်မျိုးစိတ်နှစ်မျိုးကို နိုင်ငံတကာသုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသေးသည်။ ယခုတွေ့ရှိသည့် ဇီးကွက်မျိုးစိတ်မှာ အုပ်စုလိုက်တွေ့ရှိရသည့် ၎င်းမျိုးစိတ်တစ်ခုမှ ခွဲထွက်ပေါက်ဖွားသော ဇီးကွက်မျိုးစိတ်သစ်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ လမ်ဘိုခ့်ကျွန်းပေါ်၌ ပထမဆုံးမြင်တွေ့ရခြင်းဖြစ်သည်။ သာမန်ဇီးကွက်ထက် အရွယ်အစားသေးငယ်ပြီး အသံကွဲပြားမှုရှိသည်။

အဆိုပါဇီးကွက်မျိုးစိတ်သစ် **(အောက်ပုံ)**ကို နိုင်ငံတကာသုတေသနပညာရှင်များက လေ့လာစူးစမ်းမှုများ ပြုလုပ်လျက်ရှိသည်။ ဆွီဒင်နိုင်ငံ စတော့ဟုမ်းတက္ကသိုလ်ဇီဝဗေဒဌာနက သုတေသနပညာရှင် ဂျော့ဆန်စတာ ဦးဆောင်သည့်အဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းတို့သည် ညဘက်တွင် ကျက်စားလေ့ရှိသော ဇီးကွက်မျိုးစိတ်များကို ပိုက်များဖြင့် ဖမ်းယူခြင်းမပြုဘဲ အသံများကို ဖမ်းယူသုတေသနပြုကာ မျက်မြင်တွေ့ရှိမှတ်တမ်းတင်ခြင်းဖြစ်သည်။

ယင်းဇီးကွက်မျိုးစိတ်သည် အခြားဇီးကွက်များ၏ အသံနှင့်မတူသည့်အပြင် ယခင်တွေ့ရှိခဲ့သည့် ဂျာဗားနှင့် ဘာလီကျွန်းတို့တွင် တွေ့ရှိသော ဇီးကွက်နှင့်လည်း မတူညီကြောင်း သိရသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

အခြေခံစီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယခင်က ဦးစီးဌာနများသည် မိမိဌာနဝန်ထမ်းများကို သက်ဆိုင်ရာဌာနအလိုက် သင်တန်းများပေးခဲ့သော်လည်း ယခုဖွင့်လှစ်သည့်သင်တန်းတွင် ဝန်ကြီးဌာနတစ်ခုလုံး၏ လုပ်ငန်းတာဝန်များကို နားလည်ပြီး နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် လုပ်ငန်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်၍ ယခုလိုပေါင်းစည်းသင်တန်းပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသန္တရစီမံကိန်းများ၊ ကဏ္ဍစီမံကိန်းများနှင့် သက်ဆိုင်သည့်အချက်များ၊ ဘောဂဗေဒ အခြေခံသီအိုရီများ၊ လုပ်ငန်း စီမံကိန်းစိစစ်ခြင်းများ၊ အာဆီယံရေးရာများ၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေများ၊ အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်၍ ထိရောက်စွာ နားလည်သဘောပေါက်ပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၄)ရပ်ကို နားလည်သဘောပေါက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိရာ အောင်မြင်မှုများရရှိနေပြီဖြစ်ကြောင်း၊ ၎င်းအပြင် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးကို ဗဟိုချက်မှာထား၍ နိုင်ငံတော်ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း ကောင်းမွန်တဲ့အစိုးရ၊ သန့်ရှင်းသောအစိုးရ၊ ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ခံမှုရှိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမှာ ဖြစ်သည့်အတွက် နိုင်ငံဝန်ထမ်းကောင်းများဖြစ်စေရန် သင်တန်းမှ သင်ကြားပေးမည့်ဝန်ထမ်းကျင့်ဝတ်များ၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများကို နားလည်သဘောပေါက်အောင် လေ့လာသင်ယူ၍ အကျင့်စာရိတ္တ ကောင်းမွန်သော၊ သစ္စာရှိသော နိုင်ငံတော်ဖွံ့ဖြိုး တည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြသော ဝန်ထမ်းကောင်းများဖြစ်ကြစေရေး အပတ်တကုတ် ကြိုးစားသွားကြရန်လိုကြောင်းဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အခြေခံစီမံခန့်ခွဲမှုနှင့်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၉၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar ဦးဆောင်သော အိန္ဒိယလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးကိုကိုထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

❖ ***ရှေ့ဖုံးမှ***

နေ့စဉ်ဝင်ငွေရရှိရေးအတွက်ဆိုရင် မွေးမြူရေးက ပိုပြီးအဓိကကျမှာ ဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းက ပုံမှန်လုပ်ရင် ပုံမှန်ဝင်ငွေရနေမှာ ဖြစ်တဲ့အတွက်ကြောင့် တစ်ဖက်တစ်လမ်းကနေ ဝင်ငွေတိုးစေမှာ ဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင်ကနေ စီးပွားဖြစ်မွေးမြူနိုင်အောင် အားထုတ်ကြဖို့လိုပါတယ်။

မေး။ ။ အရင်းအနှီးနည်းပါးတဲ့ တောင်သူတွေအတွက် မွေးမြူရေး အရင်းအနှီးရရှိစေဖို့ ဘယ်လိုစီမံချက်တွေရှိပါသလဲရှင့်။

ဖြေ။ ။ အရင်းအနှီးနည်းပါးတဲ့တောင်သူတွေအတွက် အကြွေးစနစ်နဲ့ ဖြန့်ဖြူးပေးပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ဝက်မွေးချင်တဲ့သူ၊ နို့စားနွားမွေးချင်တဲ့သူ အစရှိသဖြင့် လိုအပ်ချက်နဲ့အညီ ဖြန့်ဖြူးပေးနေပါတယ်။ လိုအပ်တဲ့ တောင်သူတွေကို ကြိုက်ရာနွားကိုပြော၊ ရောင်းသူနဲ့ ဈေးညှိပြီး ဝယ်ယူပေးပါတယ်။ ၁၈ လကြာ ပြန်ဆပ်ဖို့ သဘောတူစာချုပ် ချုပ်ရပါမယ်။ တစ်လချင်းဆီကို တန်ဖိုးရဲ့ ၁၈ ပုံ ၁ပုံ ပြန်ဆပ်ရပါမယ်။ အတိုးလုံးဝမယူပါဘူး။ အကြွေးစနစ်နဲ့ ဖြန့်ဖြူးပေးနေတာဖြစ်ပါတယ်။

မေး။ ။ ခုလက်ရှိအထိ အကြွေးစနစ်နဲ့ ဘယ်အတိုင်းအတာထိ ဖြန့်ဖြူးပြီးပါပြီလဲ သိပါရစေရှင့်။

ဖြေ။ ။ ခုလက်ရှိအနေနဲ့ ပျဉ်းမနားမြို့နယ် အောင်သုခ၊ အလျှင်လိုကျေးရွာတွေမှာ နို့စားနွားအကောင် ၇၀ ဖြန့်ဖြူးပေးပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး အကောင် ၁၀၀ ကျော်အထိ ဖြန့်ဖြူးပေးဖို့ရှိပါတယ်။ ဝက်မွေးမြူချင်သူတွေအတွက်လည်း တောင်သူတွေရဲ့ လိုအပ်ချက်နဲ့အညီ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ စုစုပေါင်းအကောင်ရေ ၅၀၀၀ ဖြန့်ဖြူးပေးပြီးပါပြီ။ ကြက်နဲ့ ပတ်သက်ရင် ဆင်းရဲတဲ့ဒေသတွေ၊ လျှော်ဒဏ်ခံရတဲ့ဒေသတွေမှာ တောင်သူတစ်ဦးလျှင် ငါးကောင်နှုန်းနဲ့ အခမဲ့ဖြန့်ဖြူးပေးထားပါတယ်။ အချို့နေရာတွေမှာဆိုရင် ၁၀ ကောင်ထိ ဖြန့်ဖြူးပေးထားတာ တွေ့ရှိပါတယ်။

မေး။ ။ မွေးမြူရေးလုပ်ငန်းစတင်ဖို့ ငွေကြေးအရင်းအနှီးတွေနဲ့ နည်းပညာတွေ ဘယ်လိုရနိုင်ပါသလဲရှင့်။

ဖြေ။ ။ မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်တွေမှာ ချေးငွေစနစ်တွေ ရှိပါတယ်။ သက်ဆိုင်ရာနယ်မြေခံတွေရဲ့ ထောက်ခံချက်နဲ့ လျှောက်လွှာတင်တဲ့အပေါ်မူတည်ပြီးတော့ ချေးငွေချေးပေးပါတယ်။ ဘဏ်တွေ ကတစ်ဆင့် ချေးငွေထုတ်ချေးပြီးစီးမှုကတော့ မြိုင်မြို့နယ်အတွက် ငွေကျပ် သိန်း ၁၀၀၀၊ ချင်းပြည်နယ်အတွက် ငွေကျပ်သိန်း ၂၀၀၀၀၊ ရခိုင်ပြည်နယ်အတွက် ငွေကျပ်သိန်း ၂၀၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွက် ငွေကျပ်သိန်း ၅၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအတွက် ငွေကျပ်သိန်း ၅၀၀၀၊ မန္တလေးတိုင်းဒေသကြီးအတွက် ငွေကျပ် သိန်း ၅၀၀၀ ရှိနေပါပြီ။ တင်ပြတောင်းခံတာတွေရှိရင် တင်ပြမှုအလိုက် ချေးငွေထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ မွေးဖို့တိရစ္ဆာန်တွေပေးပါတယ်။ နည်းစနစ်တွေလည်း သင်ကြားပေးပါတယ်။ ကျွေးနည်းစနစ်၊ မွေးနည်းစနစ်၊ ကာကွယ်ရေးနဲ့ ကုသရေးတွေကိုလည်း သက်ဆိုင်ရာ နယ်မြေခံ မွေးမြူရေးနဲ့ ကုသရေးဌာနတွေက လမ်းညွှန်ကူညီပေးပါတယ်။ တောင်သူ လယ်သမားတွေကို သင်တန်းပေးတာတွေလည်း ရှိပါတယ်။ ဒေသအလိုက် မွေးမြူသင့်တဲ့ တိရစ္ဆာန်တွေကိုလည်း လမ်းညွှန်ပေးပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးတွဲဖက်လုပ်ကိုင်နိုင်အောင်လည်း စည်းရုံးလှုံ့ဆော်မှုတွေ လုပ်ပေးထားပါတယ်။

မေး။ ။ လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးတွဲဖက်လုပ်ကိုင်သင့်ပုံ အကြောင်းကိုလည်း ရှင်းပြပေးပါဦးရှင့်။

ဖြေ။ ။ လယ်ယာစိုက်ပျိုးရေးက ရာသီအလိုက်ပဲ ဝင်ငွေရပါတယ်။ မွေးမြူရေးကတော့ ၁၂ ရာသီရနိုင်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးတွဲဖက် လုပ်ကိုင်သင့်တယ်ဆိုတာက စိုက်ပျိုးရေးကရလာတဲ့ ဘေးထွက်ပစ္စည်းတွေဟာ မွေးမြူရေးအတွက် အဓိကအစာတွေ ဖြစ်နေပါတယ်။ ဥပမာ- စိုက်ပျိုးရေးကနေရလာတဲ့ ကောက်ရိုး၊ နှမ်းဖတ်၊ ဖွဲနု စတာတွေက မွေးမြူရေးအတွက် အစာတွေဖြစ်ပါတယ်။ နောက်ပြီး မွေးမြူရေးကနေရတဲ့ တိရစ္ဆာန်တွေရဲ့ အညစ်အကြေး ဥပမာ- နွားချေး၊ ကြက်ချေး စတာတွေက စိုက်ပျိုးရေးအတွက် အလွန်အဖိုးတန်တဲ့ သဘာဝမြေသြဇာတွေပါ။ ဒါကြောင့် ပေါင်းစည်းလယ်ယာတွေ များများဆောင်ရွက်ဖို့လိုပါမယ်။ တိရစ္ဆာန်တွေကို တစ်မျိုးတည်း မွေးတာထက် နှစ်မျိုးသုံးမျိုးမွေးနိုင်ရင် ပိုကောင်းပါတယ်။ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်လုပ်ကိုင်နိုင်ဖို့ ကြိုးစားဖို့ လိုပါတယ်။ မွေးမြူရေးနဲ့ ပတ်သက်လို့ နည်းနည်းပြောချင်တာက နွားမွေးမြူတဲ့အခါ ရှေးရိုးစွဲသမားရိုးကျပုံစံမျိုး မွေးတာထက် နည်းလမ်းပြောင်းမွေးမြူဖို့ လိုအပ်ပါတယ်။ ကောက်ရိုးကျွေးတာထက် ပြောင်းရိုးကျွေးတာ၊ နူးညံ့ပြီး အရည်အသွေးရှိတဲ့ မြက်စိုက်ကျွေးတာကအစ ပြောင်းလဲလုပ်ဆောင်ဖို့လိုအပ်ပါတယ်။ မျိုးကောင်းသော်လည်းပဲ အစား အစာကျွေးတဲ့အခါ စနစ်တကျကျွေးဖို့ လိုပါတယ်။ လိုအပ်ရင် မြက်ကိုစနစ်တကျ စိုက်ကျွေးမယ်ဆိုထိုက်တန်တဲ့၊ အရည်အသွေးကောင်းတဲ့ နို့နဲ့အသားထုတ်ကုန်တွေ ရရှိနိုင်မှာ ဖြစ်ပါတယ်။

မေး။ ။ လက်ရှိမြန်မာနိုင်ငံမှာ မွေးမြူရေးဇုန် ဘယ်လောက်ရှိနေပြီး ဘယ်လောက်ထုတ်လုပ်ပေး နိုင်တယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ မြန်မာနိုင်ငံမှာ လက်ရှိမွေးမြူရေးဇုန် ၂၈ ဇုန်ရှိပါတယ်။ ပုံမှန်လုပ်တဲ့အပေါ်မူတည်ပြီး ထုတ်လုပ်ပေးနေပါတယ်။ မြန်မာနိုင်ငံရဲ့ သားငါးကဏ္ဍအတွက် အများကြီး အထောက်အကူပေးနိုင်ပါတယ်။ နေပြည်တော်မှာရှိတဲ့ ပြောင်ခေါင်းကြီး မွေးမြူရေးဇုန်ဟာဆိုရင် ဒီဒေသတစ်ဝိုက်ရဲ့သားငါး စားသုံးမှုသုံးပုံတစ်ပုံအထိ ဖြည့်ဆည်းပေးနေတာဖြစ်ပါတယ်။ မုံရွာ ကြက်၊ ဝက် မွေးမြူရေးဇုန်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွက် လိုအပ်ချက် သားငါးကဏ္ဍကို ဖြည့်ဆည်းပေးနေတာဖြစ်ပါတယ်။

မေး။ ။ မြန်မာနိုင်ငံတွင်းမှာ မွေးမြူရေးကဏ္ဍက အောင်မြင်မှုရရှိနေပုံကိုလည်း ပြောပြပေးပါဦးရှင့်။

ဖြေ။ ။ တောင်သူတွေကို မွေးမြူရေးလုပ်တာမှာ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်လုပ်ကြဖို့ တိုက်တွန်းထားပါတယ်။ ဇ မ္ဗူသီရိမြို့နယ်မှာဆိုရင် ဝက်ကောင်ရေ ၂၀၀ ဖြန့်ဖြူးပေးထားတာမှာ အခုဆိုရင် အဆင်ပြေနေကြလို့ ချေးငွေတွေ ပြန်ဆပ်နေကြပါပြီ။ စိတ်ဝင်စားမှုများလာ တာကိုလည်း တွေ့ရပါတယ်။ စီးပွားဖြစ်မွေးမြူတဲ့သူတွေလည်း များလာနေပါတယ်။ ဌာနက ငွေကြေးထောက်ပံ့မှု၊ တိရစ္ဆာန်ထောက်ပံ့မှု၊ အစာအခက်အခဲအတွက် နည်းလမ်းများ အကြံပေးလမ်းညွှန်မှုတွေ ပြုလုပ်ပေးထားပါတယ်။ ဒါ့အပြင် နို့စားနွား မွေးမြူတဲ့သူတွေလည်းရှိနေပါတယ်။ မြန်မာနိုင်ငံမှာဆို နို့သောက်ခြင်းထက် လက်ဖက်ရည်၊ ကော်ဖီသောက်တဲ့သူ ပိုများတာကို တွေ့ရလို့ မြစိမ်းရောင်နို့ချက်စက်ရုံကိုလည်း ဌာနကတည်ထောင်ထားပါတယ်။ နို့သောက်ခြင်းက ကျန်းမာဖွံ့ဖြိုးဉာဏ်ရည် တိုးစေတယ်ဆိုတာကို အသိပညာပေးမှုတွေ ပြုလုပ်ပေးနေပါတယ်။ မူလတန်း ကျောင်းတွေမှာ နို့တိုက်ကျွေးရေး အစီအစဉ်တွေ ပြုလုပ်ပေးနေတယ်။ ဒါ့အပြင် နို့စားနွားမွေးမြူသူတွေက လာရောင်းတဲ့ နွားနို့တွေကို ပြင်ပပေါက်ဈေးထက် ပိုပေးဝယ်ယူပြီး နို့ကိုပေါင်းခံကာ ပြည်သူတွေသောက်သုံးဖို့ ဈေးနှုန်းသက်သက်သာသာနဲ့ ဖြန့်ဖြူးပေးနေပါတယ်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တောင်သူများ လူမှုစီးပွားဖွံ့ဖြိုးလာရေးအတွက် လူအား၊ ငွေအားနှင့် နည်းပညာအားကိုကူညီထောက်ပံ့ပေးလျက်ရှိရာ တောင်သူများအနေဖြင့် ရရှိသည့်အခွင့်အလမ်းကောင်းကို အမိအရရယူပြီး နည်းမှန်စနစ်မှန် ကြိုးပမ်းလုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးရေးမှ ဝင်ငွေအပြင်၊ မွေးမြူရေးမှလည်း တစ်ဖက်တစ်လမ်း ဝင်ငွေတိုးပြီး တောင်သူဦးကြီးတို့စီးပွားချောင်လည်ကာ ကျေးလက်ဆင်းရဲနွမ်းပါးမှုလျော့ကျရေးကို မျှော်မှန်းကာလမတိုင်မီ ဆောင်ရွက်နိုင်မည့်အပြင် လယ်သမားတစ်ဦးချင်းစီ၏လူမှုစီးပွားအသိုက်အမြုံများလည်း ပြည့်ဝဖူလုံကာ အေးချမ်းပျော်ရွှင်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင်မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်
စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ



ဆောင်းပါး

မေတ္တာဖျန်းပက် တွဲလက်ညီညာ ရွှေကရုဏာ

ကျွန်းသားမေန်း

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ကြောင်း ဆိုကြသည်။ လူအများ၏ဘဝတွင် သက်ရှည်ကျန်းမာစွာ နေထိုင်သွားလိုကြသည်။ ငွေကြေးဥစ္စာခနေ မည်မျှပင် ပေါကြွယ်ဝပါစေ ကျန်းမာရေးနှင့် မပြည့်စုံလျှင် လူ့ဘဝ၌ အသက်ရှည်ရှင်သန်နေရခြင်းမှာ အဓိပ္ပာယ်မဲ့နေသည်သို့ ခံစားကြရသည်။ ထို့ကြောင့် လူအများတို့မှာ ကျန်းမာစွာရှင်သန်နေထိုင်နိုင်ကြဖို့ ဂရုစိုက်ကြသည်။

ကျန်းမာရေးအတွက် မည်မျှပင် ဂရုစိုက်သည်ဆိုစေကာမူ လူအများမှာ သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ် ဖြစ်ကြသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတစ်ရပ်ရပ်ကြောင့်လည်း ကျန်းမာရေးကို ထိခိုက်စေတတ်ပြန်သည်။ ထိုအခါ ရောဂါဝေဒနာများ သက်သာပျောက်ကင်းဖို့အတွက် ဆေးဝါးကုသမှုခံယူကြရသည်။ သည်လိုပြသကုသခံယူနိုင်ဖို့မှာ ငွေကြေးတတ်နိုင်သူများအတွက် အပန်းမကြီးသော်လည်း ငွေကြေးမတတ်နိုင်သူများအဖို့မှာ ခံစားနေရသော ရောဂါဝေဒနာများကို ပွေ့ပိုက်ရင်း ကံစီမံရာကိုသာ စောင့်ဆိုင်းနေကြရရှာသည်။ သူတို့အတွက် အခမဲ့ပြသကုသမှုခံယူနိုင်သော နိုင်ငံပိုင်ဆေးရုံ ဆေးခန်းတွေမရှိမဟုတ်။ ရှိပင်ရှိငြားသော်လည်း ထိုနေရာများသို့ မရောက်နိုင်ရှာကြ။ မသွားနိုင်ရှာကြ။ ထိုသို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများတွင် လစ်ဟာမှုများရှိခဲ့ရသည်။ ထိုလစ်ဟာနေသော ကွက်လပ်များကို စေတနာရှင်များက ဖြည့်ဆည်းပေးလာကြသည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ဝင်ရောက်တိုက်ခတ်သွားသည့် နာဂစ်မုန်တိုင်းကြီးနောက်ပိုင်းတွင် ပြည်သူအခြေပြု အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများပေါ်ထွန်းလာခဲ့သည်။ ထိုအရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့များသည် ဘေးဒုက္ခရောက်နေကြသူများအား ကူညီထောက်ပံ့မှုများပေးရာ၌ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။ မြန်မာလူမျိုးများမှာ ကြင်နာသနားတတ်သော စိတ်အရင်းခံရှိနှင့်ပြီးသူများဖြစ်ကြသည်။ ထိုအခြေခံတရားများအား မိမိတို့ယုံကြည်ကိုးကွယ်သည့် ဘာသာတရားနှင့်ပေါင်းစည်းလိုက်သောအခါ ကြီးမားသော မေတ္တာ၊ ကရုဏာနှင့် စေတနာတရားများကို ဖြစ်ပေါ်လာစေသည်။ ထိုစေတနာတရားများကို အကြောင်းပြုကာ အခမဲ့စေတနာဆေးခန်းများပေါ်ထွန်းလာပြီး ပြည်သူများလိုအပ်နေသည့် ကျန်းမာရေးကူညီစောင့်ရှောက်မှုများကို ပေးလာကြသည်။ အမြို့မြို့အနယ်နယ်တွင် စေတနာဆေးခန်းတွေ ဖြစ်ထွန်းလာသည်ကို ကြားနေရ၊ သိနေရသည်။ ဝမ်းသာစရာများဖြစ်ပါ၏။ ထိုထိုသော စေတနာဆေးခန်းများအနက် လူအများအားကိုးအားထားပြုနေကြရသော စစ်တွေမြို့ရွှေကရုဏာစေတနာဆေးခန်းအကြောင်းကို တစေ့တစောင်း လေ့လာဖြစ်ခဲ့သည်။

စစ်တွေမြို့ ရွှေကရုဏာဆေးခန်းအား၂၀၁၀ခုနှစ် ဒီဇင်ဘာလ ၅ရက်တွင် စေတနာရှင်တစ်စုမှ ဦးဆောင်ပြီး စစ်တွေမြို့ပေါ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်းစုံမှ ရောဂါဝေဒနာခံစားနေရသော ရဟန်း၊ သာမဏေ၊သီလရှင်များနှင့် အများပြည်သူတို့၏ အထွေထွေရောဂါများကို အခမဲ့စမ်းသပ်ကုသပေးရန် ရည်ရွယ်ချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ကိုယ်ပိုင်အဆောက်အအုံမရှိသဖြင့် စစ်တွေမြို့ ရွှေစေတီကျောင်းတိုက်တွင် ဖွင့်လှစ်ကာ လူနာများအားစမ်းသပ်ကုသပေးခဲ့ရခြင်းဖြစ်သည်။ ဆေးခန်းစတင်ဖွင့်လှစ်စဉ်က စေတနာဆရာဝန်ငါးဦးဖြင့်သာ စမ်းသပ် ကုသမှုများကို ဆောင်ရွက်ခဲ့ကြရပြီး ဆေးခန်းကိုလည်း တစ်ပတ်လျှင်နှစ်ရက်မျှသာ ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရသည်။ သို့ရာတွင် ဆေးခန်းဖွင့်လှစ်ပြီး နှစ်နှစ်ပြည့်သည့်အခါ စေတနာ ဆရာဝန် ၂၆ ဦးထိ တိုးတက်များပြားလာပြီး ဆေးခန်းကိုလည်း တစ်ပတ်လျှင် ခြောက်ရက်ထိ တိုးမြှင့်ဖွင့်လှစ်ကာ လူနာများအား စမ်းသပ်ကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

စေတနာရှင်များကလည်း အကူသူနာပြုများအဖြစ် လာရောက် ကူညီသူများရှိကာ နေ့စဉ်လူနာ ၆၀နှင့်အထက်အား လက်ခံစမ်းသပ် ကုသပေးလျက်ရှိကြောင်းဖြင့်လည်း သိရသည်။အများအားဖြင့် အထွေထွေရောဂါများကိုသာ စမ်းသပ်ကုသပေးခြင်းဖြစ်သော်လည်း မျက်စိ အထူးစမ်းသပ်ကုသခြင်းများကိုလည်း စစ်တွေပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကု သမားတော်ကြီးများဖြစ်သော ဒေါက်တာမိုးကျော်နှင့် ဒေါက်တာဥမ္မာစန်းတို့က တစ်ပတ်လျှင် နှစ်ကြိမ်စမ်းသပ်ကုသပေးလျက်ရှိပြီး ခွဲစိတ်ကုသရန်လိုအပ်သော မျက်စိလူနာရှင်များအား ဆေးရုံတင်ကုသပေးကာ ကုန်ကျစရိတ်ကို ရွှေကရုဏာစေတနာဆေးခန်းမှ ကျခံပေးလျက်ရှိသည့်နည်းတူ အခြားအထွေထွေရောဂါကြောင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကိုလည်း ဆေးရုံတက်ရောက် ကုသနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်းသိရသည်။

ဆေးခန်းသို့လာရောက်ပြသည့် လူနာအများစုမှာ ဖျားနာရောဂါများဖြစ်ကြောင်းဖြင့်လည်း သိရသည်။ အချို့မှာ ဆီးချို၊ သွေးတိုးလူနာများဖြစ်ကြကြောင်းဖြင့်လည်း သိရသည်။ ရွှေကရုဏာစေတနာဆေးခန်း အကျိုးဆောင်အဖွဲ့၏ စီစဉ်မှုဖြင့် အထွေထွေရောဂါကု ဆရာဝန်များ၊ အထူးကု သမားတော်ကြီးများနှင့်အတူ နယ်မြေကျေးလက်ဒေသများသို့ ကွင်းဆင်းကုသပေးမှုများကိုလည်း ဆောင်ရွက်ပေးနေရာ ကွင်းဆင်းကုသမှု လေးကြိမ်ရှိခဲ့ပြီ ဖြစ်ကြောင်းလည်း သိရသည်။ လေ့လာဆန်းစစ်ချက်အရ ကျေးလက်နေ သက်ကြီးရွယ်အိုအများစုတို့မှာ သွေးတိုးရောဂါ ခံစားနေရသူအများစု ဖြစ်ကြောင်းဖြင့်လည်း သိရသည်။ သို့ရာတွင် ၎င်းတို့မှာ ကိုယ်တိုင်က သွေးတိုးရောဂါခံစားနေရမှန်းမသိကြကြောင်းဖြင့်လည်း သိရသည်။ ထို့အတူ ရခိုင်ပြည်နယ်တွင် မျက်စိအတွင်းတိမ် ရောဂါဝေဒနာရှင်များပြားနေကြောင်းလည်း လေ့လာမှုများအရ သိရှိရကြောင်းဖြင့်လည်း မျက်စိအထူးကုဆရာဝန် ဒေါက်တာမိုးကျော်ကပြောခဲ့သည်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူ ၁၀၀၀၀၀ တွင် မျက်စိဝေဒနာရှင် ၁၅၀ ခန့်သာတွေ့ရသော်လည်း ရခိုင်ပြည်နယ်တွင် ၁၅၀၀ ခန့်တွေ့နေရကြောင်းဖြင့်လည်းသိရသည်။ သို့ဖြစ်ရခြင်းမှာ ရခိုင်ပြည်သူများသည် နေရောင်ခြည်မှရသော ခရမ်းလွန်ရောင်ခြည်နှင့် ထိတွေ့၍ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သို့ ကွင်းဆင်းလာရောက်ကုသပေးခဲ့သည့် မျက်စိအထူးကု ဆရာဝန်တစ်ဦးက ပြောကြားခဲ့ဖူးသည်။ ခရမ်းလွန်ရောင်ခြည် ထိတွေ့မှုကို ကုန်းမြေပေါ်တွင် သွားလာလှုပ်ရှားနေကြသူများအနေဖြင့် အထိုက်အလျောက်ကာကွယ်ကာ ထိတွေ့မှုနည်းပါးနိုင်သော်လည်း ရေပြင်မှ ရောင်ပြန်ခတ်၍ ဖြစ်ပေါ်လာသည့် ရောင်ပြန်ဟပ် ခံစားရမှုကိုကား ကာကွယ်နိုင်မှု နည်းပါးကြောင်းဖြင့်လည်း သိရသည်။

ရွှေကရုဏာ စေတနာဆေးခန်းမှ နေ့စဉ်လူနာများကို စမ်းသပ်ကုသပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ လူနာပေါင်း ၂၃၈၉၃ ဦးအား စမ်းသပ်ကုသပေးခဲ့ပြီး ဖြစ်ကြောင်းလည်းသိရသည်။ မျက်စိအတွင်းတိမ်လူနာရှင် ၉၀ တို့အားလည်း ရွှေကရုဏာစေတနာဆေးခန်း၏ အစီအစဉ်ဖြင့်၊ စေတနာအလှူရှင်များ၏လှူဒါန်းငွေများဖြင့် ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်းဖြင့်လည်းသိရသည်။ ဆေးခန်းသို့ လာရောက်ပြသသည့် ဝေဒနာရှင်များအား ကုသပေးနိုင်ရန်အတွက် စေတနာရှင်များက လစဉ်လှူဒါန်းလျက်ရှိကြရာ တစ်လလျှင် ငွေ ၁၀၀၀ စီဖြင့် လစဉ်ကြေးအလှူရှင် ၁၅၈၀ ဦးရှိကြောင်းဖြင့်လည်း ဆိုသည်။ နေ့စဉ် ဆေးဝါးအတွက် လိုအပ်မှုမှာ ၃၀၀၀၀ခန့်ရှိနေရာ လစဉ် အလှူရှင်များသာမက၊ မွေးနေ့မင်္ဂလာ၊ မင်္ဂလာဆောင်စသည်များအတွက်လည်း အလှူငွေများ လာရောက် လှူဒါန်းခြင်းများကို လက်ခံရရှိနေကြောင်း ဝမ်းသာအားရဖွယ် သိရှိရသည်။

သည်လို ဆေးဝါးကုသမှုများပေးနိုင်မှုမှာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဖြစ်ထွန်းအောင်မြင်နေခြင်းတော့ မဟုတ်ပေ။ စေတနာရှင်တစ်စု၏ မေတ္တာ၊ စေတနာအစွမ်းဖြင့် ညီညီညာညာ ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဖြစ်သည်။ ဆိုရလျှင် မေတ္တာပက်ဖျန်း၊ တွဲလက်ညီညာ၍သာ ရွှေကရုဏာဆေးခန်း အောင်မြင်ဖြစ်ထွန်းနေခြင်းဖြစ်သည်။

ရွှေကရုဏာ စေတနာဆေးခန်း၏ ဆောင်ပုဒ်မှာ မေတ္တာ၊ စေတနာ စုရုံးရာ ရွှေကရုဏာဟူ၍ဖြစ်သည်။ မှန်ပါသည်။ ရွှေကရုဏာ စေတနာရှင်များ၏ မေတ္တာဖျန်းပက်သော စေတနာလက်များမှာ ညီညီညာညာဖြင့် လက်ချင်းဆက်နေသည်ဆိုခြင်းဂုဏ်ကိုလည်း မှတ်တမ်းပြု၍ ဂုဏ်ပြုစကားဆိုလိုက်ရပါသည်။

(၆ဂ)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား (IOM) အဖွဲ့မှ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မြန်မာနိုင်ငံဆိုင်ရာ IOM (ရန်ကုန်) ရုံးအကြီးအကဲ Ms. Mariko Tomiyamo နှင့် ထိုင်းနိုင်ငံဆိုင်ရာ IOM (ဗန်ကောက်) ရုံးအကြီးအကဲ Mr. Jeff Labovitz တို့သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးရေး၊ ၎င်းတို့၏ကလေးများ ပညာသင်ကြားရေးစသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ၊ ကာကွယ်စောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်သာ၍ ဧည့်များလာကြပါပြီ သို့သော်...

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

ယခင်က မလာခဲ့ဖူးသော နိုင်ငံခြား ဧည့်သည်များပင် နေ့စဉ်နှင့်အမျှ ပျားပန်းခပ်လာနေပြီဖြစ်သော မြန်မာနိုင်ငံ. . ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများပြောင်းလဲခါစ မြန်မာနိုင်ငံအပေါ်သို့ နိုင်ငံခြား တိုင်းပြည်တိုင်းက စိတ်ဝင်စားလာကြသည်။ တစ်ကမ္ဘာလုံးက ဝိုင်းကြည့်နေကြသည့် အချိန်၊ ထိုအချိန်တွင် မြန်မာနိုင်ငံ၌ နိုင်ငံခြားဧည့်သည်များကို တစ်ဦးနှင့်တစ်ဦး ခလုတ်တိုက်မိလောက်အောင်ပင် ဟိုကြည့်ကြည့်၊ သည်ကြည့်ကြည့် မလပ်အောင်ပင် တွေ့မြင်နေရသည်။

ယခင်ကလို ပုဂံ-ညောင်ဦး၊ အင်းလေးစသည့် အထင်ကရနေရာများသို့သာ သွားကြ၊ မှတ်တမ်းတင်ကြသည်တော့မဟုတ်ပါပေ။ ဌာနဆိုင်ရာများကလည်း နိုင်ငံခြားသား ခရီးသွားဧည့်သည်များသွားလာခွင့်ကို ယခင်ကထက်ပို၍ တိုးချဲ့ခွင့်ပြုထားပြီးလည်း ဖြစ်ပေသည်။

ဖေဖော်ဝါရီ ၁၁ရက် နံနက်က ဈေးကြီးတစ်ဈေးအတွင်း လမ်းဘေးဈေးသည်များဗန်းဖြင့် ရောင်းချနေမှုကို နိုင်ငံခြားသားတို့က ဤသို့မှတ်တမ်းတင်နေကြသည်။

နိုင်ငံခြားဧည့်သည်များကို ရန်ကုန်မြို့လယ်ကောင် ဆူးလေဘုရားရှေ့တွင် နေ့စဉ် ကားကြီး၊ ကားလတ်အသွယ်သွယ်ဖြင့် လေးငါးခြောက်စီးခန့်အမြဲလာရောက်သည်ကို တွေ့မြင်ရသည်။

ထိုမှ ပတ်ဝန်းကျင်သို့ လမ်းလျှောက်ကာ လူနေမှုဘဝအစုံစုံကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ လမ်းဘေးဈေးသည်တို့၏ ပုံရိပ်များ၊ ကားမှတ်တိုင်တွင် များပြားစွာကားစောင့်နေသည့် ခရီးသည်များ၊ ယာဉ်ပေါ်သို့ စုပြုံတိုးတက်နေသည့်ပုံများ၊ လိုင်းကားပေါ်တွင် ကျပ်တောင့်စွာရပ်နေပုံများကို အမိအရ ရိုက်ယူကြသည်။ ထို့အပြင် လမ်းများအတွင်းမှ တိုက်အိုတိုက်ဟောင်းများကိုလည်းမချန် ကင်မရာတဖျပ်ဖျပ်၊ မီးတလှပ်လှပ်ဖြင့် ပုံရိပ်များကို ထင်ဟပ်မှတ်ယူကြသည်။

အိမ်သာ၍ ဧည့်လာသည်ကိုတော့ ဝမ်းပန်းတသာကြိုဆိုပါသည်။ သို့သော်. . ။ သူတို့၏ အမြင်စိတ်သဏ္ဌာန်၌ စည်းကမ်းမဲ့ လမ်းဘေးဈေးသည်များရောင်းချနေမှု၊ မြို့တော်၏အင်္ဂါရပ်နှင့်မညီသော အဆောက်အအုံများ၊ မြို့တော်၏ ခရီးသွားကဏ္ဍအပေါ် အထင်သေး အမြင်သေးစွာဖြင့် ပုံကြီးချဲ့မှာကိုဖြင့် အလွန်မှပင် စိုးရိမ်မိပါသည်။

ထိန်းသိမ်းပေး

ဒါကိုပင် အထူးမေတ္တာရပ်ခံလိုသည်မှာ ၎င်းတို့နှင့်အတူပါလာသော ခရီးသွားလမ်းညွှန်များ အနေဖြင့် ထိုသို့သော အဓိပ္ပာယ်မျိုးများ မသက်ရောက်စေရန်ကိုတော့ဖြင့် ရှင်းပြမှုများဖြင့် နိုင်ငံ့ဂုဏ်ကို ထိန်းသိမ်းပေးရန်လည်း အထူးပင် လိုအပ်ပါကြောင်း တင်ပြ ရေးသားလိုက်ရပါသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၂-၂၀၁၃ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၃၀ SEA Games လှုံ့ဆော်ရေးဂီတ်လမ်းတို **ဘာလုပ်မှာလဲပြော**
အရိုင်း၊ရှော၊ကင်းကောင်၊ မိုးပြည့်ပြည့်မောင်၊ ယွန်းရွှေရည် (ဒါရိုက်တာ-ကျော်ဇောဟိန်း)

နေ့လယ်ပိုင်း

၁၂း၃၅ International News
၁၄း၀၀ **လူမှန်နေရာမှန်** (အပိုင်း-၁)
မင်းမော်ကွန်း၊ ဝက်မ၊ မိုးတိမ်၊ ရွှေသွေး၊ လန်ဒန်၊ ဒွဲဒိုး၊ ငွေတိုး၊ ဆည်းဆာ၊စူပါလင်း၊ ဆန်းဒေး၊ ထက်ထက်ဝင်း (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၄း၂၀ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

ညပိုင်း

၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄း၅၅ ဆိုလာစွမ်းအင်များ
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၇း၀၀ ပြည်တွင်းသတင်း
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ်နေ့ရက်များ** (ဒုတိယတွဲ) (အပိုင်း-၂၂)
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- လောကနီတိ
- မိုးလေဝသအခြေအနေ
- ပျော်ရွှင်စေသောနေ့ရက်များ **ကြောင်နှင့်ကြွက်** (အပိုင်း-၈)
မြင့်မြတ်၊ သက်မွန်မြင့် (ဒါရိုက်တာ-စိုးကျော်ဆန်း)
- တရုတ်ရုပ်ရှင် **တစ်ရာမြောက်သောမင်္ဂလာဝတ်စုံ** (အပိုင်း-၁)
၁၀း၀၀ ပြည်တွင်းသတင်း

လွှတ်တော်ရေးရာကဏ္ဍ

● ပြည်ထောင်စုလွှတ်တော်မှ

လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များအပေါ် ညီညီညွတ်ညွတ် ညှိနှိုင်းပြီး ခေတ်သစ်၊ စနစ်သစ်ကို ပြောင်းလဲ တည်ဆောက်ပေးကြရန် တင်ပြလိုပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉)မှ ဒေါက်တာမြဦးက ဆွေးနွေးရာတွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဖွံ့စည်းရန်အတွက် ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါး၊ ခုခံအားကျဆင်းရောဂါ၊ ယာဉ်တိုက်ခိုက်မှုအပါအဝင် ထိခိုက်ဒဏ်ရာရမှုများ၊ နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကင်ဆာရောဂါများ လျော့နည်းရေး၊ အစားအသောက်နှင့် ဆေးဝါး လုံခြုံစိတ်ချရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကပ်ရောဂါများနှင့် ရောဂါအသစ်အဆန်းများကို စောင့်ကြပ်ထောက်လှမ်းရေး၊ ဆောလျင်စွာရောဂါဖော်ထုတ်နိုင်ရေး၊ သဘာဝဘေးအန္တရာယ်များကို လျင်မြန်စွာတုံ့ပြန်နိုင်ရေး၊ စက်ရုံ၊ အလုပ်ရုံနှင့် ပတ်ဝန်းကျင် ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ပညာရှင်များ၊ ကျွမ်းကျင်သူများကို ပြည်သူ့ကျန်းမာရေး တက္ကသိုလ်က အဓိကမွေးထုတ်ရန် လိုအပ်ပါကြောင်း၊ ကျွမ်းကျင်သူများကိုမူ အခြားဆေးဝါးတက္ကသိုလ်၊ ဆေးဘက် နည်းပညာတက္ကသိုလ်များက လုံလောက်စွာမွေးထုတ်သွားရန် လို

သယ်ဇန်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်ရှင်းပြစဉ်။ (ဓာတ်ပုံ-ကျော်သူဝင်း)

အပ်မည်ဖြစ်ပါကြောင်း၊ ဆရာဝန်လိုအပ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွက် တစ်နှစ်လျှင် ဆရာဝန် ၁၅၀၀ မှ ၂၀၀၀ ခန့် မွေးထုတ်ပေးရန် လိုအပ်မည်ဟု တွက်ချက်ရရှိပါကြောင်း၊ အရည်အသွေးကောင်းမွန်သောဆရာဝန်များ မွေးထုတ်နိုင်ရေးနှင့် ကျောင်းသား၊ ဆရာ၊ လူနာ အချိုးကောင်းမွန်ရေးအတွက် ဆေးတက္ကသိုလ်တစ်ခုတွင် ဆေးကျောင်းသား ၂၀၀ မှ ၃၀၀ အထိသာ လက်ခံသင်ကြားသင့်ပါကြောင်း၊ ဆေးလက်တွေ့သင်ကြားရာတွင် ဆရာတစ်ယောက်လျှင် ကျောင်းသား ၁၀ ဦးမှ ၁၂ ဦးအထိသာ ရှိသင့်ပါကြောင်း၊ ဆရာဝန်များမွေးထုတ်ရာတွင် နိုင်ငံ၏ လိုအပ်ချက်ဦးရေနှင့် အရည်အသွေးကောင်းမွန်စေရန် နှစ်ခုစလုံးကို စဉ်းစားရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်ပတ်သက်၍ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက “ဒီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း ဥပဒေကြမ်းဆိုတာက ရှေ့ကချမှတ်ထားတဲ့ (၅)နှစ်စီမံကိန်းနဲ့ ဆက်စပ်နေပါတယ်။ အဓိက ကျွန်မပြောချင်တာက တိုင်းပြည်တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ တစ်ဖန် တိုင်းပြည်ဖွံ့ဖြိုးမှလည်း တည်ငြိမ်အေးချမ်းမှာဖြစ်ပါတယ်။ ဒီအတွက် ဖွံ့ဖြိုးမှုနည်းသေးတဲ့ပြည်နယ်တွေမှာဖွံ့ဖြိုးလာအောင် လုပ်ပေးဖို့ လိုပါတယ်။ ဒီလိုလုပ်ပေးမယ်ဆိုရင် ဘတ်ဂျက်ငွေဆိုတာ လိုပါတယ်။ ငွေမရှိဘဲ ဖွံ့ဖြိုးရေးလုပ်လို့မရပါဘူး။ မဖွံ့ဖြိုးသေးတဲ့ နယ်စပ်ဒေသတွေမှာ ဖွံ့ဖြိုးရေးတွေများများ လုပ်ပေးမှ အစိုးရအပေါ် ဒေသခံပြည်သူတွေရဲ့ယုံကြည်မှုပိုရမှာ ဖြစ်ပါတယ်။ ဒီအတွက် ဘတ်ဂျက်တစ်ခုထားပြီး လုပ်ဆောင်မယ်ဆိုရင် ပိုပြီးထိရောက်မယ်ထင်ပါတယ်”ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်အေးထွန်း ရှင်းပြစဉ်။ (ဓာတ်ပုံ-ကျော်သူဝင်း)

ထို့ပြင် သယ်ဇန်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်ကလည်း “ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာ ပြည်သူတွေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်ဖြစ်တဲ့အားလျော်စွာ လွှတ်တော်ထဲမှာ ပြည်သူတွေကိုယ်စား တင်ပြဆွေးနွေးကြတာပါ။ ၂၀၁၃-၂၀၁၄ အမျိုးသားစီမံကိန်း ဥပဒေကြမ်းအနေနဲ့ ပြောရမယ်ဆိုရင် အားလုံးသောကိုယ်စားလှယ်တွေကတော့ လမ်းတွေဖောက်ဖို့လိုတယ်။ ကျောင်းတွေဆောက်ဖို့ လိုပါတယ်။ ဆေးရုံတွေကပြည့်စုံမှုမရှိဘူး စသည်ဖြင့် တင်ပြကြတာများပါတယ်။ အဓိကဘာတွေလိုလဲဆိုတာထက် ရှေ့ဘာတွေဆက်လုပ်ရမယ်ဆိုတာပါပဲ။ ဥပမာအားဖြင့် အမေရိကန်မှာ စီးပွားရေးကျဆင်းတော့ အမေရိကန်သမ္မတ အိုဘားမားက ငွေလုံး ငွေရင်းတွေ စိုက်ထည့်လုပ်ကိုင်ဖို့ ဥပဒေတွေ ချမှတ်ဆောင်ရွက်တာမျိုး၊ တရုတ်နိုင်ငံမှာ စီးပွားရေးတိုးတက်အောင် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ခဲ့တာမျိုး၊ အဲဒီလိုပဲ ကျွန်တော်တို့ဆီမှာလည်း ဒီလိုစီမံကိန်းတွေ အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ စီမံကိန်းလုပ်ငန်းတွေ ချမှတ်ဆောင်ရွက်ရပါတယ်။ သက်ဆိုင်ရာကဏ္ဍတွေမှာ အားနည်းချက်၊ အားသာချက်တွေရှိနေမှာပဲ။ ဘာပဲဖြစ်ဖြစ် အားနည်းချက်တွေကိုပြုပြင်ပြီး အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်”ဟု အကြံပြုပြောပြခဲ့သည်။

အလားတူ “၂၀၁၃-၂၀၁၄ အမျိုးသားစီမံကိန်း ဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီး ပြောရရင် အဓိကအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွေမှာ ပိုပြီး ရင်းနှီးမြှုပ်နှံ လုပ်ကိုင်သင့်တယ်လို့ ယူဆပါတယ်။ ဒီကဏ္ဍ(၃)ခုက ယနေ့နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ဆင်းရဲမှုလျှော့ချရေးဆိုတဲ့ လုပ်ငန်းစဉ်နဲ့လည်း ကိုက်ညီပါတယ်။ ပညာတတ်တွေတိုးလာဖို့၊ ကျန်းမာရေးအတွက် ဆေးရုံ၊ ဆေးခန်းတွေ၊ ဆရာဝန်၊ ဆေးဝါး စသည်ဖြင့် ပြည့်စုံဖို့ လိုပါတယ်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာဆိုရင်လည်း ဒီအတိုင်းပါပဲ။ လမ်းပန်းဆက်သွယ်ရေး မကောင်းဘဲနဲ့ ဘယ်နည်းနဲ့မှ တိုးတက်ဖွံ့ဖြိုးနိုင်မှာ မဟုတ်ပါဘူး။ အထူးသဖြင့် နယ်စပ်ဒေသလိုနေရာတွေမှာ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းဖို့လိုပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာပါမှ အခြားသောစီးပွားရေးလုပ်ငန်းတွေလည်း တိုးတက်လာမှာ ဖြစ်ပါတယ်”ဟု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်းက ပြောပြခဲ့သည်။

အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အထွေထွေဘဏ်လုပ်ငန်းသင်တန်းဆင်းပွဲ ကျင်းပ

ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန် အထွေထွေ ဘဏ်လုပ်ငန်းသင်တန်း အမှတ်စဉ်(၂၁)(ရန်ကုန်) သင် တန်း ဆင်း ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အထွေထွေ ဘဏ်လုပ်ငန်း သင်တန်း အမှတ်စဉ် (၂၁) (ရန်ကုန်) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဘဏ်များကြီးကြပ်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်များ၊ သင်တန်းပို့ချသည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယခုသင်တန်းသည် ဘဏ်လုပ်ငန်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်နေကြသည့်သူများ၏လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားလာစေရန်၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ရန်၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ အဓိကကျသည့် ငွေရေးကြေးရေးကဏ္ဍတွင် အထောက်အကူပေးနိုင်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့သည့် သင်တန်းဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ယခုကဲ့သို့ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးနေခြင်း ဖြစ်ကြောင်း၊ သင်တန်းသားများကလည်း နိုင်ငံတကာ ဘဏ်လုပ်ငန်းဆောင်ရွက်မှုများနှင့် တိုးတက်ပြောင်းလဲမှုများကို ဆက်လက်ပြီး လေ့လာဆည်းပူးသွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းတွင် နိုင်ငံတော်ပိုင်နှင့်ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား သင်တန်းသူ ၆၄ ဦးသည် ရက်သတ္တ ၁၂ ပတ်ကြာ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများ စသည်တို့ကို လေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဂျပန်နိုင်ငံ Nishimura & Asahi Law Firm မှ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဂျပန်နိုင်ငံ Nishimura & Asahi Law Firm မှ Mr. Go Hashimoto ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်က ဦးစွာနှုတ်ခွန်းဆက်စကားပြောကြားပြီး Mr. Go Hashimoto က မြန်မာနိုင်ငံ၏ရှေ့နေများအတွက် Corporate Law နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌သင်တန်းများ ကျင်းပပေးလိုပါကြောင်း ပြောကြားရာ ပြည်ထောင်စုရှေ့နေချုပ်က မိမိတို့အသေးစိတ်ဆွေးနွေးမည်ဖြစ်ကြောင်း၊ ရှေ့နေများ၏ Business Law ပညာတိုးတက်ရေးကိုလည်း စဉ်းစားဆောင်ရွက်ရန် အစီအစဉ်များရှိပါကြောင်းဖြင့် ပြောကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအား ထိုင်းအောက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ထိုင်းနိုင်ငံ အောက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Sunai Chulpon gsatom ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အဆောင်အမှတ်(၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပါလီမန်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ရန်နှင့် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံခြားရေးနှင့် စီးပွားရေးမူဝါဒဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ဝဲပုံ)**

တက်ရောက်

တွေ့ဆုံရာသို့ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်နှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ ဆရာဝန်၊ ဆရာမများအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

တစ်အုပ်တစ်မအဆင့်ထိလုပ်ဆောင်သွားရန်တို့ကိုလည်း ထည့်သွင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကလေးတက္ကသိုလ်သို့ ရောက်ရှိရာ တာဝန်ခံပါမောက္ခချုပ် ဦးမြင့်ဆွေနှင့် ပါမောက္ခ/ဆရာ ဆရာမများက ကြိုဆိုကြသည်။ ထို့နောက် ကဘောဲခန်းမ၌ တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တာဝန်ခံပါမောက္ခချုပ် ဦးမြင့်ဆွေက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဲအေးက ပညာရည်မြင့်မားရေးလုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ပညာရေးသည် တိုင်းပြည်တည်ဆောက်ရာတွင် အလွန်အရေးကြီးပါကြောင်း၊ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်အတွက် အကျိုးအရှိဆုံး ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ပညာရေးနှင့်ကျန်းမာရေး ဘတ်ဂျက် အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလျက် ရှိပါကြောင်း၊ နိုင်ငံ၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နေပါကြောင်း၊ ယခင်က ပညာရေးကဏ္ဍ နိမ့်ကျနေရခြင်းမှာ ဘတ်ဂျက် အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲနိုင်မှုမရှိခြင်း၊ ပိတ်ဆို့မှုများကြောင့် ပြည်ပနိုင်ငံများသို့ ပညာသင်များ စေလွှတ်နိုင်မှုမရှိခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ယခင်က ပြည်ပရှိ တက္ကသိုလ်ကြီးများတွင် ပညာဆည်းပူးခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများမှာလည်း အသက်အရွယ်ကြီးရင့်ကြပြီဖြစ်၍ ပညာရေးမှာ ခါးဆက်ပြတ်သလို ဖြစ်ခဲ့ရပါကြောင်း။

ပညာရည်မြင့်မားရေးအတွက် လုပ်ဆောင်ရာတွင် မိမိနိုင်ငံတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရပါကြောင်း၊ အခြားနိုင်ငံများရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ယင်း တက္ကသိုလ်များ၏ သင်ကြားလေ့ကျင့်ပေးမှုများကို နမူနာယူကာ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်မှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံမှ တက္ကသိုလ်များသည် ဂျွန်ဟော့ကင်းတက္ကသိုလ် အပါအဝင် ကိုရီးယား၊ ဂျပန်စသည့် နိုင်ငံများမှ တက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးမှာ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးပင် ဖြစ်ပါကြောင်း၊ ထို့အတူ မိမိတို့အစိုးရအဖွဲ့၏ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို အခါအခွင့်ကြုံကြိုက်၍ ရှင်းလင်းပြောကြားလိုပါကြောင်း။

အစိုးရအဖွဲ့၏ ရည်မှန်းချက်မှာ ပြည်သူတို့၏ ဆန္ဒကို အကောင်အထည်ဖော်ဖြည့်ဆည်းပေးရန်ပင်ဖြစ်ပါကြောင်း၊ သန်း(၆၀)သော ပြည်သူတို့၏ တူညီသောဆန္ဒဖြစ်သည့် နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းမှုရှိရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုတို့ကို စနစ်တကျဖော်ဆောင်နေပါကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံရေးအဖွဲ့အစည်းများ အပါအဝင် ပြည်သူများအားလုံး ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပြီး အကျဉ်းကျခံရသူများလည်း ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အကျဉ်းသားသုံးသောင်းကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ရာ ခြောက်ကြိမ်အထိရှိပြီဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိလာရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများစာရင်းဝင်အဖြစ်မှ ကျော်လွန်လွတ်မြောက်အောင် ဆောင်ရွက်နေပါကြောင်း၊ မိမိတို့နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် သဘာဝအရင်းအမြစ် အခြေခံကောင်းများ ရှိပြီးဖြစ်သော်လည်း အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ နည်းပါးနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်နေပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ ရုပ်သိမ်းလာစေရန်အတွက်လည်း နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အရှေ့အနောက် မခွဲခြားဘဲ နိုင်ငံအားလုံးနှင့် သင့်တင့်အောင် ဆက်သွယ်ဆက်ဆံခဲ့သည့်အတွက် ယခုအခါ မိတ်ဆွေနိုင်ငံများ ပေါ်များလာပြီး စီးပွားရေးပိတ်ဆို့မှုများကိုလည်း အထိုက်အလျောက် ဖြေလျှော့ပေးမှုများ ရရှိလာပြီဖြစ်ပါကြောင်း၊ ထို့အတူ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ တင်ပို့ခွင့်ရရှိလာပြီး ပို့ကုန်ဆိုင်ရာအထူးခံစားခွင့် (GSP) လည်း မကြာမီရရှိလာတော့မည်ဖြစ်ပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးမှုအစပျိုးလာရန်အတွက် လုပ်ဆောင်ရာတွင် အချိန်ယူ၍ ဆောင်ရွက်ရပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပထမဦးစွာ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိနိုင်မည့် စက်ရုံ၊ အလုပ်ရုံများ အားမြို့ကြီးများသာမကနယ်မြို့များတွင်ပါ တည်ထောင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာပြီး ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြသူများလည်း မိမိနိုင်ငံသို့ ပြန်လည်လာရောက်လုပ်ကိုင်နိုင်မည် ဖြစ်ပါကြောင်း၊ ဒုတိယဦးစားပေးအနေဖြင့် ထွက်ကုန်များကို တန်ဖိုးမြှင့် (Value Added) လုပ်နိုင်မည့် အသေးစားနှင့် အလတ်စားစက်ရုံ (SME) များ ထူထောင်ရန်ဖြစ်ပါကြောင်း၊ တတိယအနေဖြင့် မိမိနိုင်ငံမှထွက်ရှိသည့် သတ္တုသယံဇာတများကို အသုံးပြု၍ အကြီးစားစက်မှုလုပ်ငန်းကြီးများ ထူထောင်နိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စတုတ္ထအဆင့်တွင် သတင်းအချက်အလက်နည်းပညာဆိုင်ရာလုပ်ငန်းများဖွံ့ဖြိုးလာအောင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်လုပ်သားများ လိုအပ်လျက်ရှိရာ အဆိုပါ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်မည့် သင်တန်းကျောင်းများလည်း ထူထောင်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်များတွင် ကျွမ်းကျင်ပညာရှင်များ၊ လူ့စွမ်းအား အရင်းအမြစ်များလည်းများစွာ လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုလူသားအရင်းအမြစ်များကို ဆရာ ဆရာမများကသာ လေ့ကျင့်သင်ကြားမွေးထုတ်ပေးရမည် ဖြစ်ပါကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်များ ကြွယ်ဝလာစေရေးအတွက် အခြေခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံ

နွေရာသီဓာတ်အားလုံလောက်စွာရရှိရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၃ ခုနှစ် မတ်လ၊ဧပြီလနှင့် မေလတို့တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် မဂ္ဂါဝပ်ပေါင်း ၂၀၆၀ ခန့်အထိရှိ လာမည်ဖြစ်သော်လည်း ၂၀၁၂ခုနှစ်နွေရာသီကကြုံတွေ့ခဲ့ရသည့် လျှပ်စစ်ဓာတ်အားလျှော့နည်းမှု အကျပ်အတည်းမျိုး ထပ်မံမပေါ်ပေါက်စေရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နေမှုများအနက် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၇၉၀ မဂ္ဂါဝပ်နှင့် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၈၀ မဂ္ဂါဝပ်တို့၏ ရေလှောင်တမံများတွင် သိုလှောင်ထားသောရေထုတ်ယူသုံးစွဲမှုအား မိုးမကျမီကာလများအထိ ပုံမှန်ဓာတ်အားထုတ်လုပ်ပေးနိုင်ရေးကို ဦးတည်ပြီး ထုတ်လုပ်မှုအနည်းငယ် လျှော့ချ၍ ချိန်ညှိခဲ့ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုလက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား နေ့စဉ် ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရန် ကန့်သတ်ထားခဲ့သော်လည်း လုံလောက်မှုမရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လူနေရပ်ကွက်များကို ဓာတ်အားဖြတ်တောက်ခဲ့ရရာတွင် ဓာတ်အားပမာဏမှာ ၁၅၀ မဂ္ဂါဝပ်အထိ ရှိခဲ့ကြောင်း သိရသည်။

သို့သော် ရွာမဓာတ်အားပေးစက်ရုံ၏ အမှတ် (၂) ဓာတ်ငွေ့တာဘိုင်ဓာတ်အားပေးစက်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် လည်းကောင်း၊ လှော်ကားဓာတ်အားပေးစက်ရုံ၏ အမှတ်(၃) ဓာတ်ငွေ့ဓာတ်အားပေးစက်ကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင်လည်းကောင်း ပြန်လည်မောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးခဲ့ခြင်း၊ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှစက်များကို ပိုမိုလည်ပတ်ပေးထားခြင်း၊ သောက်ရေခပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသစ်မှ ဓာတ်အားထုတ်လုပ်မှုကို ဖေဖော်ဝါရီ ၈ရက်တွင် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြတ်တောက်မှုမှာ ၅၀ မဂ္ဂါဝပ်အထိ ကျဆင်းသွားခဲ့ပြီး ဓာတ်အားဖြတ်တောက်ချိန်မှာလည်း နံနက် ၅နာရီမှ ၇ နာရီအကြားသာ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ခုနှစ် နွေရာသီဓာတ်အားလုံလောက်စွာ ရရှိရေးအတွက် ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ မူလ ၂၀၀ မဂ္ဂါဝပ်သာ ဝယ်ယူရာမှ ၃၀၀မဂ္ဂါဝပ်သို့ တိုးမြှင့်ဝယ်ယူထားခြင်း၊ ၅၀မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်ဓာတ်အားပေးစက်များကို လှော်ကားစက်ရုံနှင့် ရွာမစက်ရုံတို့တွင် တပ်ဆင်လျက်ရှိခြင်း၊ ၂×၄၁ မဂ္ဂါဝပ် ဓာတ်ငွေ့တာဘိုင် ဓာတ်အားပေးစက်နှင့် ၃၈မဂ္ဂါဝပ် ရေနွေးငွေ့တာဘိုင်စက်များအား အလုံစက်ရုံတွင် တည်ဆောက်နေခြင်းစသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သဘာဝဓာတ်ငွေ့ဖြင့် လည်ပတ်သော ရွှေတောင်ဓာတ်အားပေးစက်ရုံမှ စက်တစ်လုံး၊ ကျွန်းချောင်းဓာတ်အားပေးစက်ရုံမှ စက်နှစ်လုံး၊ မြန်အောင်ဓာတ်အားပေးစက်ရုံမှ စက်တစ်လုံးတို့ကို တိုးချဲ့မောင်းနှင်ထုတ်လုပ်ရန်၊ စက်မှုဇုန်စက်ရုံများအား ၂၀၁၂ခုနှစ် နွေရာသီကာလကကဲ့သို့ အုပ်စုနှစ်ခုခွဲ၍ နေ့စဉ် တစ်အုပ်စုလျှင် ငါးနာရီနှုန်း အလှည့်ကျစနစ် ဓာတ်အားပေးခြင်းဖြင့် ပြည်သူလူထုအား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဝေပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း လျှပ်စစ်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ထိုင်းနိုင်ငံ ကမ်ဖယ်ဖစ်ခရိုင်ရှိ ထိုင်းလူမျိုးဇနီးမောင်နှံ၏ အိမ်တွင် ခိုင်းစေထားသော အသက်(၁၂)နှစ်အရွယ် ကရင်တိုင်းရင်းသားအမျိုးသမီးငယ်လေး တစ်ဦးအား အိမ်ရှင်ဇနီးမောင်နှံသည် လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း၊ အိမ်ရှင်အလိုကျ မဖြစ်ခဲ့လျှင် ခွေးလှောင်အိမ်တွင်လှောင်ထားပြီး ရေနွေးပူနှင့် လောင်းခြင်း၊ နားရွက်ဖြတ်ခြင်းစသော ပြစ်ဒဏ်များပေးလေ့ရှိကြောင်း ထိုင်းသတင်းစာများနှင့် ဒီမိုကရက်တစ်မြန်မာ့အသံတို့တွင် ဖော်ပြပါရှိခဲ့သည်။

အဆိုပါ ကရင်တိုင်းရင်းသူလေး၏ အမည်မှာ မအဲဖြစ်ပြီး မိဘများမှာ လှိုင်းဘွဲ့၊ ကြက်တူရွေးရွာမှ ဦးတင်အောင်နှင့် ဒေါ်မူးအွာသိန်းတို့ဖြစ်ကာ ထိုင်းနိုင်ငံတွင် မွေးဖွား၍ မြန်မာစကားနားမလည်သူတစ်ဦးဖြစ်သည်။ ယခုအခါ မိဘများနှင့်အတူ ထိုင်းနိုင်ငံ ကမ်ဖယ်ဖစ်ခရိုင်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးဂေဟာတွင် နေထိုင်လျက်ရှိသည်။

မြန်မာအစိုးရအနေဖြင့် အဆိုပါသတင်းအား သိရှိချိန်တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ထွန်းနှင့်အဖွဲ့အား တာဝန်ပေး

ထိုင်းလူမျ
ကရင်တိုင်းရင်းသား
ဖြစ်မှုကျူးလွန်သူ

အပ်၍ ယနေ့တွင် ကမ်ဖယ်ဖစ်ခရိုင်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ဖြစ်ပွားခဲ့မှုဖြစ်စဉ်ကို မေးမြန်းခဲ့ပြီး ဂေဟာတာဝန်ခံနှင့် တွေ့ဆုံ၍ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုအခြေအနေများ မေးမြန်းဆွေးနွေးခဲ့ကြောင်း၊ အဆိုပါဒေသရှိ ရဲစခန်းသို့ သွားရောက်၍ ရဲအုပ်ကြီး ဝမ်ချိုင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ထိုင်းအလုပ်ရှင် လင်မယားမှာ ဝန်ခံခြင်းမရှိသေးသောကြောင့် လွှတ်ပေးထားရကြောင်း၊ သို့သော် အမှုကို ပြန်လည်တည်ဆောက်နေကြောင်း၊ ဖြားယောင်းမှု၊ မတရားညှဉ်းပန်းနှိပ်စက်မှု၊ ကျွန်ပြုမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ အသက် (၁၅)နှစ်အောက်ကလေးအား လူကုန်ကူးမှု၊တရားမဝင်အလုပ်သမားလက်ခံမှု၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုစသည်ဖြင့် ပြစ်မှု (၇)မှုဖြင့် စွဲချက်တင်ရန် စီစဉ်လျက်ရှိပါကြောင်း သိရှိရသည်။

...တ ဦးသိန်းစိန် ဒေသခံတပ်နယ် အောင်ဇေယျရိပ်သာ ဧည့်ခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံစဉ်။ (သတင်းစဉ်)

...ထာင်ရန်ဖြစ်ပါ
...နေဖြင့် မိမိနိုင်ငံ
...တ္တုသယံဇာတ
...အကြီးစားစက်မှု
...ထာင်နိုင်အောင်
...ဖြစ်ပါကြောင်း၊
...သတင်းအချက်
...ဆိုင်ရာလုပ်ငန်း
...်ဆောင်ရွက်ရ
...ငန်းသို့လုပ်ငန်း
...နိုင်ရန်အတွက်
...း လိုအပ်လျက်
...းကျင်လုပ်သား
...မည့် သင်တန်း
... ထူထောင်ပေး
...ဖြစ်ပါကြောင်း၊
... ကျွမ်းကျင်
...်းအား အရင်း
...းစွာ လိုအပ်
... ထိုလူသား
... ဆရာ ဆရာမ
...ကျင့်သင်ကြား
...ဖြစ်ပါကြောင်း၊
... ရင်းအမြစ်များ
...အတွက် အခြေခံ

ရမည်မှာ ပညာရေးကဏ္ဍသာဖြစ်၍ ပညာရေးကဏ္ဍကို မြှင့်တင်ပေးရသူများမှာလည်း ဆရာ ဆရာမများပင် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နေ့စဉ် ပြောင်းလဲတိုးတက်နေသည့်ပညာရပ်များကို အစဉ်အမြဲလေ့လာသင်ယူနေရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအရည်အချင်း ပြည့်ဝနေမှသာ မိမိတို့သင်ကြားပေးမည့် ကျောင်းသား ကျောင်းသူများသည် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပေါ်ထွန်းလာမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် ပညာရပ်များကို အခြေခံတတ်မြောက်ပြီးဖြစ်သဖြင့် စဉ်ဆက်မပြတ် လေ့လာနေရန်သာ လိုအပ်ပါကြောင်း၊ တပည့်များကို ပညာသင်ကြားပေးရာတွင်လည်း ဘွဲ့တစ်ခုရရှိရန်ထက် အမှန်တကယ် ကျွမ်းကျင် တတ်မြောက်သူများ ဖြစ်လာရန် လေ့ကျင့်သင်ကြားပေးရန်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် အတွက် အင်္ဂလိပ်ဘာသာကျွမ်းကျင်စွာ တတ်မြောက်ရန်ကိုလည်း သင်ကြားပေးရန် လိုအပ်ပါကြောင်း။

ထို့အပြင် ကျောင်းသား ကျောင်းသူများအား ပညာတတ်မြောက်ရုံမျှသာမက ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ စည်းကမ်းလိုက်နာသူများ၊ မျိုးချစ်စိတ်ဓာတ်အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အစဉ် ကိန်းအောင်းနေသူများဖြစ်လာစေရန်လည်း သွန်သင်ညွှန်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြားအားသာချက်တစ်ခုမှာ နိုင်ငံ၏ ပထဝီအနေထားပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားဖြစ်နေပြီး ပတ်ဝန်းကျင်တွင် ကြီးမားသည့် ဈေးကွက်များလည်း ရှိနေပါကြောင်း၊ အဓိကလိုအပ်နေသည်မှာ လူ့စွမ်းအားအရင်းအမြစ်သာဖြစ်၍ အဆိုပါအရင်းအမြစ်များ ဖွံ့ဖြိုးလာရန် အတွက်အချက်အချာကျသည့်ဒေသအလိုက်တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များကို ဖွင့်လှစ်ပေးထားပြီး ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများက တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် တာဝန်ကျေအောင် သင်ကြားပေးကြရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည်တက္ကသိုလ်တွင် ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အမှန်တကယ်ပညာ တတ်မြောက်သူများ၊ နိုင်ငံ့သားကောင်းများ ဖြစ်အောင် ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားခဲ့သည်။

အဆိုပါ ကလေးတက္ကသိုလ်တွင် ယခုပညာသင်နှစ်၌ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ နေ့သင်တန်း ကျောင်းသား၊ ကျောင်းသူ ၄၆၉၇ ဦးနှင့် အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၃၄၀၉ ဦး စုစုပေါင်း ၈၁၀၆ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကလေးခရိုင်အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်သန်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ကလေးကုသဆောင်နှင့် လူနာဆောင်တို့တွင် တက်ရောက်ကုသနေသူများအား လှည့်လည်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်သမ္မတသည် ဆရာဝန်၊ ဆရာမများအားတွေ့ဆုံရာ၌ ဆေးရုံတွင် လူနာများတက်ရောက်ကုသမှုအခြေအနေနှင့် ဒေသတွင်း၌ အဖြစ်များသော ရောဂါများအတွက် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးမေးမြန်းပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ပြည်သူများ ကျန်းမာရေးအသိရှိရေး၊ ရောဂါကြိုတင်ကာကွယ်နည်းများကို သိရှိရေးနှင့် ဆေးဝါးကုသပေးရေးတို့ကို ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးရုံ တက်ရောက်နေသူများကိုသာ ကုသပေးရန် မဟုတ်ဘဲ ဒေသခံပြည်သူများအားလုံး ကျန်းမာရေးအသိ ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာဆောင်ရွက်သွားရန် မြို့၊ ရွာ၊ ရပ်ကွက်များအတွင်းသို့ ကွင်းဆင်း၍ ပညာပေးဟောပြော ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူများကျန်းမာရေးအသိပညာများ တိုးပွားလာခြင်းအားဖြင့် ဒေသတစ်ခုမှသည် တစ်နိုင်ငံလုံးကျန်းမာရေး အဆင့်မြင့်မားလာမှာဖြစ်ကြောင်း၊ ကျန်းမာရေးအသိပညာရှိမှ ပြည်သူများ၏ သက်တမ်းများမှာလည်း ပိုရှည်လာမည်ဖြစ်ကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာရေးအတွက် ဆရာဝန်၊ ဆရာမများအနေဖြင့် အဓိက ပါဝင်ဆောင်ရွက်သွားရန် လိုကြောင်း စသည်ဖြင့် အသေးစိတ်မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ ထိုင်းနိုင်ငံ Princess Srinagarindra Award ဆုရ ဒေါ်အီလင်းဘာဘရိုအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ထိုင်းနိုင်ငံ Princess Srinagarindra Award Foundation မှ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီသို့ မြန်မာနိုင်ငံသူနာပြု သားဖွားများမှ သင့်လျော်သော သူနာပြု၊ သားဖွားများကို Princess Srinagarindra Award ဆုကို လျှောက်ထားနိုင်ကြောင်း ၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ပေးပို့ခဲ့ကြောင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီအနေဖြင့် သူနာပြု၊ သားဖွားလုပ်ငန်းများကို အစဉ်တစိုက် ကြိုးစားဆောင်ရွက်ခဲ့သူ၊ အချိန်ကာလကြာမြင့်စွာ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သူ၊ ကလေးဆေးရုံကြီးတွင် ကလေးပြုစုမှု သူနာပြုပညာဘာသာရပ်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူ ဒေါ်အီလင်းဘာဘရို သူနာပြုအုပ် (ငြိမ်း)အား မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌက အဆိုပြုရွေးချယ်၍ထိုင်းနိုင်ငံ Princess Srinagarindra Award Foundation သို့ ၃-၅-၂၀၁၂ ရက်တွင် တင်ပြလျှောက်ထား ပေးပို့ခဲ့ကြောင်း၊ ထပ်ဆင့်မေးခွန်းများကိုလည်း ၂၀၁၂ ခုနှစ် ဩဂုတ်လနောက်ဆုံးပတ်၌ မေးမြန်းလာပါ၍ ထပ်မံစိစစ်ဖြေကြားပြီး ၃၁-၈-၂၀၁၂ရက် နောက်ဆုံးထားပေးပို့ခဲ့ကြောင်း၊ ယင်းဆုကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံပေါင်း (၂၇) နိုင်ငံ လျှောက်ထားခဲ့ရာ မြန်မာနိုင်ငံမှ ဒေါ်အီလင်းဘာဘရိုက ရရှိကြောင်းသိရှိရသည့်အတွက် မြန်မာနိုင်ငံအတွက်ရော ကျန်းမာရေးဝန်ကြီးဌာနနှင့် သူနာပြု၊သားဖွားဆရာမများအတွက်ပါ အထူးဂုဏ်ယူဝမ်းသာစရာဖြစ်ကြောင်း။

ယခုဆုရရှိမှုအတွက် ဂုဏ်ပြုချီးမြှင့်ပေးခြင်းအားဖြင့်လည်း လက်ရှိကျန်းမာရေး ဝန်ကြီးဌာနတွင် တာဝန် ထမ်းဆောင်နေကြသည့် မျိုးဆက်သစ်သူနာပြု၊သားဖွားများ စံနမူနာအဖြစ် အတုယူနိုင်ရန်၊ ထူးချွန်ထက်မြက်သော သူနာပြု၊

သားဖွားများ ပေါ်ထွန်းလာစေရန်၊ သူနာပြု၊ သားဖွားများ၏အရည်အသွေး ပြည့်ဝပြီး အဆင့်အတန်းမီစွာဖြင့် ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လုပ်ကိုင်ရန်၊ သူနာပြုပညာရပ်ဖြင့် ထူးခြားပြောင်မြောက်သော စွမ်းဆောင်မှုအတွက် ပြည်တွင်း၌သာမက ပြည်ပမှလည်း ထိုက်တန်သောဆု ချီးမြှင့်ခံရနိုင်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ ထိုင်းနိုင်ငံ Princess Srinagarindra Award ဆုရ ဒေါ်အီလင်းဘာဘရိုအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ထို့ပြင် သူနာပြုနှင့် သားဖွားများသည် မကြာမီနှစ်များအတွင်း ဒေသဆိုင်ရာနိုင်ငံများ၏ သတ်မှတ်ချက် အရည်အချင်းနှင့်အညီ အရည်အသွေးအဆင့်အတန်းသတ်မှတ်ခံရပြီး ဒေသဆိုင်ရာသူနာပြု/ သားဖွားလိုင်စင် ရယူကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီအနေဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်လျက် ပညာရပ်မျက်ခြည်မပြတ်စေရန် အစဉ်ဆောင်ရွက်နေရန် လိုအပ်ကြောင်း၊ ခေတ်ကာလအခြေအနေပြောင်းလဲတိုးတက်လာပြီဖြစ်၍ တစ်ဦးချင်း၏ ဆောင်ရွက်မှု၊ အားနည်းမှု၊ အားသာမှုသည် မိမိတို့၏ Professional လုပ်ငန်းနှင့် အဖွဲ့အစည်းများအား သက်ရောက်မှုရှိကြောင်းကို သတိပြုစေလိုကြောင်း၊ ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်ကို ထိန်းသိမ်းပေးကြရန် လိုအပ်ကြောင်းဖြင့်လည်း ထပ်လောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံမှချီးမြှင့်သည့် Princess Srinagarindra Award 2012 ဆုရှင် ဒေါ်အီလင်းဘာဘရိုအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** ဒေါ်အီလင်းဘာဘရို၏ သူနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းပြခန်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၌ ဆေးပညာသင်ကြားရေး ဒီပလိုမာ (၂/၂၀၁၃) သင်တန်းပို့ချနေမှု၊ ဘွဲ့လွန်သင်တန်းသားများ၏ အုပ်စုအလိုက် ဆွေးနွေးနေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းလူမျိုးဇနီးမောင်နှံ၏အိမ်တွင်ခိုင်းစေထားသော ...တိုင်းရင်းသား အမျိုးသမီးငယ်လေး လူမဆန်စွာညှဉ်းပန်းနှိပ်စက်ခံရ ...ကျူးလွန်သူများကိုပြင်းပြင်းထန်ထန်အရေးယူပေးရန်တောင်းဆို

...မ်ဖယ်ဖစ်ခရိုင်
...တင့်ရှောက်ရေး
...ရာက်ကြည့်ရှုခဲ့
...းခဲ့မှုဖြစ်စဉ်ကို
...ာတာဝန်ခံနှင့်
...းစောင့်ရှောက်
...များ မေးမြန်း
...အဆိုပါဒေသရှိ
...က်၍ ရဲအုပ်ကြီး
...ဆုံမေးမြန်းခဲ့ရာ
...မယားမှာ ဝန်ခံ
...ကြောင့် လွှတ်ပေး
...သော် အမှုကို
...က်နေကြောင်း၊
...ားညှဉ်းပန်းနှိပ်
...အမှုလုပ်အား
...၅)နှစ်အောက်
...ကူးမှုတရားမဝင်
...၊ အလုပ်သမား
...ဖောက်မှုစသည်
... စွဲချက်တင်ရန်
...င်း သိရှိရသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့က ကာယကံရှင်များအား စစ်မေးမည့် တရားခွင်တွင် မိမိတို့အစိုးရဘက်မှ ကိုယ်စားလှယ်များ စေလွှတ်မည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီအရေးယူအပြစ်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့ မြန်မာအစိုးရအနေဖြင့် ပြစ်မှုကျူးလွန်သူများကို ပြင်းပြင်းထန်ထန်အရေးယူပေးရန် တောင်းဆိုပါကြောင်း၊ အခါအားလျော်စွာ ကိုယ်စားလှယ်အဖွဲ့များ လာရောက်၍ အခြေအနေကို မျက်ခြည်မပြတ်ကြည့်ရှုဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

တစ်ချိန်တည်းမှာပင် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ သံအမတ်ကြီးက မြန်မာအစိုးရကိုယ်စား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အဆိုပါ ပြစ်မှုကျူးလွန်သူများအား ပြင်းပြင်းထန်ထန် အရေးယူပေးရန် တောင်းဆိုစာပေးပို့ခဲ့ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံ အစိုးရအနေဖြင့်လည်း ကရင်တိုင်းရင်းသူလေးအား ပလတ်စတစ်ဆာဂျရီအပါအဝင် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးမည့်အပြင် ပုံမှန်ပြန်ဖြစ်သည်အထိ ကုန်ကျစရိတ်များအား ကျခံပေးသွားမည်ဖြစ်ကြောင်း၊ ဆေးကုသမှုပြီးဆုံးပါက ထိုင်းနိုင်ငံတွင် တရားဝင်အခမဲ့ပညာသင်ကြားခွင့်ပေးမည်ဖြစ်ကြောင်း ကြေညာထားသည်။

ထို့နောက်မြန်မာကိုယ်စားလှယ်အဖွဲ့က နိုင်ငံတော်အစိုးရကိုယ်စား ထောက်ပံ့ငွေ ဘတ် ၂၀၀၀၀ နှင့် မြန်မာနိုင်ငံသားများ၏ ထောက်ပံ့ငွေ ဘတ် ၅၀၀၀ စုစုပေါင်း ဘတ် ၂၅၀၀၀ ကို ကာယကံရှင်အားပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးငယ်အတွက် ထိုင်းဘုရင့်ရဲတပ်ဖွဲ့၊ ပညာရေးဌာန၊ တရားရေးဌာနနှင့် တစ်သီးပုဂ္ဂလစေတနာရှင်များ၏ ထည့်ဝင်မှုများ အပါအဝင် လှူဒါန်းငွေ ဘတ် ၅၇၁၆၀ အားမိခင်နှင့်ကလေး စောင့်ရှောက်ရေးဂေဟာမှ တာဝန်ရှိသူ သုံးဦးပူးတွဲ၍ ဘဏ်စာရင်း ဖွင့်လှစ်ထားရှိကြောင်း၊ မြန်မာအစိုးရမှ ထောက်ပံ့ငွေကိုအဆိုပါဘဏ်စာရင်းတွင် ထည့်သွင်းထားမည် ဖြစ်ကြောင်း၊ အဆိုပါ ငွေများအား ကလေးမိဘများနှင့် ကလေး၏ အနာဂတ်တွင်လိုအပ်သည်များတွင် အသုံးပြုသွားမည်ဟု သိရှိရသည်။

ကရင်တိုင်းရင်းသူလေးညှဉ်းပန်းခံရမှုနှင့်ပတ်သက်၍မြန်မာအစိုးရမှ တာဝန်ပေးအပ်ထားသူအလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတို့မှထိုင်းနိုင်ငံ၏ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေများအား မျက်ခြည်မပြတ်အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ပြီးတရားစီရင်မှုများတွင်ကိုယ်စားလှယ်များ စေလွှတ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဟုဆိုချင်သည်။ ရတနာပုံတို့နိုင်ပွဲပြန်ရခဲ့သောကြောင့် အဆင့် (၅) ပြန်ရောက်လာသည်။ ထိပ်ဆုံးက ရန်ကုန်နှင့် ငါးမှတ်အကွာ ပြန်ဖြစ်လာသည်။ နောက်ထပ်(၁၇)ပွဲ ကစားရန်ကျန်သေးသည်။ ဘာမဆိုဖြစ်လာနိုင်သည်။ နှစ်နှစ်ကြာဝေးကွာနေသည့်ဖလားလက်မဲ့အိပ်မက်ဆိုးတွေကို ရတနာပုံအသင်း အဆုံးသတ်နိုင်မလား။ စိတ်ဝင်စားဖို့ကောင်းသည်။

ရန်ကုန်ကတော့ ရန်ကုန်ဖြစ်သည်။ ထိပ်ဆုံးနေရာကို တစ်ပတ်ဖယ်ပေးပြီး ပြန်ယူပြသည်။ နေပြည်တော်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူပြသည်။ ဒီအနိုင်ရလဒ်ကထိပ်ဆုံးနေရာအတွက် မလုံလောက်သော်လည်း ဇေယျာရွှေမြေက ရှုံးလိုက်သည်။ ဒီတော့ ရန်ကုန်က ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် ထိပ်ဆုံး ပြန်ရောက်သွားသည်။ ဒီရာသီမှာ ရန်ကုန်အသင်း၏ အားအသာဆုံးအချက်က ကိုယ်ပိုင်လေ့ကျင့်ရေးကွင်းဖြစ်သည့် မြက်ခင်းတုကွင်းတွင် ကစားရခြင်းဟု ထင်သည်။ ဒီကွင်းက သူတို့ကစားနေကျဖြစ်လို့ ဘာမျှအခက်အခဲမရှိ။ ပြိုင်ဘက်များက ပွဲကစားခါနီး တစ်ရက်၊ နှစ်ရက်အလိုမှ လေ့ကျင့်ခွင့်ရသည်။ နေပြည်တော်နှင့်ပွဲတွင် ရန်ကုန်အသင်းခြေမသာ။ ဒါပေမယ့် ပွဲပြီးတော့ရန်ကုန်အသင်း အနိုင်ရသွားသည်။ မြက်ခင်းတုကွင်းတွင် ရန်ကုန်အသင်းကို ပြိုင်ဘက်တွေ မယှဉ်နိုင်ဟု ထင်သည်။ ယှဉ်ကစားဖို့ကြိုးစားရင်း ကြိုးစားရင်းကပဲ အမှတ်ဗလာဖြင့် အိမ်ပြန်ရသည်ပင်ဖြစ်သည်။ မြက်ခင်းတုကွင်းကို အိမ်ကွင်းအဖြစ် ယခုရာသီမှ အသုံးပြုခွင့်ရခြင်း ဖြစ်သော်လည်း ယခင်ကအမှတ်ပေးနှင့် ရှုံး/ထွက်ပွဲအချို့ကို လက်ခံကျင်းပဖူးသည်။ ရန်ကုန်အသင်း အိမ်ကွင်းတွင် ရှုံးပွဲမရှိသေး။ ဒီရာသီ ရန်ကုန်အသင်း ချန်ပီယံထပ်ဖြစ်လျှင် အိမ်ကွင်းအားသာချက်က အများကြီးပါမည်ဟု ထင်သည်။ MNL အမှတ်ပေးပြိုင်ပွဲကတော့ ပရိသတ် ရှေ့မှောက်မှ တစ်လကျော်ကြာ ပျောက်ကွယ်တော့မည်။ မြန်မာ့လက်ရွေးစင်အသင်း၏ AFC Challenge Cup ခြေစစ်ပွဲ၊ ရန်ကုန်နှင့်ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်မည့် AFC Cup ပြိုင်ပွဲများက ကြားကာလတွင် ရှိနေမည်ဖြစ်သည်။ **မတ်လ ၂၃ ရက်တွင် ပြန်လည် ကျင်းပမည့် ပွဲစဉ် (၆) ကို ကြိုတင်ခံစားခြင်းဖြစ်ပါသည်။**

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အသေးစားချေးငွေလုပ်ငန်း ခွဲဝေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည် အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် အသေးစားချေးငွေလုပ်ငန်း (၃း၄း၃)အချီးခွဲဝေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကြည်နှင့် အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းတို့က အသေးစားချေးငွေလုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။ ထို့နောက်သဘာပတိက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထောက်ပံ့သည့်ပညာသင်ဆု ငွေကျပ်လေးသိန်းကို ကြည့်မြင်တိုင်မြို့နယ်မှ ကျောင်းသူ မယွန်းပွင့်ဖြူအား ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် သဘာပတိနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းသင်းမြတို့က ခရိုင်အလိုက် အသေးစားချေးငွေ (၃း၄း၃) အရ ငွေကျပ် ၃၄၈၄၀၀၀ကို ခွဲဝေပေးအပ်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

စစ်ကိုင်းမြို့နယ်ရှိ သောက်သုံးရေရှားပါးသောကျေးရွာများ ရေရရှိရေးဆောင်ရွက်လျက်ရှိ

၂၀၁၂-၂၀၁၃ ခုနှစ် မိုးတွင်းကာလ မိုးရွာသွန်းမှု နည်းသဖြင့် စစ်ကိုင်းမြို့နယ်အတွင်း မိုးရေလှောင်ကန်ကို အဓိကအသုံးပြုသော ကျေးရွာများအနက် ကျေးရွာ ၁၅ ရွာမှာ ဖေဖော်ဝါရီလမှစ၍ ရေပြတ်လပ်မည့် အနေအထားတွေ့ရှိရသဖြင့် အဆိုပါကျေးရွာများသို့ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် တာဝန်ရှိ ဝန်ထမ်းများကွင်းဆင်း၍ ကျေးရွာ ရေကော်မတီများနှင့် ဆွေးနွေးပြီး ရေသယ်ယူရမည့်နည်းလမ်းများ၊ ကုန်ကျမည့် စက်သုံးဆီတို့ကို တွက်ချက်၍ ဒေသဆိုင်ရာခရိုင်နှင့် မြို့နယ်တာဝန်ရှိ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များနှင့် ညှိနှိုင်းတိုင်ပင်ပြီး အလှူရှင်များရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိသည်။ စစ်ကိုင်းမြို့နယ်တွင် ကျေးရွာ ၂၀၆ ရွာရှိသည့်အနက် ကျေးရွာ ၄၆ ရွာမှာ တွင်းတိမ်၊ တွင်းနက်များမှ ရာသီမရွေး ရေထွက်ရှိသော်လည်း ရေပေါ့များဖြစ်နေပြီး သောက်သုံးရန်နှင့် ချက်ပြုတ်ရန်မရသောကြောင့် ရေကန်ကြီးများ တူးထားပြီး မိုးရေလှောင်၍ သောက်သုံးကြသည်။

ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးဆောင်မှု၊ မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့၏ အနယ်နယ်အရပ်ရပ် ကြေညာအလှူခံမှုတို့ကြောင့် ယနေ့အထိ အလှူခံရငွေ ၁၃ ဒသမ ၅ သိန်းရရှိပြီးဖြစ်ကြောင်း၊ ကျေးရွာများသို့ သောက်သုံးရေခက်ခဲမှု မရှိစေရေးတို့အတွက် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့် မပြတ်ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဦးဆောင်မှု၊ မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့်ဝန်ထမ်းများ ကွင်းဆင်း ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းမြို့နယ်အတွင်း သောက်ရေခက်ခဲသော ကျေးရွာများမှာ တောင်ရင်းကျေးရွာတွင် အိမ်ခြေ ၆၇၄ အိမ်၊ လူဦးရေ ၃၉၅၆ နေထိုင်လျက်ရှိပြီး ကျေးရွာ ပြည်သူများ သောက်သုံးရေအတွက် တစ်မိုင်ကျော်ဝေးသော ရေမျက်အင်းမှ ရေအားအင်ဂျင်စက်နှစ်လုံးဖြင့် ရွာတွင်းသို့မောင်းနှင်၍ စာသင်ကျောင်း အုတ်ရေကန်သို့သွယ်၍ ရေဖြန့်ဝေပေးမည်ဖြစ်သည်။ ခက်ခကျေးရွာတွင် အိမ်ခြေ ၄၄၈ အိမ်၊ လူဦးရေ ၂၄၃၂ ဦးနေထိုင်လျက်ရှိပြီး သောက်ရေရရှိရေးအတွက် ကျောင်းဖြူကန်သို့ ရေဖြည့်တင်းရန် ဆောင်ရွက်လျက်ရှိသည်။ ပဒူကျေးရွာတွင် အိမ်ခြေ ၉၄၅အိမ်၊ လူဦးရေ ၅၆၄၁ ရှိပြီး ရွာနှင့် သုံးဖာလုံခန့်ဝေးသည့် ဘုန်းတော်ကြီးကျောင်းမှ အချင်း ၅ လက်မ၊ အနက် ပေ ၅၀၊ ရေတွင်းမှ လေးလက်မပိုက်ဖြင့် သွယ်ယူသုံးစွဲရန် ဆောင်ရွက်ထားရှိသည့် စည်ပင်သာယာရေးအဖွဲ့က ရေထွက်နှုန်း စမ်းသပ်ကာ ရေဂါလန်တစ်ထောင်ခန့်ဆံ့သည့် ရေကန်ကို ပြုပြင်ပြီး ရေသိုလှောင်ရန်စီစဉ်လျက်ရှိသည်။ ဆည်လေးတော ကျေးရွာတွင် အိမ်ခြေ ၁၀၀၊ လူဦးရေ ၄၈၉ ဦးတွင် သောက်ရေအတွက် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် ဆောက်လုပ်ပေးမည်ဖြစ်သည်။ ရွာသာယာကျေးရွာတွင် အိမ်ခြေ ၈၀၊ လူဦးရေ ၃၅၀ နေထိုင်လျက်ရှိပြီး ယခုလတ်တလော တစ်ဖာလုံခန့်ဝေးသော ရေတွင်းမှရေကို သောက်ရေအတွက် သုံးစွဲနေကြပြီး သုံးဖာလုံအကွာရှိ ခြောက်ပေ အကျယ် ၂၅ ပေ လက်တွင်းကို အဆင့်မြှင့်၍ သုံးလက်မပိုက်ဖြင့် ရွာရှိ အုတ်ရေကန်သို့ သယ်ယူပေးမည်ဖြစ်သည်။ စကျင်ကျေးရွာတွင်လည်း အိမ်ခြေ ၂၀၇အိမ်၊ လူဦးရေ ၁၁၂၀ နေထိုင်လျက်ရှိပြီး ဖေဖော်ဝါရီ ၂၈ ရက်အထိ မိုးရေလှောင်ကန်တွင် ရေရှိနေပြီး ရေပြတ်ပါက သုံးမိုင်အကွာဝေးသော ရွှေမင်းဝံရပ်ကွက်မှ ထော်လာဂျီဖြင့် သယ်ယူဖြန့်ဝေပေးရန် ဆောင်ရွက်ထားကြောင်း သိရသည်။ ရေသယ်ယူရန်အတွက် စက်သုံးဆီများ လှူဒါန်းလိုပါက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဖုန်း-၀၇၂- ၂၁၁၅၁ သို့လည်းကောင်း၊ မြို့ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်း ဖုန်း-၀၉-၂၀၁၁၄၁၂သို့လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း- ၀၇၂-၂၁၁၂၇ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။ (၁၃၇)

သွား/ဆေး မန်း၌ စာပေဟောပြော

မန္တလေး ဖေဖော်ဝါရီ ၁၅

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မန္တလေးပထမနှစ်ကျောင်းသား ကျောင်းသူများအတွက် Total personal and Professional Development Programme စာပေဟောပြောပွဲကို အဆိုပါတက္ကသိုလ် မြခန်းမ၌ ၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ စာရေးဆရာ မခင်ခင်ထူးက "စာဖတ်ကြပါရှင်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ နေဝင်းမြင့်က "ပညာပြည့်ဝနှလုံးလှ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြပြီးနောက် ခေတ္တပါမောက္ခချုပ် ပါမောက္ခဒေါက်တာရွှေတိုးက အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ညနေ ၃ နာရီခွဲတွင် အခမ်းအနားကို ရုပ်သိမ်းသည်။ (မြန်မာ့အလင်း)

အမျိုးသားအလွတ်တန်းဘော်လီဘော ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၅

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၄ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားကွင်းရှိ ဘော်လီဘောအားကစားကွင်း၌ ကျင်းပရာ နန်းတွင်းလူငယ်အသင်းက ချမ်းမြသာစည်မြို့နယ်အသင်းကို သုံးပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရဗိုလ်စွဲသွားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမျိုးသမီး ပဏာမဘော်လီဘော လက်ရွေးစင်(က)အသင်းနှင့်(ခ)အသင်းတို့ ယှဉ်ပြိုင်ကြရာ ပဏာမ အမျိုးသမီးဘော်လီဘော လက်ရွေးစင်(က)အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ ပြိုင်ပွဲတွင် အကောင်းဆုံး ဘော်လီဘော အားကစားသမားဆုရ နန်းတွင်းလူငယ်အသင်းမှ အောင်ကိုလတ် အကောင်းဆုံး ဆုတံဆိပ်၊ ဒုတိယဆု၊ ပထမဆုရ အသင်းတို့အား ငွေသားဆုများကို တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဦး၊ အတွင်းရေးမှူး ဦးမြင့်ဆွေနှင့်မြို့နယ်ဘော်လီဘောဆပ် ကော်မတီဥက္ကဋ္ဌ ဦးစောလှထွန်းတို့က ဆုချီးမြှင့်ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ လှကြွယ်က ပထမဗိုလ်စွဲသည့် နန်းတွင်း လူငယ်အသင်းကို ပထမတံခွန်စိုက် ဆုဖလားချီးမြှင့်ပြီး တိုင်းဒေသကြီး ဘော်လီဘော ပဏာမ လက်ရွေးစင်အသင်းတို့အား ဆုငွေချီးမြှင့်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (၀၄၀)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြည်ကြီးမဂ်လာ ကုန်တင်ယာဉ်စခန်းသို့ ပြောင်းရွှေ့ရေးညှိနှိုင်းနေဆဲ

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အသစ်ဆောက်လုပ်ပြီးစီးပြီဖြစ်သော ပြည်ကြီးမဂ်လာ ကုန်တင်ယာဉ် ရပ်နားစခန်း(စွယ်တော်)သို့ ဂိတ်ခန်းများဝယ်ယူ(သို့မဟုတ်)ငှားရမ်း၍ ဖေဖော်ဝါရီ ၅ ရက်မှ ၁၅ ရက်အတွင်း ပြောင်းရွှေ့ ဖွင့်လှစ်ရမည်ဖြစ်သည်။ သတ်မှတ်ရက်အတွင်း ပြောင်းရွှေ့ဖွင့်လှစ်ခြင်းမရှိဘဲမြို့အတွင်း၌ ဂိတ်စခန်းများ ဆက်လက်ဖွင့်လှစ် လုပ်ကိုင်ခြင်းများ တွေ့ရှိပါက စည်ပင်သာယာ ဥပဒေအရ အရေးယူသွားမည်ဟု ဖေဖော်ဝါရီ ၁၃ ရက်ထုတ်သတင်းစာတွင် ဖော်ပြခဲ့သည်။ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး အဝေးပြေး ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းက ဖေဖော်ဝါရီ ၁၃ ရက်နေ့စွဲဖြင့် အသင်းဝင်ကားဂိတ်များသို့ သိရှိရန် အသိပေးထုတ်ပြန်ချက်အရ မန္တလေးမြို့တော်ဝန်နှင့် အဝေးပြေး-ကုန်စည် အသင်းအမှုဆောင် အဖွဲ့များ တွေ့ဆုံညှိနှိုင်းမှုပြုလုပ်နေစဉ်အတွင်း စည်ပင်က သတ်မှတ်ထားသော ၁၅ ရက်အား နောက်ဆုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ပါရှိရာ အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို သတ်မှတ်ရက်ထက် နောက်ဆုတ်၍ ဆက်လက်လုပ်ကိုင်နိုင်ကြောင်း ရန်ကုန်မြို့ရှိ မန္တလေးကားဂိတ်ပိုင်ရှင်များက ဆိုသည်။

မန္တလေးသို့ ကုန်ပို့မည့် ကုန်သည်များအနေဖြင့် ရန်ကုန်ရှိ မန္တလေးကားဂိတ်များသို့ ပုံမှန်အတိုင်း ကုန်တင်ပို့နိုင်ကြောင်း မန္တလေးဂိတ်ပိုင်များက ပြောကြားသည်။ (ခင်ဆိုင်)

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်အုပ်ချုပ်ရေးမှူး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းကို ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ရက်သတ္တပတ်ကြာ ဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ၂၀ နှင့် စာရေးဝန်ထမ်း ၁၉ ဦးတို့ တက်ရောက်ကြသည်။

အဆိုပါသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က သင်တန်းဆင်း အမှာစကားပြောကြား၍ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းပို့ချပေးခဲ့သော သင်တန်းဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၄၀)

ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေး တိုင်းဒေသကြီးအတွင်းရှိ တိရစ္ဆာန်ဆေးကုဆရာဝန်များ စုပေါင်းဖွဲ့စည်းသော တိရစ္ဆာန်ဆေးကုဆရာဝန်များ(မန္တလေး)မှ ဖေဖော်ဝါရီ၂၃ရက်မှစ၍ တိုင်းဒေသကြီးအတွင်းရှိ ဘာသာရေးဆိုင်ရာနေရာများ၊ စာသင်ကျောင်းများနှင့် ပရဟိတလူမှုရေးအဖွဲ့အစည်းများတွင်ရှိ ခွေးများကို ခွေးရူးပြန်ရောဂါကာကွယ်ရေး အစီအစဉ်အဖြစ် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးသွားမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

မြန်မာနိုင်ငံတွင် ခွေးရူးပြန်ရောဂါကြောင့် နှစ်စဉ် လူဦးရေများပြားစွာ အသက်ဆုံးရှုံးလျက်ရှိပြီး မန္တလေး တိုင်းဒေသကြီးတွင် ၂၀၁၁ ခုနှစ်က ခွေးရူးပြန် ရောဂါကြောင့် လူဦးရေ ၅၀ သေဆုံးခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သေဆုံးမှုအများဆုံး ဖြစ်သည်။ ယခုအခါ တိုင်းဒေသကြီး အတွင်း ခွေးရူးပြန်ရောဂါဖြစ်ပွားမှု နည်းပါးအောင် ဆောင်ရွက်လျက်ရှိရာတွင် တိရစ္ဆာန်ဆေးကု ဆရာဝန်များ (မန္တလေး)မှ လူမှုရေးအဖွဲ့အစည်း အဖြစ် ထူထောင်၍ ပါဝင်ဆောင်ရွက်လျက်ရှိရာ အလှူငွေနှင့်ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ လှူဒါန်းလိုပါက ဒေါက်တာသောင်းထိုက် ဖုန်း-၀၉-၄၃၁၇၈၈၃၁၊ဒေါက်တာ ခင်မောင်ထွေး ဖုန်း-၀၉-၂၀၂၄၁၀၅၊ ဒေါက်တာဝင်းနိုင်ကိုကို ဖုန်း-၀၉-၂၀၀၀၃၄၅ နှင့် ဒေါက်တာကျော်ထင် ဖုန်း-၀၉-၂၀၀၁၀၅၇တို့ထံသို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၄၀)

ရွှေဇေယျာဖလားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဗိုလ်လု

စစ်ကိုင်း ဖေဖော်ဝါရီ ၁၅

သီရိပျံချီ ဦးခင်မောင်မြင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ရွှေဇေယျာဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၊ ဘောလီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် တာဝေးအပြေးပြိုင်ပွဲများကို စစ်ကိုင်းမြို့နယ် အားကစားကွင်းနှင့် သတ်မှတ်နေရာများ၌ ဖေဖော်ဝါရီ ၁၂ ရက်က နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကျင်းပသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စကျင်လူငယ်အသင်းက ဖော့စ်တား လူငယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

စစ်ကိုင်းမြို့နယ် အားကစားကွင်းမှ ကောင်းမှုတော်စေတီအသွား အပြန် အပြေးပြိုင်ပွဲ ဘောလီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲတို့၌ ပထမ၊ ဒုတိယ၊ တတိယဆုရ အသင်းများ၊ ဘောလုံးပြိုင်ပွဲပထမဆုရ စကျင်လူငယ်၊ ဒုတိယဆုရ ဖော့စ်တား လူငယ်၊ တတိယဆုရ ဂျီကာလူငယ်နှင့် နေရာလိုက် အကောင်းဆုံး ဆုရ အားကစားသမားများအား မြို့နယ်ဘောလုံးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်း (သမာဓိ)နှင့် တာဝန်ရှိသူများက ဆုတံဆိပ်ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပထမဗိုလ်စွဲသည့် စကျင်လူငယ်အသင်းအား သီရိပျံချီ ဦးခင်မောင်မြင့် ပြည်ထောင်စုဝန်ကြီး (ငြိမ်း)ကိုယ်စား ဦးသိန်းစိုး (အားကစားတာဝန်ခံ)က ပထမတံခွန်စိုက် ရွှေဇေယျာဖလားနှင့် ငွေသား ဆုချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ (၀၄၀)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကျွ စိတ်ချမ်းသာ

ဆိုင်ကယ်စီး၍ လုယက်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

မန္တလေး ဖေဖော်ဝါရီ ၁၅

ဇန်နဝါရီ ၂၈ ရက်ည ၈ နာရီကျော်တွင် မန္တလေး မဟာအောင်မြေ မြို့နယ်မဟာမြိုင်(၁)ရပ်ကွက် ၇၃လမ်းနှင့်ဗောဓိကုန်းလမ်းထောင့်ရှိ ရတနာဆေးခန်းမှ အဆောင်သို့ ဆိုင်ကယ်ဖြင့် ပြန်လာသော ဒေါက်တာဒေါ်ချိုချိုမြင့်အနီးသို့ အမျိုးသားနှစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးက ချဉ်းကပ်လာကာ ဒေါက်တာချိုချိုမြင့်၏ ဆိုင်ကယ်ရှေ့၌ ထည့်ထားသော HP တံဆိပ်ပါ လက်တော့တစ်လုံး၊ Samsung Mini အနက်ရောင် ဖုန်းတစ်လုံး၊ စာကြည့်မျက်မှန်တစ်ခု၊ ဆိုင်ကယ် ဒစ်ဝိုင်း၊ ဆိုင်ကယ်လိုင်စင်၊ ဝန်ထမ်းကတ်၊ ကျောက်ဖြူ တစ်လုံးပါနားကပ်တစ်ရံ၊ စိန်တစ်လုံးပါ လက်စွပ်တစ်ကွင်း၊ ပုလဲလက်စွပ်တစ်ကွင်း၊ ခတ်လုံးလက်စွပ် တစ်ကွင်း၊ အညိုရောင် ခတ်လုံးနှစ်လုံး၊ တစ်သောင်းတန် ငွေဖြည့် ကတ်တစ်ကတ်၊ ငွေကျပ် ၇၁၀၀၀၊ အဆောင်သော့ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၄၇ သိန်းခန့် ထည့်ထားသော လက်ကိုင်အိတ်ကို လုယူထွက်ပြေး မောင်းနှင်သွားခဲ့သည်။

ထိုသို့ လုယက်ခဲ့မှုကို အမြန်ဆုံး ပေါ်ပေါက်ရေးအတွက် မန္တလေး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစိတ်မှ ဒုရဲအုပ်စိုးမိုးနှင့် အဖွဲ့ စုံစမ်းဖော်ထုတ်ချက်အရ ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် လုယူရရှိခဲ့သော စိန်နားကပ် တစ်ဖက်အား ဝဲဘက်နားရွက်တွင် ဝတ်ဆင်လာသူ သူရအောင်ကို ဖမ်းဆီးရမိပြီး စစ်ဆေးဆောင်ရွက်ခဲ့ရာမှ ရဲမင်းဦး (ခ)မဲကြီးနှင့် ထွန်းမင်းသူတို့နှစ်ဦးကိုပါ စစ်ဆေးပေါ်ပေါက်ဖမ်းဆီးမိခဲ့သည်။

ရဲမင်းဦး(ခ)မဲကြီးနှင့် ထွန်းမင်းသူတို့နှစ်ဦးထံမှ လုယက်ခံခဲ့ရသော ပစ္စည်းအားလုံး ပြန်လည်သိမ်းဆည်းရမိသည်။ လုယူမှုကျူးလွန်သူရဲမင်းဦး (ခ)မဲကြီး(ဆေးသုတ်)၊ ထွန်းမင်းသူ (ဆေးသုတ်) အောင်ပင်လယ် ချမ်းမြသာစည်မြို့နယ်နှင့် သူရအောင်တို့ သုံးဦးကို အမှတ်(၈)ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိသည်။

သိမ်းဆည်းရမိ

အဆိုပါ တိုင်းဒေသကြီး၏ ရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းအကူဌာနစိတ်သည် ဆိုင်ကယ်ဖြင့် နေ့ခင်းကြောင်တောင် ဆွဲကြိုးဖြတ် လုယက်သူ သုံးဦးကိုလည်း အမှုပေါင်း ၁၄မှု၊ သက်သေခံပစ္စည်း ရွှေချိန် ရှစ်ကျပ်သားကျော်ခန့်နှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ (၀၄၀)

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

တံတားဦးစီမံကိန်း စတင်အကောင်အထည်ဖော်

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် မန္တလေးတိုင်းအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မြင်းခြံမြို့နယ် ဆီမီးခုံ(ဧရာဝတီ)ဆိပ်ကမ်းကို နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းအဖြစ် တည်ဆောက်ပြီး ငါန်းဇွန်မြို့နယ် မြို့သာစက်မှုဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်မည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆီမီးခုံ(ဧရာဝတီ) ဆိပ်ကမ်းနှင့် မြို့သာစက်မှုဥယျာဉ်မြို့အပြင် တံတားဦးစီမံကိန်းကိုလည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာ တံတားဦးစီမံကိန်းမှာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့၏ အနောက်ဘက်နှင့် အနောက်မြောက်ဘက် ဧရာဝတီမြစ်၏ တောင်ဘက်လမ်း တံတားဦးမြို့သာကားလမ်းဘေးတွင် တည်ရှိသည်။

အကောင်အထည်ဖော်

တံတားဦး စီမံကိန်းလုပ်ငန်းများတွင် (၁)ဟိုတယ်ဇုန်တည်ဆောက်ခြင်း၊ (၂) စက်မှုဇုန်တည်ဆောက်ခြင်း၊ (၃) အိမ်ရာဇုန် တည်ဆောက်ခြင်းလုပ်ငန်းများပါဝင်သည်။ ပထမအဆင့် ဟိုတယ်ဇုန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဟိုတယ်အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဇုန်အတွင်း လမ်းများဖောက်လုပ်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ အပန်းဖြေအနားယူနိုင်မည့်ပန်းခြံများ တည်ဆောက်ခြင်း၊ ရေကူးကန်များ တူးဖော်ခြင်း၊ ရေပေးဝေမှုစနစ်များ တည်ဆောက်ခြင်း၊ ရေဆိုးသန့်စင်စက်ရုံများ တည်ဆောက်ခြင်း၊ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်း၊ စားသောက်ဆိုင်များ တည်ဆောက်ခြင်း၊ ရုပ်ရှင်ရုံတည်ဆောက်ခြင်း၊ ကျန်းမာရေး အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာများတည်ဆောက်ခြင်း၊ မြေယာရှုခင်းဖော်ထုတ်ခြင်းနှင့် အဆင့်မီဂေါက်ကွင်း တည်ဆောက်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဟိုတယ်ဇုန် တည်ဆောက်ခြင်းကြောင့် အင်းဝယဉ်ကျေးမှုနယ်မြေကို အထောက်အကူပြုပေးခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း၊ ကျေးရွာများ၏ မြန်မာ့စက်မှုလက်မှုပညာပြသခွင့်ရရှိ၍ အမှတ်တရပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရောင်းချခွင့် ရရှိမည်ဖြစ်ပြီး မန္တလေးနယ်မြေတွင် အမှန်တကယ်လိုအပ်သည့် ဟိုတယ်ဇုန်အား ထည့်သွင်းဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံခြားသားခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအထိ အထောက်အကူပြုခြင်း၊ နောင်ဖြစ်ပေါ်လာနိုင်သောလူဦးရေနှင့် လိုက်လျောညီထွေနေထိုင်မှု စနစ်ကောင်းတစ်ခု ဖြစ်ပေါ်လာနိုင်ခြင်းနှင့် ကောင်းမွန်ပြည့်စုံသော မြို့ပြစီမံကိန်းတစ်ခု ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာသော ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းအပေါ် တည်မှီပြီး ဒေသခံပြည်သူများ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိလာနိုင်ခြင်း၊ ဟိုတယ်အဖွဲ့အစည်းများနှင့် စက်မှုအဖွဲ့အစည်းများမှ နည်းပညာများ လွှဲပြောင်းရယူနိုင်ခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းနှင့် ဆက်သွယ်ရေးကွန်ရက်စနစ် တိုးတက်ကောင်းမွန်လာမည်ဖြစ်ခြင်း၊ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလာရောက် ပြုလုပ်နိုင်မည်ဖြစ်ခြင်း နိုင်ငံခြားငွေ တိုးတက်ရှာဖွေရရှိနိုင်မည်ဖြစ်သည်။

ကိုတင်လှိုင်(မိတ္ထီလာ)

မြစ်ကြောင်းသောင်ထွန်း၍ ရေအခက်ကြုံနိုင်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ကြီးမှာ တစ်နှစ်ထက်တစ်နှစ် မြစ်ရေနည်းပါးလာကာ သောင်ထွန်းမှုများ အများဆုံးဖြစ်ပေါ်ပြီး မြစ်ကြောင်းကျဉ်းမြောင်းလာကြောင်း သိရှိရသည်။ ဆောင်းအကုန်နွေအကူးသို့ ရောက်ရှိလာတော့မည်ဖြစ်ပြီး ရပ်ကွက်အသီးသီးမှ ရေပေးဝေရေးလုပ်ငန်းများနှင့် စစ်ကိုင်းတောင်တစ်တောင်လုံးရှိ ရဟန်း၊ သံဃာ၊ သီလရှင်ချောင်များကိုလည်း မူလရေစက်အသင်း၊ သီတဂူရေစက်အသင်းတို့မှ ရေပေးလျက်ရှိရာ ဧရာဝတီမြစ်မှ တစ်ဆင့် ရေစုပ်စက်ကြီးများဖြင့် စုပ်တင်ကာပေးဝေရကြောင်း သိရသည်။

ယခုနှစ်တွင် မြစ်ရေနည်းပါးမှုနှင့် သောင်ထွန်းမှုများ ပိုမိုဖြစ်ပေါ်လာပါက ရေပေးဝေမှုအခက်အခဲကြုံလာနိုင်ကြောင်း သိရှိရသည်။**(အပေါ်ပုံ) (၁၄၀)**

နွေစပါးများ အချိန်မီစိုက်ပျိုးပြီးစီး

စစ်ကိုင်း ဖေဖော်ဝါရီ ၁၅

ဇီးချောင်းကျေးရွာ အုပ်စုသည် ဥယျာဉ်၊ ကျောက်ဆစ်၊ ပြုံကံကျေးရွာများပါရှိပြီး စစ်ကိုင်းမြို့နှင့် လေးမိုင်ကျော် ကွာဝေးသည်။ ယခုအချိန်အခါသည် နွေစပါးရာသီဖြစ်သဖြင့် မိမိဒေသနှင့်ကိုက်ညီသော မနောသုခကို အဓိကထားပြီး နွေစပါးများကို စိုက်ပျိုးလျက်ရှိရာ ပြုံကံကျေးရွာတောင်သူ ဦးရွှေဝင်း၏ ပြောပြချက်အရ "မိမိတို့ကျေးရွာအုပ်စုတွင် ကွင်းသုံးကွင်းရှိရာ ကွင်းအမှတ် ၇၉၅၊ ၇၉၆ နှင့် ၈၁၂ ဟူ၍ နွေစပါးစိုက်ဧက ၃၅၀ ခန့်ကို စိုက်ပျိုးလျက်ရှိပါတယ်။ ကျွန်တော်တို့အရပ်ဒေသ ရှေးအဆိုပေါ့ဗျာ ပြာသိုလမိုက် လယ်ကောစိုက်ဟု အဆိုရှိပါတယ်။ ပြာသိုလကွယ်၊ တပို့တွဲလဆန်းကနေ စိုက်လိုက်တဲ့ နွေစပါးဟာ ကဆုန်လပြည့်ကျော်မှာ ရိတ်သိမ်းရပါတယ်၊ ဆီတစ်ဂါလန်ကို ငွေကျပ် ၃၈၀၀ ကနေ ၄၀၀၀ အထိ ပေးဝယ်ပြီး ရေသွင်းစိုက်ပျိုးရပါတယ်။ ဆီကောင်းလျှင် တစ်ဂါလန်ကို ခြောက်နာရီ စက်မောင်းရပြီး ဆီမကောင်းလျှင် လေးနာရီခန့်သာ စက်အမောင်းခံပြီး စပါးစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ရေကို ရှစ်ခါလောက် တင်ပေးရပါတယ်၊ စပါးစိုက်ပျိုးပြီး ၁၅ ရက်ခန့်မှာ ပုလဲခတ်မြေဩဇာတစ်အိတ် ကျွေးရပါတယ်၊ နောက်ပိုင်း အပင်အရွက်ဝါလာလျှင် တစ်အိတ်ကျွေးရပါတယ်၊ တစ်ဧကကို နှစ်အိတ် ကျွေးရပါတယ်၊ ကျွန်တော်တို့အရပ်ဒေသဟာ မြစ်ရေဝင်တာဖြစ်လို့ တစ်သီးသာ စိုက်ပျိုးရတာမို့ ခိုင်းနွားများကို တစ်နှစ်လုံးကျွေးမထားဘဲ လိုမှငှားသုံးတာများပါတယ်၊ ထို့အတွက်လည်း စပါးပေါ်ချိန်တွင် ကောက်လှိုင်းတစ်ဧကရောင်းရငွေမှာ ငွေကျပ် ၇၀၀၀၀ ကျော်ခန့်ရရှိပြီး ကျွန်တော်တို့တောင်သူအနေနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်များကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးသည့်အတွက် စိုက်ပျိုးစရိတ်အားလုံးနှုတ်ပြီး မိမိလုပ်အားခနှင့် ဝမ်းစာစပါးဖူလုံအောင်ထားနိုင်လို့ စိုက်ရကျိုးနပ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မျိုးဝင်း)**

စစ်ကိုင်းမြို့နယ်၌ ဂျုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

စစ်ကိုင်း ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ရှည်ကျေးရွာတွင် ဂျုံ(ဖြူ)များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ "ဟိုအရင်နှစ်တွေကတော့ ရာသီဥတုကောင်းတဲ့အချိန် မိုးကောင်းရင် စိုက်ပျိုးရပါတယ်။ အခုနောက်ပိုင်းနှစ်တွေမှာတော့ မိမိပိုင်လယ်မြေအတွင်း ရေတွင်းများ တူးပြီး အင်ဂျင်စက်နဲ့ ရေတင်ပြီး စမ်းသပ်စိုက်ပျိုးထားတာ အောင်မြင်ပါတယ်။ ဒီနှစ်မှာတော့ ရေတွင်းတူး ကုန်ကျစရိတ်တွေနဲ့ စိုက်ပျိုးစရိတ်တွေ ကာမိမယ်ထင်ပါတယ်။ နောင်နှစ်တွေမှာ ဒီလိုပဲ စိုက်ပျိုးသွားမယ်ဆိုရင် စိုက်ပျိုးတောင်သူများအနေနဲ့ အဆင်ပြေကြမှာပါ။ ဒီနှစ်ထွက်ရှိမယ့် သီးနှံတွေနဲ့လည်းကာမိပါတယ်။ ဒီဂျုံ(ဖြူ) သက်တမ်းကာလကတော့ သုံးလခွဲ လေးလလောက်ရှိပါတယ်။ ခုဆိုရင် တော်တော်များများ စိုက်ပျိုးလာကြပါတယ်။ တတ်နိုင်တဲ့သူတွေက ရေတွင်းတူးပြီး အနီးရှိ စိုက်ခင်းတောင်သူများကတော့ အဆင်ပြေသလို တွင်းပိုင်ရှင်များနဲ့ ညှိနှိုင်းပြီး စိုက်ပျိုးကြပါတယ်" ဟု အဆိုပါ ကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန

၁။ အားကစားဝန်ကြီးဌာနရှိ ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းအနောက်ဘက်၊ ဂိတ်(၇)နှင့် (၉) ကြား မြေကွက်လပ်အား ဂေါက်သီးလေ့ကျင့်ရေးကွင်းအဖြစ် ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၂-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၂-၂-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပါပုံစံများအား ရုံးအမှတ် ၃၁၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၆၂၁၈၊ ၄၀၆၂၁၉သို့ လာရောက်ဆက်သွယ် ထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အားကစားနှင့် ကာယပညာဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန

၁။ အားကစားဝန်ကြီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) လူ ၄၅ ဦးဆံ့ လူစီးယာဉ် aircon bus ၃ စီး
(ခ) ၁၂ပေ အရှည်ရှိ ကုန်တင်ယာဉ် ၅ စီး
(ဂ) ဘာဂီများ ၅၀ စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၂-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၂-၂-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပါပုံစံများအား ရုံးအမှတ် ၃၁၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၆၂၁၈၊ ၄၀၆၂၁၉သို့ လာရောက်ဆက်သွယ် ထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အားကစားနှင့် ကာယပညာဦးစီးဌာန

ပြည်တွင်းသတင်း

ကယားပြည်နယ် လွိုင်ကော်ခရိုင် တရားရုံးဖွင့်ပွဲကျင်းပ

လွိုင်ကော် ဖေဖော်ဝါရီ ၁၅

လွိုင်ကော်ခရိုင် တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီက အဆိုပါရုံးရှေ့၌ ကျင်းပသည်။

ခရိုင်တရားရုံး အဆောက်အအုံသစ်ကို ကယားပြည်နယ်တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှ၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးကိုကိုဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ်ဦးခင်မောင်ဦးက ခရိုင်တရားရုံး အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားသူကြီးချုပ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့သည် အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါခရိုင်တရားရုံး အဆောက်အအုံသစ်ကို ကယားပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုငွေကျပ်သိန်း ၇၀၀ ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကောင်းမြတ်ကျော် ရေယာဉ်ပေါက်ကွဲ မီးလောင်မှု စုံစမ်းစစ်ဆေးလျက်ရှိ

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး (ကြည့်မြင်တိုင်)

ဖေဖော်ဝါရီ ၄ ရက် ညနေက လှိုင်မြို့နယ် ဘုရင့်နောင်(အိုဝမ်း) အိမ်ရှိ မြဝတီ ၀၀၃ တွန်း/တွဲရေယာဉ်မှ ပြင်ပပုဂ္ဂလိက ဆီတင်ရေယာဉ် အောင်သုခရော တွန်းသင်္ဘောနှင့်ကောင်းမြတ်ကျော်ဆီတင်တွဲ ယာဉ်များသို့ အခြားသော သင်္ဘောများ ဘေးချင်းကပ်လျက် ဒီဇယ်ဆီများကို ဖလိုးမီတာဖြင့် ဖြည့်ပေးနေစဉ် ကောင်းမြတ်ကျော်ဆီတင် သင်္ဘောမှ ရုတ်တရက်ပေါက်ကွဲသံကြီးထွက်ပေါ်လာပြီး မီးလောင်မှုဖြစ်ပေါ်ခဲ့သည်။ **(သတင်းဖော်ပြပြီး)**

၎င်းမီးလောင်မှုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန် ပေးအပ်စေလျက် ဖေဖော်ဝါရီ ၆ ရက်မှ စတင်ကာ စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိနေကြောင်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ စုံစမ်းသိရှိရသည်။

စစ်ဆေးရေးအဖွဲ့တွင် အမှတ်(၂)ရဲတပ်ရင်းများ ကွပ်ကဲရေးအဖွဲ့မှ ဒုတိယရဲတပ်ရင်းကွပ်ကဲရေးအဖွဲ့မှူးက အဖွဲ့ခေါင်းဆောင်အဖြစ်နှင့် တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်အပါအဝင် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များပါဝင်သည်ဟု သိရသည်။ မီးလောင်သည့်နေ့တွင် မီးလောင်မှုကြောင့် လူလေးဦး သေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများထဲမှ မောင်ဇော်ဇော်အောင်မှာ ခန္ဓာကိုယ်အနှံ့ မီးလောင်ဒဏ်ရာများဖြင့် ဖေဖော်ဝါရီ ၆

ညနေ ဆည်းဆာအလှကို ပျက်စီးခဲ့သော မီးလောင်မှု မြင်ကွင်း

ရက်တွင် သေဆုံးခဲ့၍ ထိုမီးလောင်မှုကြောင့် သေဆုံးသူ စုစုပေါင်း ငါးဦး ရှိသွားခဲ့သည်။

တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ စုံစမ်းစစ်ဆေးရေးအဖွဲ့က ဒီပေါက်ကွဲမီးလောင်မှုဖြစ်ရပ်ကို ဆေးရုံပေါ်မှာ တက်ရောက်ကုသနေတဲ့ သူများအပါအဝင် လူ ၃၀ ခန့်ကို တွေ့ဆုံခေါ်ယူစစ်ဆေးမှုတွေ ပြုလုပ်သွားမှာပါ။ အခုဆုံးရှုံးမှု တန်ဖိုးကိုတော့ ရရှိပြီးပါပြီ"ဟု မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။ မီးလောင်မှုကြောင့် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော သင်္ဘောတစ်စင်းမှာ မီးလောင်မှုကို တိမ်းရှောင်ရင်း ပုသိမ်သို့တိုက်ရိုက်ရောက်သွား၍ စုံစမ်းစစ်ဆေးရန် ပြန်လည် ခေါ်ယူခဲ့ရကြောင်း သိရသည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ကောင်းမြတ်ကျော်ဆီတင်ရေယာဉ်မှ သင်္ဘောပျက်စီးမှု ၁ ဒသမ ၅ သန်း၊ ဒီဇယ် ၇၇၄၂ ဂါလန် တန်ဖိုး ၂၈ ဒသမ ၁ သန်း ဆုံးရှုံးခဲ့ရပြီး အောင်သုခရော တွန်း၊ တွဲရေယာဉ်မှ သင်္ဘောပျက်စီးမှု ၄ဒသမ ၂ သန်း၊ အင်ဂျင်နှစ်လုံးပျက်စီးမှု ၃ ဒသမ ၀ သန်း၊ စက်မောင်းဆီ ၈၀၀ ဂါလန်ဆုံးရှုံးမှု ၂ ဒသမ ၈ သန်း၊ ဒီဇယ်ဆီ ၆၃၇၃ ဂါလန် ဆုံးရှုံးမှု ၂၃ ဒသမ ၁ သန်း၊ စက်တပ်သမ္ဗန်ကြီး သုံးစင်းနစ်မြုပ်မှု ၃ ဒသမ ၇၅ သန်း၊ ရွှေဇင်ယော်ဟိန်း ငါးလုပ်ငန်းကုမ္ပဏီက ဆိပ်ခံတံတားမှ လျှပ်စစ်ပစ္စည်းပျက်စီးမှု ၀ ဒသမ ၈ သန်း၊ ရော်ဘာတုံး ၂၀ ပျက်စီးမှု ၀ ဒသမ ၆ သန်း၊ မျက်နှာကြက်နှင့် အကာပျက်စီးမှု ၁ ဒသမ ၅ သန်း စုစုပေါင်း ၆၉ ဒသမ ၃၅ သန်းဆုံးရှုံးခဲ့ရကြောင်း သိရသည်။

တိုင်းဒေသကြီး မီးသပ်တပ်ဖွဲ့မှ တာဝန်ရှိသူ အရာရှိတစ်ဦးက "ဒီမီးလောင်မှုဟာ အခု ၂၀၁၃ နှစ်ဦးမှာ အကြီးမားဆုံးပါပဲ၊ ဒါကို စုံစမ်းစစ်ဆေးမှုတွေ ဆက်တိုက်ပြုလုပ်နေပါတယ်။ ဆုံးရှုံးမှုပမာဏကိုတော့ ရရှိပြီးပါပြီ။ အခုက မီးလောင်ရတဲ့ အကြောင်းအရင်းကို ဖော်ထုတ်စစ်ဆေးပြီး လိုအပ်သလို အရေးယူမှုများ ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

လွယ်အိတ်ပရဟိတအသင်း စတုတ္ထအကြိမ်စုပေါင်းသွေးလှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ် ရပ်ကွက်ရှိ လွယ်အိတ် ပရဟိတအသင်း၏ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန်ကုန်မြို့ အင်းစိန်ဆေးရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့ နံနက် ၇ နာရီတွင် တာမွေမြို့နယ် ကျောက်မြောင်းဈေး မှတ်တိုင် ၁၅၁ လမ်းအတွင်းရှိ ဓမ္မာရုံ၌ အသင်းဝင်များနှင့်သွေးအလှူရှင် များ တွေ့ဆုံဆွေးနွေးပြီး အင်းစိန်ဆေးရုံကြီးသို့ သွားရောက်၍ မွန်းလွဲ ၂ နာရီ တွင် သွေးလှူဒါန်းပွဲကျင်းပမည်ဖြစ်သည်။ လွယ်အိတ်ပရဟိတအသင်း(လူမှု ကူညီရေးအသင်းနှင့်သွေးအလှူရှင်များအဖွဲ့)ကို ၂၀၁၀ နှစ်ဆန်းပိုင်းက စတင်တည်ထောင်ခဲ့ရာ ယခုအခါ အသင်းဝင်အရေအတွက် ၁၀၀၀၀ ကျော်အထိရှိနေပြီး ရာသက်ပန် အသင်းဝင်မှာ ၁၀၀ ရှိသည်။ အသင်း၏ရည်ရွယ်ချက်မှာ ဆင်းရဲချို့တဲ့သူများ၊ မိဘမဲ့ဂေဟာများ၊ သက်ကြီးရွယ်အိုများနှင့်ဘုန်းတော်ကြီးသင် စာသင်ကျောင်းများသို့ သွားရောက်၍ ဘက်ပေါင်းစုံမှ ကူညီထောက်ပံ့ပေးသွားရန်ဖြစ်သည်။ သွေးလှူဒါန်းပွဲတွင် လွယ်အိတ် ပရဟိတအသင်းဝင်များအပြင် ပရဟိတစိတ်ရှိသူများပါ တတ်အားသရွေ့မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။ သွေးလှူဒါန်းသူများကို အာဟာရဒါနဖြင့် ကျွေးမွေးမည်ဖြစ်ရာ စေတနာရှင်ပြည်သူများအနေဖြင့် အာဟာရအလှူဒါန ဖြည့်ဆည်းလှူဒါန်းလိုပါက ကိုတင်မျိုးဇော် ဖုန်း- ၀၉-၇၃၂၁၃၉၅၁ သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ မည်သူမဆို ၎င်းအသင်းနှင့်အတူ လှူဒါန်းလိုသည့် ဆန္ဒရှိပါက သွေးလှူပုံစံများကို တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် သတိပဋ္ဌာန်လမ်းရှိ ရတနာမိုး မိတ္တူဆိုင်တွင် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ **စစ်ထွန်းရီ(မြန်မာ့အလင်း)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဆောက်လုပ်ရေး ညှိနှိုင်းစည်းဝေး

တောင်ငူ ဖေဖော်ဝါရီ ၁၅

တောင်ငူမြို့နယ် (၁၁)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁၂ ရက် ည ၈ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ သဘာပတိ ဦးကျော်လှ(သမာဓိ)၊ ရပ်မိရပ်ဖ ဦးမြင့်သူနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မျိုးတို့က အမှာစကား ပြောကြားကြသည်။ ညှိနှိုင်းဆွေးနွေးပွဲတွင် အခမ်းအနားမှူးအဖြစ် ဒေါ်ဝင်းဝင်းမော်က ဆောင်ရွက်၍ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဆောက်လုပ်ရန် ဆုံးဖြတ်ကြပြီး ဘဏ္ဍာရှာဖွေရေး ကော်မတီဥက္ကဋ္ဌအဖြစ် ဦးမျိုးငွေးနှင့် ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌအဖြစ် ဦးဇော်ဝင်းတို့ပါဝင်သော ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန် ပေးလိုက်သည်။ **(၁၁၅)**

(၁)နှစ်ပြည့်မွေးနေ့ဆုတောင်း

ဖေဖေ(ဦးရဲကျော်သူထွန်း)-မေမေ ဒေါ်ဇင်နွယ်စိုး(ဒုစုံမှူး၊ စစစ၊ ပဲခူးမြို့)တို့၏သမီးဦးလေး မျိုးမြတ်မြင့်မိုရ်၏ ၁၆-၂-၂၀၁၃ရက်တွင် ကျရောက်သော (၁)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သာယာချမ်းမြေ့ပျော်ရွှင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဘိုးဘိုး-ဦးလှထွန်း၊ ဘွားဘွား-ဒေါ်ခင်မာနွယ်
ဦးလတ်-အောင်သူရထွန်း၊ ဦးငယ်-ရဲဆက်ပိုင်ထွန်း

မွေးနေ့ဆုတောင်း

မော်

ဖေဖော်ဝါရီ ၁၆ရက် မွေးနေ့ပေါင်းများစွာအား လောကီ၊ လောကုတ္တရာအကျိုးသယ်ပိုးရင်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ဖြတ်သန်းနိုင်ပါစေ-

မောင်

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
Air Conditioner (5.0) HP များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော Air Conditioner (5.0) HP ငါးလုံးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၂-၂၀၁၃ ရက်မှ ၂၇-၂-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၂-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

မွေးနေ့ဆုမွန်

၁၆-၂-၂၀၁၃ရက်တွင် ကျရောက်သော တစ်ဦးတည်းသောချစ်သမီး မသက်ထားစံ(ခ) နိုးနိုးလေးရဲ့ မွေးနေ့ရက်မြတ်မှသည် မွေးနေ့ပေါင်းများစွာကိုဖြတ်သန်းပြီး မိဘအတွက် ယဉ်ကျေးလိမ္မာသော၊ နိုင်ငံအတွက် ထူးချွန်ထက်မြက်သော အမျိုးဘာသာအတွက် အမျိုးကောင်း ဘာသာသာသနာကို စောင့်ရှောက်နိုင်သော ကျန်းမာချမ်းသာလိုအင်ဆန္ဒမှန်သမျှရ၊ အရာရာပြည့်ဝသမီးလှရတနာဖြစ်ပါစေကြောင်း ဆုမွန်တောင်း -

နှစ်ဖက်သောဘိုးဘွားများနှင့်
ဖေဖေ ဒုတိယဗိုလ်မှူးကြီးကောင်းမြတ်
မေမေ ဒေါ်ခင်အေးရီ

တိုးမြှင့်ပင်စင်လစာကိစ္စ

ကျန်းမာရေးဦးစီးဌာနမှ သက်ပြည့်ပင်စင်၊ လုပ်သက်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ မိသားစုပင်စင်ခံစားနေပြီဖြစ်သော ပင်စင်စားများအားလုံးကို ၁-၇-၂၀၁၁ရက်မှစ၍ နိုင်ငံတော်မှ ပင်စင်လစာငွေတိုးမြှင့်ခံစားခွင့် ပြုခဲ့ပါသည်။

ယခုအချိန်တွင် တိုးမြှင့်ပင်စင်ခံစားစေရန် ကျန်ရှိနေသော ပင်စင်စားများသည် တိုးမြှင့်ပင်စင်ခံစားနိုင်ရန်အတွက် ၂၈-၂-၂၀၁၃ရက် နောက်ဆုံးထား၍ ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)၊ ဗဟိုအဆင့်ဆေးရုံကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနများသို့ ဆက်သွယ်လျှောက်ထားနိုင်ရန် အသိပေးကြော်ငြာအပ်ပါသည်။

ကျန်းမာရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အတွက် အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ရွှေ့လျားစာအုပ်စင်(Mobile Shelf) များ
(ခ) စာကြည့်တိုက်သုံးပစ္စည်းများနှင့်ပရိဘောဂပစ္စည်းများ
(ဂ) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ
(ဃ) စာကြည့်တိုက်သုံး Software တပ်ဆင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးဖွင့်ရက်များတွင် ၂၁-၂-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၀၀နာရီအတွင်း ရုံးအမှတ် ၃၅၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အမှတ် ၈၅-အေ၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ် ဖုန်း- ၀၁-၆၆၃၉၀၂တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၂-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီမှ ၁၁း၀၀နာရီအတွင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ရုံးအမှတ် ၃၅ရှိ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(ရုံးချုပ်)၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဖုန်း-၀၉-၄၂၀၇၀၀၈၃၇၊ ၀၆၇-၄၀၈၀၄၀ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)လမ်းမကြီး၊ အမှတ်(၅၃၈/ခ)နေ ဦးဝေစိုး ၁၃/တကန(နိုင်)၀၆၈၅၀၇ကအောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဦးပိုင်အမှတ်(၁၀)၊ ကွင်းအမှတ်(၅၃၈/က)၊ အမှတ်(၅၃၈/ခ)၊ ဧရိယာ ၂ဒသမ၈၁ဧကမြေကွက်ကို ကျွန်တော်ကလက်ရှိဝယ်ယူ လက်ရောက်ရယူထားသော မြေဖြစ်ပါသည်။

အဆိုပါမြေကွက်ကို ကျွန်တော်အမည်ပေါက် ရရှိရေးအတွက် မြေအမည်ပေါက်သူ ဦးဘိုးချိုက ကျွန်တော့်အားကျေးဇူးပြုပြီး မှတ်ပုံတင်စာချုပ် ချုပ်ပေးရန်အတွက် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်တော့်ထံ ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးဝေစိုး
၁၃/တကန(နိုင်)၀၆၈၅၀၇

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၄လမ်းမကြီး၊ အမှတ် ၅၃၈/ခနေ ဦးကျော်မြင့်(ခ)ဦးတင့်နိုင် ၁၂/မရက(နိုင်)၁၂၂၀၆၈က အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဦးပိုင်အမှတ် ၁၀၊ ကွင်းအမှတ် ၅၃၈/က၊ အမှတ် ၅၃၈/ခ၊ ဧရိယာ ၁ ဒသမ ၁၂၈ဧကမြေကွက်ကို ကျွန်တော်က လက်ရှိဝယ်ယူလက်ရောက်ရယူထားသော မြေဖြစ်ပါသည်။

အဆိုပါမြေကွက်ကို ကျွန်တော်အမည်ပေါက်ရရှိရေးအတွက် မြေအမည်ပေါက်သူ ဦးဘိုးချိုက ကျွန်တော့်အား ကျေးဇူးပြုပြီး မှတ်ပုံတင်စာချုပ် ချုပ်ပေးရန်အတွက် ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်တော့်ထံ ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်မြင့်(ခ)ဦးတင့်နိုင်
၁၂/မရက(နိုင်)၁၂၂၀၆၈

နိုင်ငံတကာအားကစားသတင်း

အက်ဖ်အေဖလားပဉ္စမအဆင့်မှာ ရက်ဒင်းကို ကျော်ဖြတ်ရဦးမယ့်မန်ယူ

အက်ဖ်အေဖလားပဉ္စမအဆင့်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၆ ရက်၊ ၁၇ ရက်နဲ့ ၁၈ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပွဲစဉ်တွေနဲ့ အက်ဖ်အေပြိုင်ပွဲတွေရှိနေတာမို့ ပရီမီယာလိဂ်ရပ်ဝန်းက ခေတ္တငြိမ်သက်နေပါတယ်။ ပြိုင်ဆိုင်မှုတွေ စည်ဝေနေတဲ့ပွဲစဉ်တွေကြောင့် ပရိသတ်တွေရဲ့အားပေးမှုတွေကလည်း ရင်ခုန်လှိုက်မောဖွယ်ရာဖြစ်နေသလို အသင်းကြီးတွေရဲ့အာရုံစိုက်ရာ အက်ဖ်အေဖလားပွဲစဉ်တွေကလည်း ပရိသတ်ရှေ့မှောက်ကိုမကြာခင်မှာ အသုံးတော်ခံဖို့ ဆိုက်ရောက်လာရဦးမှာ ဖြစ်ပါတယ်။

မန်ယူနှင့် ရက်ဒင်း

ပြိုင်ပွဲတွေ ဆက်တိုက်ဆင်နွှဲနေရပေမယ့် ရလဒ်ကောင်းတွေကို ဆောင်ကြဉ်းနိုင်နေတဲ့ မန်ယူဟာ အိမ်ကွင်းမှာ ရက်ဒင်းကို ချေမှုန်းဖို့တာစူနေရပြန်ပါတယ်။ မန်ယူဟာ အိမ်ကွင်း၊ အဝေးကွင်းတွေမှာ အကောင်းဆုံးအင်အားတွေကိုစုစည်းပြီး တိုက်ခိုက်နေရတာမို့ ပွဲပန်းသလိုဖြစ်နေခဲ့ပေမယ့် အက်ဖ်အေဖလားကို အလေးထားပြီးရယူနိုင်ဖို့အတွက် ဒီပွဲကို သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ အဓိကကစားသမားတွေ ပွဲဆက်များနေလို့ မန်ယူတို့ အရံလူတွေ ထုတ်သုံးဖို့ရှိပေမယ့် ရက်ဒင်းဟာ မန်ယူကို ဒုက္ခပေးတတ်တာမို့ နည်းပြကြီးဖာဂူဆန်ရဲ့ အခင်းအကျင်းက ဒီပွဲရလဒ်ရဲ့ အတိမ်အနက်ကို ဖြစ်ပေါ်စေမှာပါပဲ။ ရက်ဒင်းဟာ အသင်းကြီးတွေနဲ့ဆုံတိုင်း ခြေစွာတတ်တာကို သတိထားရမှာဖြစ်သလို မန်ယူအတွက် ခက်ခဲမယ့်အတားအဆီးကို အင်အားအပြည့်ဖြတ်ကျော်ရမယ့် အခြေအနေနဲ့ ကြုံတွေ့ရနိုင်တယ်။

မန်စီးတီးနှင့် လိဒ်ယူနိုက်တက်

ဒီနှစ်ဘောလုံးရာသီမှာ ဖလားလက်မဲ့မဖြစ်စေဖို့ အာရုံစိုက်ရမယ့် အက်ဖ်အေဖလားကို သိမ်းပိုက်နိုင်ဖို့ နည်းပြမန်စီနီရဲ့ မဟာဗျူဟာမြောက်အစီအမံတွေ ချမှတ်ရမယ့် အခြေအနေပါပဲ။ မန်စီးတီးဟာ ပရီမီယာလိဂ်ဖလားအိပ်မက်တွေ ပျက်ပြယ်လုမတက်ဖြစ်နေတာမို့ အက်ဖ်အေဖလားပွဲတိုင်းကို အမာခံကစားသမားတွေ အကုန်ထုတ်သုံးပြီး ပွဲသိမ်းနိုင်ဖို့ အပြင်းအထန် ကြိုးစားပါလိမ့်မယ်။ သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးနေတဲ့ မန်စီးတီးဟာ အိမ်ကွင်းမှာတော့ လိဒ်ယူနိုက်တက်ကို တိုက်စစ်ဖွင့်ကစားပြီး အနိုင်ရလဒ်ကို ပြန်လည်စတင်ပါလိမ့်မယ်။ မန်စီးတီးရဲ့ အိမ်ကွင်းပေါက်ကွဲမှုအားကို လိဒ်ကစားသမားတွေ ဟန့်တားဖို့ အသက်ရှူမှားမတတ် ကြိုးစားရပါလိမ့်မယ်။

အာဆင်နယ်နှင့် ဘလက်ဘန်း

အက်ဖ်အေဖလားကို ရယူရေးအိပ်မက်အကောင်အထည်ဖော်ဖို့ ကြိုးစားနေတဲ့အသင်းတွေထဲမှာ အာဆင်နယ်တို့လည်း ပါဝင်နေတာမို့ အာစင်ဝင်းဂါးဟာ အက်ဖ်အေဖလားကို ဆုပ်ကိုင်အောင်ပွဲခံနိုင်ဖို့ ကြိုးစားနေပါတယ်။ အာဆင်နယ်ဟာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ ရှုံးပွဲမရှိသေးတာမို့ အခုပွဲမှာလည်း ဘလက်ဘန်းကို ရှုံးသူရဲ့ နာကျင်မှုခံစားချက်တွေပေးပြီး အိမ်ပြန်ဖို့ အားထုတ်ပါလိမ့်မယ်။ ရွေးချယ်စရာမရှိတော့တဲ့ အနေအထားမှာ အက်ဖ်အေဖလားကိုသာ နှလုံးသားထဲ နှစ်မြှုပ်နိုင်ဖို့ ကစားသမားတွေကို တွန်းအားပေးပြီး အာဆင်နယ်တို့ အောင်ပွဲခံနိုင်ဖို့ အားထုတ်ပါလိမ့်မယ်။

လူတန်တောင်းနှင့် မီဝေါလ်

အင်္ဂလန်ရဲ့ စတုတ္ထတန်းမှာ ခြေစွာနေတဲ့ လူတန်တောင်းဟာ အတန်းမရွေးဘဲ ခြေစွမ်းပြနိုင်နေတဲ့ အသင်းဖြစ်ပါတယ်။ မထင်မှတ်စရာ ရလဒ်တွေကို စွမ်းဆောင်ပြနိုင်တဲ့ လူတန်တောင်းဟာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာတော့ နိုင်ပွဲတွေ မရှာနိုင်ခဲ့ပါဘူး။ မီဝေါလ်တို့က အသင်းလိုက် ကစားအားကောင်းပြီး ကစားအားမချဘဲ ပွဲချိန်ပြည့်ကစားနိုင်ပေမယ့် အဆုံးသတ်ဂိုးသွင်းမှုမှာတော့ အားနည်းချက်ရှိနေပါတယ်။ မီဝေါလ်ရဲ့ အားနည်းချက်က အဝေးကွင်းရလဒ်မကောင်းတတ်တာမို့ လူတန်တောင်းရဲ့ ဧည့်ခံမှုအနေအထားက ရလဒ်ကို အပြောင်းအလဲ ဖြစ်ပေါ်စေမှာပါ။ မီဝေါလ်ရဲ့ ကစားအားက သဘောကျစရာဖြစ်သလို လူတန်တောင်းရဲ့ တုံ့ပြန်မှုကလည်း နှစ်သက်စရာတော့ ဖြစ်နေပြန်ပါတယ်။

အိုးလ်ဟမ်းနှင့် အဲဗာတန်

ခန့်မှန်းရခက်တဲ့ အိုးလ်ဟမ်းရဲ့ ခြေစွမ်းကလည်း တစ်နေ့ရွှေ၊ တစ်နေ့ငွေပါပဲ။ လီဗာပူးလိုအသင်းကို နိုင်ပွဲရအောင်ကစားနိုင်ပေမယ့် ဝါဆောလိုအသင်းကို ရှုံးပွဲကြုံနေပြန်တာမို့ စိတ်အေးစရာတော့ မရှိပါဘူး။ အဲဗာတန်တို့ကတော့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ နေရာမှာ မန်ယူကိုပဲ ရှုံးပွဲကြုံခဲ့ပြီး ကျန်ပွဲတွေကို သရေနဲ့ အနိုင်ကစားထားပါတယ်။ အဲဗာတန်ဟာ အဝေးကွင်းဆိုပေမယ့် အားထည့်ကစားမှာမို့ ဒီပွဲမှာ ယုံကြည်မှုတွေ ပေးရမယ့် အခြေအနေပါပဲ။ ။

မိုးမြင့်လင်းလက်- ရေးသားသည်

အာဆင်နယ်အသင်းမှ ဝဲလ်ကော့သ်၏ ထိုးဖောက်ကစားဟန်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- မန်စီးတီးအသင်းသည် နာပိုလီတိုက်စစ်မှူး အသက် ၂၅ နှစ် အရွယ်ရှိ ကာဗာနီနှင့် ဆဲလ်တစ်ကွင်းလယ်ကစားသမား အသက် ၂၁ နှစ်အရွယ်ရှိ ဝမ်ယာမာအား လာမည့်နွေရာသီ၌ ပေါင်သန်း ၆၀ အကုန်အကျခံကာ ခေါ်ယူမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။
- ဘာစီလိုနာအသင်းဥက္ကဋ္ဌ တီတိုဗီလာနိုဗာက ချယ်လ်ဆီးနောက်ခံကစားသမား ဒေးဗစ်လုဇ်အား လာမည့်နွေရာသီတွင် ခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်ယူအသင်းသည် ရီးရဲမက်ဒရစ်ကို တစ်ဂိုးစီသရေပွဲကစားနိုင်ခဲ့သဖြင့် မန်ယူကွင်း၌ အကြိတ်အနယ်ကြိုးစားရတော့မည်ဟု ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုက ပြောကြားသည်။
- အေစီမီလန်အသင်းမှ အသက် ၂၀ အရွယ်တိုက်စစ်မှူး စတီဖင်ရှာရာဝီအား လာမည့် ၂၀၁၈ ခုနှစ်အထိ နှစ်ရှည်စာချုပ်သစ်ချုပ်ဆိုတော့မည်ဖြစ်သည်။
- ဆဲလ်တစ်အသင်းမှ အသက် ၂၅ နှစ်အရွယ် တိုက်စစ်မှူး ဟူးပါးကို လာမည့်နွေရာသီ၌ ခေါ်ယူလိုကြောင်း စပါးအသင်းတာဝန်ရှိသူများက ပြောကြားသည်။
- ဆန်းဒါးလန်းအသင်းသည် ရက်ဒင်းအသင်းမှ ခေါ်ယူရန်ကြိုးစားနေသော အသက် ၂၄ နှစ်အရွယ် တိုက်စစ်မှူး ဆန်ဇူအား အသင်းအများအပြားက စိတ်ဝင်စားလျက်ရှိရာ စာချုပ်သစ်ချုပ်ဆိုရန် ကြိုးစားနေကြသည်။
- လီဗာပူးအသင်းက ခေါ်ယူရန်ကြိုးစားနေသော ဆမ်ဒိုးရီးယားအသင်းမှ အသက် ၁၉ နှစ်အရွယ် တိုက်စစ်မှူး အီကာဒီးအား မန်ယူအသင်းကလည်း စိတ်ဝင်စားပြီး လေ့လာလျက်ရှိသည်။
- ပရီမီယာလိဂ်ထိပ်တန်းကလပ်က ခေါ်ယူရန်ကြိုးစားနေသော ဗိုင်နမိုမော်စကိုအသင်းမှ ဟန်ဂေရီတောင်ပံကစားသမား ဘာလက်စ်အား ရောင်းချမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ အမှတ် ၃၅နေ
(ဦးကျော်စိန်)-ဒေါ်ခင်မြင့်(ရွှေကျားကြီးကုမ္ပဏီလီမိတက်)တို့၏မြေး၊
(ဦးမြင့်သိန်း)-ဒေါ်ညွန့်လှိုင်တို့၏သားလတ်

မောင်ဖြိုးဝင်းလှိုင်(ခ)ကိုဖြိုး

2nd Years (Eco)

Director (Thukha Dana Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာယာဝတီလမ်း၊ ခြံအမှတ် ၁၈/B နေ
ဦးစိန်တင်-ဒေါ်သန်းသန်းအေးတို့၏သမီးထွေး

မသင်းသင်းကြည်(ခ)မမီးမီး

B.A (Eco)

တို့၏ ၁၂-၂-၂၀၁၂ရက်တွင် Traders Hotel(Myanmar Ballroom) ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် ဇနီး ဒေါ်ကြူကြူစိုးတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မမြရတနာမိုး၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဧည့်ခံပေးပါသော Emperor တေးဂီတ၊ တယော ကိုချမ်းအေးကြွယ်အဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ လက်ဝတ်ရတနာများကို မေတ္တာဖြင့် ဆင်မြန်းပေးပါသော Precious Jewellery မိသားစုနှင့် မိတ်ကပ်၊ ဆံပင် အလှဖန်တီးရှင် မေဦးမောင်နှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးဆင်မြန်းပေးပါသော 7 Pictures နှင့် မစန္ဒာ၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုများဖြင့် မှတ်တမ်းတင်ပေးပါသော Leopard & King နှင့် 7 Pictures တို့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော ဒေါ်သင်းအေးပိုနှင့်အဖွဲ့အားလည်းကောင်း၊ မီးအလှဆင်ပေးပါသော ACT (Lighting)နှင့်အဖွဲ့အားလည်းကောင်း၊ တိမ်လွှာမီးခိုးများအဖြစ် အလှဖန်တီးပေးပါသော မြန်မာကာဘောနစ်နှင့်အဖွဲ့အားလည်းကောင်း၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးဝင်းလှိုင်-မသင်းသင်းကြည်

လှိုင်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ တိုက် ၃၂၊ အခန်း ၉နေ ဦးနေဝင်း (နေဝင်းမျက်မှန်)မိသားစုမှ ကွယ်လွန်သူ ဇနီး ဒေါ်အေးအေးသန်းအားရည်စူး၍ အလှူငွေကျပ်ငါးသိန်းတိတိအား ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ လှူဒါန်းခဲ့ပါသည်။ အဆိုပါလှူဒါန်းခြင်းအား ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့က သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန် အသိပေးအပ်ပါသည်။

ဦးနေဝင်း(နေဝင်းမျက်မှန်)မိသားစု

ကားရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

Suzuki Swift 2011 (ရုပ်ပြောင်း)
XL grade (Block)Km- 15...
Condition 4(A/A), ၃၀/၄...
ကျပ် သိန်း ၁၅၀
ဖုန်း-၀၉-၇၃၁၀၂၆၂၀၊ ၀၉-၅၀၃၁၇၄၉

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဇော်ဝင်းမြင့်၏ မြန်မာနိုင်ငံကူးလက်မှတ် MA-၀၁၅၁၀၆၊ ထုတ်ပေးရက်စွဲ ၃၁-၁၂-၂၀၁၂ရက်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ကျေးဇူးအထူးဆပ်ပါမည်။

ဖုန်း-၀၉-၇၃၀၈၆၇၅၃

ချင်းအမျိုးသားနေ့တက်ရောက်ပါရန် ဖိတ်ကြားခြင်း

၂၀-၂-၂၀၁၃ရက်တွင် ကျရောက်မည့် (၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ-ရန်ကုန်)မှ ကြီးမှူး၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)
ကျင်းပမည့်အချိန် - မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ
ကျင်းပမည့်နေရာ - လှိုင်မင်္ဂလာခန်းမ၊ အောင်ဓမ္မရိပ်သာလမ်း၊ သမိုင်းလမ်းဆုံအနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ပါဝင်မည့်အစီအစဉ် - ချင်းရိုးရာအကများ၊ ဆုပေးပွဲ၊ culture show တေးတေးဂီတဖျော်ဖြေမှုများ
ဆက်သွယ်ရန် - ဖုန်း-၀၉-၄၄၈၀၁၅၁၁၅၊ ၀၉-၄၂၁၁၇၃၁၈၉၊ ၀၉-၄၄၈၀၃၃၂၇၆၊ ၀၉-၅၁၇၅၇၈၄

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မမြတ်မြတ်ထွန်း ၁၂/မရက(နိုင်)၁၁၁၄၃၆သည် မိဘ ဆိုဆုံးမမှုစကားကို နားမထောင်ဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအားလုံးတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ခင်ကြည်
၁၂/မရက(နိုင်)၀၂၂၂၀၉
ညီအစ်ကိုမောင်နှမများ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျရောင်းချပေးလျက်ရှိ

ပုသိမ် ဖေဖော်ဝါရီ ၁၅

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပညာပေးပြခန်းများကို ပုသိမ်မြို့ ကန်သာယာကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် **(အပေါ်ပုံ)** သည် ပညာပေးပြခန်းများ အသီးသီးအနက် တောင်သူလယ်သမားများ အဓိက အကျိုးစီးပွားဖြစ်ထွန်းစေမည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို စက်မှုလယ်ယာဦးစီးဌာနမှ လက်ငင်းငွေချေ၊ အရစ်ကျငွေချေ စနစ်များဖြင့် ရောင်းချပေးလျက်ရှိသည်ကို တိုင်းဦးစီးမှူး ဦးအောင်မြင့်ထွန်း၏ ရှင်းလင်းဖြေကြားချက်များနှင့် လက်တွေ့ရောင်းချနေသည့် မြင်ကွင်းများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာပြီး လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြောင်း သိရှိရသည်။

ပုသိမ်လှကြည်

မြောက်ပိုင်းဒေသများနေရာကွက်၍ မိုးထစ်ချုန်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ မိုးကုတ်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် လွိုင်လင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခရမ်းမြို့တွင် ၀ ဒသမ ၃၁ လက်မနှင့် မိုင်းဆက်မြို့တွင် ၀ ဒသမ ၀၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နွေစပါးသီးထပ်ကို ရေပေးသွင်း စိုက်ပျိုးနိုင်မည့် ချောင်းကော၊ မြောင်းကောများ တူးဖော်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးရွာအုပ်စုများ၌ ချောင်းကော၊ မြောင်းကောများဖြစ်သည့် ဝေါမိရိုး၊ ကျောက်ဖျာရိုး(ကျုံတာရိုး) ချောင်းတူးဖော်ခြင်းနှင့် မြောင်းချဲ့ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၆ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ရေသွင်းစိုက်ပျိုးနိုင်

အဆိုပါချောင်းကော၊ မြောင်းကောများဖြစ်သော ကျောက်ဖျာရိုး (ကျုံတာရိုး)မြောင်း အလျား ၃ ဒသမ ၄၈ မိုင်၊အောက်ခြေအကျယ် ပေ ၃၀၊ ထိပ်ဝအကျယ် ၄၄ ပေ၊ ပျမ်းမျှအနက် ခုနစ်ပေခန့်ရှိပြီး အဆိုပါရေနုတ်မြောင်း တူးဖော်ပြီးစီးပါက ကျေးရွာအုပ်စု ပေါင်း ငါးအုပ်စု၊ ကွင်းပေါင်း ၁၀ ကွင်း၊ လယ်ဧကပေါင်း ၃၀၀၀ ကျော် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ကျောင်းကုန်းမြို့နယ် စိုက်/တိုးမြှင့်အဖွဲ့နှင့် ကျေးရွာအုပ်စု ငါးအုပ်စု တောင်သူများထံမှ သိရှိရသည်။ အလားတူ ဝေါမိရိုးကိုလည်း ဖေဖော်ဝါရီ ၂ ရက်က စတင်တူးဖော်လျက်ရှိပြီး မြောင်း အလျား ၁ ဒသမ ၅၇ မိုင်၊ အောက်ခြေအကျယ် ပေ ၃၀၊ ထိပ်ဝ အကျယ် ၄၄ ပေ၊ ပျမ်းမျှအနက် ခုနစ်ပေခန့်ရှိပြီး တူးဖော်ပြီးစီးပါက လယ်ဧက ၂၀၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ် နိုင်မည့်အပြင် နွေစပါးသီးထပ်ကိုလည်း ရေသွင်းစိုက်ပျိုးနိုင်ကြောင်း သိရှိရသည်။

ဂျုံးဂျုံးဂျချောင်းကို အလျား ၄ ဒသမ ၅ မိုင်ခန့်၊ အကျယ် ပေ ၅၀၊ ပျမ်းမျှအနက် ခုနစ်ပေခန့် ဆက်လက်တူးဖော်သွားမည် ဖြစ်ကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၁၈၁)**

ကျောင်းရှေ့က အမှိုက်ပုံ အမြင်မသင့်တော်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဝန်ထမ်းများ နေထိုင်သည့် ရပ်ကွက်များတွင် မြို့တော်စည်ပင်မှ နေ့စဉ်အမှိုက်သိမ်းယာဉ်များ ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်များ လိုက်လံသိမ်းလျက်ရှိသည်။

သို့သော် အချို့သော ဝန်ထမ်းမိသားစုများသည် မိမိတို့အခန်းများမှ စားကြွင်းစားကျန်များ၊ မီးဖိုချောင်ထွက် အမှိုက်များကို အမှိုက်သိမ်းယာဉ်လာစဉ် စနစ်တကျစွန့်ပစ်ခြင်းမရှိဘဲ ကြုံရာလမ်းဘေးသို့ စွန့်ပစ်နေခြင်းများရှိနေသည်။

နေပြည်တော် ဓနသိဒ္ဓိရပ်ကွက် ဧက ၁၀၀၀ရှိ အင်္ဂလိပ်စာလေ့ကျင့်သင်ကြားရေးကျောင်းရှေ့နှင့် ဘေးပတ်လည်တွင် စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်ထားသည်မှာ **(ယာပုံ)** ကျောင်း၏သာယာလှပမှုကို ဖျက်ဆီးနေသလိုရှိပါ၍သက်ဆိုင်ရာမှ အဆိုပါ အမှိုက်ပုံကို ဖယ်ရှားပေးသင့်ပါသည်။ အမှိုက်သိမ်းယာဉ်လာစဉ် အကြောင်းအမျိုးမျိုးကြောင့် မမီလိုက်သောသူများအဖို့ အမှိုက်များစွန့်ပစ်နိုင်ရန် လမ်းအလိုက် အမှိုက်ကန်များထားရှိပေးပါက ပိုသင့်တော်မည်ဖြစ်သည်။

သို့မှသာ အမှိုက်စွန့်ပစ်သောသူများအနေဖြင့်လည်း စည်းကမ်းတကျ အမှိုက်စွန့်ပစ်နိုင်ပြီး မိမိတို့လမ်း၊ မိမိတို့ရပ်ကွက်၊ မိမိတို့ ပတ်ဝန်းကျင် သန့်ရှင်းသာယာပြီး ကျန်းမာရေးနှင့်လည်း ညီညွတ်နိုင်မည်ဖြစ်သည်။

(သန်းဦး-လေးမျက်နှာ)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန



ဖေဖော်ဝါရီ မွေးနေ့ဆုတောင်း

ဖေဖေ ဒုတိယဗိုလ်မှူးကြီးဝင့်သူနှင့် မေမေ ဒေါ်မြနန်းသီတို့၏သမီး မဆောင်းဝင့်သံစဉ်(သဲသဲ)၏ ၁၂-၂-၂၀၁၃ရက် (ပြည်ထောင်စုနေ့)တွင် ကျရောက်သော (၃)နှစ်ပြည့်မွေးနေ့နှင့် ၁၆-၂-၂၀၁၃ရက်တွင် ကျရောက်သော သမီးလေး မစိုးပြည့်သံစဉ်၏ (၁)နှစ်ပြည့် မွေးနေ့မှသည် ဘဝတစ်လျှောက်လုံး ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများပြည့်ဝကာ အမျိုးဘာသာ၊ သာသနာကို ဆောင်ရွက်နိုင်ကြသော သမီးလေးများ ဖြစ်ကြပါစေ...

- ဘိုးဘိုး ဦးတင်မောင်-ဘွားဘွား ဒေါ်ခင်မာနီ (သုခကြွယ် စိုက်ပျိုးရေးဆေးဆိုင်၊ ကျောင်းကုန်းမြို့)
- ဦးဦး ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦး-ဒေါ်ငြိမ်းချမ်းလှိုင်
- ဦးအောင်လှိုင်ထွေး-အန်တီ တင်မိုးမြင့်
- ဦးဦး ဗိုလ်ကြီးသီဟန်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စောဆာလောလ ၁၂/အစန(နိုင်) ၀၄၁၈၉၁၏ CDC စာအုပ်နှင့်လက်မှတ်များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၆၄၀၈၄၁ (ရုံး)-၃၈၀၉၅၆

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စဥ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်ကွက်နေ ဦးပေါ်သောင်း-ဒေါ်မြမြတို့၏သား

ဗိုလ်ကြီးကိုကိုလတ်

နှင့်

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၃)နေ ဦးကျင်မောင်-(ဒေါ်တင်ငွေ) (ရွှေအိမ်စည်မိသားစု)တို့၏သမီး

မမိမိလှိုင် B.A, Eng: (MUFL)

တို့သည် ၁၅-၂-၂၀၁၃ရက် (သောကြာနေ့)တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကိုကိုလတ်-မမိမိလှိုင်

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ သုံးတောင်ကျေးရွာ၊ ဦးအုန်းရွှေ၏ ယာတော၊ ကွင်းအမှတ် ၆၅၁၊ ဦးပိုင် ၁၅အတွင်း ဧရိယာ ၂ ဒသမ ၃၇ဧက အကျယ်အဝန်းရှိမြေကို မန္တလေးမြို့နေ ဦးတင်ဦး(ခ)ဦးတင်မောင်ဦး ၉/မရမ(နိုင်)၀၄၀၄၁၉က ဝယ်ယူခဲ့ပြီးနောက် ၄င်းထံမှတစ်ဆင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)နေ ဦးဝင်းတင့်(ခ)ကိုဝင်း ၉/မမန(နိုင်)၀၂၄၉၀၁က လွန်ခဲ့သည့် ၂၀၁၁ခုနှစ်အတွင်းက ထပ်မံဝယ်ယူခဲ့ပါသည်။ အထက်ပါအတိုင်း ဦးဝင်းတင့်(ခ)ကိုဝင်း ဝယ်ယူခဲ့သော မြေဧရိယာ ၂ဒသမ၃၇ဧက အကျယ်အဝန်းရှိမြေကိုလည်း ဧရိယာအတိအကျ သတ်မှတ်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ လွန်ခဲ့သော ၁၀-၂-၂၀၁၃ ရက်တွင် အမည်မသိလူတစ်စုက ဦးဝင်းတင့် ဝယ်ယူခဲ့သည့် မြေဧရိယာအတွင်းသို့ ဦးဝင်းတင့်၏ ခွင့်ပြုချက်မရှိဘဲ ဝင်းခြံအခိုင်အမာကာရံလျက်ရှိသဖြင့် ကျေးရွာလူကြီးများနှင့် သွားရောက်တားမြစ်ခဲ့သော်လည်း လက်မခံဘဲ ဝင်းခြံကာရံခြင်းကို ဆက်လက်ဆောက်လုပ်လျက်ရှိပါသည်။ ထို့ကြောင့် ဦးဝင်းတင့် ဝယ်ယူခဲ့သည့် မြေဧရိယာအတွင်း တရားမဝင် ဝင်ရောက်၍ ဝင်းခြံအခိုင်အမာဆောက်လုပ်သူ လူတစ်စုအနေဖြင့် အချင်းဖြစ်မြေနှင့်ပတ်သက်သည့် အထောက်အထားများနှင့်တကွ ယနေ့သတင်းစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဦးဝင်းတင့်၏ ကိုယ်စားလှယ်စာရသူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ဝင်းခြံကာရံခြင်းလုပ်ငန်းကို ရပ်ဆိုင်းမှုမပြုဘဲ ဆက်လက်လုပ်ဆောင်ပါက တရားဥပဒေနှင့်အညီ ဆက်လက်အရေးယူ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးစိုးမိုးအောင် [ဦးဝင်းတင့်(ခ)ကိုဝင်း၏ ကိုယ်စားလှယ်စာရသူ]
အမှတ် ၁၉၆၊ ပြည်တော်သာ ၄ လမ်း ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၄၆၃၆

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်အောင်LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၄၅)
အမှတ် ၈၊ ၆၈ လမ်းနှင့် ၃၂ လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၀၉၀၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်စွာ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဦးပိုင်လုပ်ကွက်အလိုက်ထုတ်ပေးမည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်နှင့် သက်သေခံမြေပုံ (မြေစာရင်းပုံစံ-၁၀၅)တို့တွင် အတုအပ မပြုလုပ်နိုင်ရန် အဆင့်မြင့်နည်းပညာသုံး လုံခြုံရေးရောင်ပြန်ပြား (Hologram)ကပ်နိုပ် အသုံးပြုမည်ဖြစ်ပါသည်။

၂။ အထက်ပါ လုံခြုံရေးရောင်ပြန်ပြား (Hologram) ပြုလုပ်မှုနှင့်စပ်လျဉ်းပြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ မြေယာစီမံဌာနခွဲနှင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာနခွဲတွင် အိတ်ဖွင့်ဈေးနှုန်းပုံစံနှင့် စည်းကမ်းသတ်မှတ်ချက် တစ်စုံလျှင် (၁၀၀၀ိ/)ကျပ်နှုန်း ပေးသွင်း၍ ရယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီဖြစ်ပြီး နေပြည်တော်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ မြေယာစီမံဌာနခွဲသို့ လုံခြုံရေးရောင်ပြန်ပြား (Hologram)ဆိုင်ရာ အချက်အလက်များ၊ ပုံစံနမူနာများနှင့်အတူ အရောက်ပေးပို့ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနခွဲ၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၁၀၃၀၄၊ ၀၆၇-၄၁၀၂၉၁များသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရုံးအမှတ်-၁၅၊ နေပြည်တော်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျန်းမာရေးနှင့်ညီညွတ်စေသော ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများ စားသုံးရန်လိုအပ်

လူသားတို့သည် ကျန်းမာရေး ကောင်းမွန်စေရေးနှင့် အသက်ရှည်စွာ နေထိုင်နိုင်ရေးတို့အတွက် ဟင်းသီး ဟင်းရွက်နှင့် အသီးအနှံများကို စားသုံးကြရသည်။ ထို့အတူ ကြက်၊ ဝက်၊ ကျွဲ၊ နွား တိရစ္ဆာန်တို့ကိုလည်း ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ ကျွေးကြရသည်။

စိုက်ပျိုးသူ တောင်သူများက ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို ပိုးမကျရန် ပိုးသတ်ဆေးများ ပက်ဖျန်းကြပြီး ဈေးကွက်တွင် ရောင်းချကြသည်။ ပိုးသတ်ဆေးပက်ဖျန်းထားသော ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို ရေစိမ်ထားခြင်း၊ သန့်ရှင်းစွာ ဆေးကြောခြင်းမရှိဘဲ စားသုံးမိပါက အဆိပ်အတောက်ဖြစ်စေပြီး လူနှင့် တိရစ္ဆာန်များ အသက်အန္တရာယ် ထိခိုက်စေနိုင်သည်။

ဇန်းမော်မြို့ ပင်စင်ကုန်းရပ်ကွက်တွင် ပန်းမုန်လာရွက်များကို ရေဖြင့် သန့်ရှင်းစွာဆေးကြောခြင်း၊ ရေစိမ်ထားခြင်းမရှိဘဲ ဝက်များကို ကျွေးခဲ့သဖြင့် ဒေါ်မာထွယ်အိမ်မှ ဝက်နှစ်ကောင်၊ ဒေါ်ခွန်တောင်အိမ်မှ ဝက်တစ်ကောင် အဆိပ်တောက်ဖြစ်ပြီး သေဆုံးခဲ့သည်။ တိရစ္ဆာန်ဖြစ်၍ လူသာဖြစ်လျှင် လွယ်ကူမည်မဟုတ်ပေ။ ရောင်းသူက ရောင်းကြသလို ဝယ်သူကလည်း သတိတရား ဆင်ခြင်တုံတရား ထားရှိရန် လိုအပ်သည်။ အရာရာတိုင်း လွယ်လွယ်ကူကူ ပေါ့ပေါ့ဆဆ ပြုလုပ်ကြလျှင် မထင်မှတ်သော အမှားများနှင့် ရင်ဆိုင်ကြရပေမည်။

တပ်ကလေးရပ်ရှိ ဟင်းသီးဟင်းရွက် စိုက်ခင်းသို့ ရောက်ရှိသည့်အခါ မုန်လာရွက်များစားမိ၍ ဝက်များ သေဆုံးကြောင်း ပြောပြခဲ့ရာ "ကျွန်တော်တို့က ဟင်းသီးဟင်းရွက်များကို ပိုးသတ်ဆေးပက်ဖျန်းပြီး ၁၀ ရက်ကျော်မှ ခူးပြီးရောင်းတယ်။ လောဘကြီးသူတွေက ဒီနေ့ဆေးဖျန်းပြီး ဒီနေ့ ခူးရောင်းတော့ အသက်အန္တရာယ်တွေ ထိခိုက်စေတာပေါ့"ဟု စိုက်ပျိုးရောင်းချသူတစ်ဦးက ပြောပြသည်။ သူပြောတာမှန်ပါသည်။ သူ၏ စိုက်ခင်းသို့ ကျွန်တော်ရောက်တိုင်း သူသည် ပိုးသတ်ဆေးပက်ဖျန်းနေတာ တွေ့ရပါသည်။ ဒီကနေ့အထိ သူ၏ စိုက်ခင်းမှာ ပြဿနာတစ်စုံတစ်ရာ မရှိခဲ့ပေ။

ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို စားသုံးလျှင် ကျန်းမာရေး ကောင်းမွန်ပြီး ခွန်အားပြည့်ဝစေသည်ဟုဆိုသော်လည်း "အသက်ကို ဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့်" ဆိုသကဲ့သို့ ပိုးသတ်ဆေးနှင့် ဓာတုဆေးဝါးများ အသုံးပြုစိုက်ပျိုးသော ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိမရှိ ဆင်ခြင်သုံးသပ်ရန် လိုအပ်ပေသည်။

ဈေးဝယ်နေသော အမျိုးသမီးကြီးက ပိုးကိုက်ထားသော အသီးအရွက်များကိုသာရွေးချယ်၍ ဝယ်နေသဖြင့် မေးမြန်းကြည့်ရာတွင် "ပိုးကိုက်ရာ ပါတယ်ဆိုရင် ပိုးသတ်ဆေး အသုံးပြုမထားဘူးဆိုတာ သိရတယ်။ ဒါကြောင့် ပိုးကိုက်ရာပါတဲ့ အသီးအရွက်ကို ရွေးချယ်ဝယ်တာပါ"ဟု ပြောပြသည်။ ဟင်းသီးဟင်းရွက် ဝယ်လာတိုင်း ကြာရှည်စွာ ရေစိမ်ထားပြီးမှ ချက်ပြုတ်စားသောက်လေ့ရှိသည့် တူမတစ်ယောက် မုံရွာမှာရှိ၏။

ပိုးသတ်ဆေး ပက်ဖျန်းပြီးသော ပန်းမုန်လာရွက်ကို ရေစိမ်ထားလျှင် ရေသည် အဖြူရောင်ဖြစ်လာပြီး စားကြည့်လျှင် ခါးသည်ဟု ဝက်မွေးမြူသူတစ်ဦးက ပြောပြသည်။

ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို သဘာဝမြေသြဇာများ အသုံးပြု၍ စိုက်ပျိုးကြသလို ဓာတုဆေးဝါးများအသုံးပြု၍ စိုက်ပျိုးကြသည်လည်းရှိ၍ စားသုံးသူ ပြည်သူများက ကျန်းမာရေးကောင်းမွန်စေပြီး အသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်စေသော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို ရွေးချယ်စားသုံးကြရန် လိုအပ်ပါကြောင်း ဆန္ဒပြု ရေးသားအပ်ပါသည်။ **(ဆီမီးခုံ-နန်းရီ)**

လယ်ဝေးမြို့နယ်ရှိ အမကကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားကျင်းပ

လယ်ဝေး ဖေဖော်ဝါရီ ၁၅

လယ်ဝေးမြို့နယ် ပိတောက် ချောင်အုပ်စုရှိ လက်ပံခုန် အမကကျောင်း နှင့် ညိုပင်အုပ်စုရှိ သုံးတန်ကူး အမကကျောင်းတို့၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးရန်ပုံငွေကျပ် ၂၁၆ သိန်းဖြင့် ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြသည့် ပေ(၆၀×၃၀) အုတ်ညှပ် တစ်ထပ် ကျောင်းဆောင်သစ်များ ဖွင့်ပွဲ အခမ်းအနားများနှင့်ကုမ္ပဏီက ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဝင်း၊ တာဝန်ရှိသူများနှင့်အတူ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** **(၁၅၄)**

မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် လယ်စောင့်တဲတွင် ကလေးသုံးမွှာပူးမွေးဖွား

မော်လမြိုင် ဖေဖော်ဝါရီ ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် (၂၃)လမ်း လယ်စောင့်တဲတွင် နေထိုင်သည့် ဒေါ်ခင်လေးနွယ် အသက်(၃၄)နှစ်သည် ဖေဖော်ဝါရီ ၉ ရက် ည ၈ နာရီခွဲက သီရိမြိုင်ရပ်ကွက်ရှိ အရပ်လက်သည်ဖြင့် ကလေးသုံးမွှာပူးမွေးဖွားခဲ့သည်။ ရှေ့ဆုံးမှမွေးဖွားသောကလေးမှာ သုံးပေါင်၊ ဒုတိယမွေးဖွားသော ကလေးမှာနှစ်ပေါင်နှင့်လေးအောင်စ၊တတိယကလေးမှာ သုံးပေါင် ဝ ဒသမ ၈ အောင်စဖြင့် မွေးဖွားခဲ့သည်။ ၎င်းနောက် နံနက်ပိုင်းတွင် မိခင်၏ ကျန်းမာရေးအခြေအနေမှာ မကောင်းသဖြင့် ဆေးဝါးကုသမှုခံယူရန် အထွေထွေရောဂါကု ဆေးရုံကြီးသို့ တက်ရောက်ခဲ့ရပြီး အထွေထွေရောဂါကုဆေးရုံကြီးက အခမဲ့ ဆေးဝါး ကုသပေးခဲ့သည်။ ၎င်းတို့မိသားစုမှာ လက်လုပ်လက်စားဖြစ်၍ ဆေးဝါးကုသမှုခံယူရန်အတွက် ငွေကြေးလိုအပ်၍ ရပ်ကွက်လူငယ်အဖွဲ့အစည်းက ငွေကျပ်တစ်သိန်းလှူဒါန်းခဲ့သည်။ ၎င်းမိသားစုအား ငွေကြေးလှူဒါန်းလိုပါက မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီးနှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(ဦးတင်ထွန်း)**

ကျောင်းကုန်းမြို့နယ်၌ ထရန်စဖော်မာတစ်လုံးတိုးချဲ့တပ်ဆင်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၅

ကျောင်းကုန်းမြို့နယ် လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လျှပ်စစ်မီးသုံးစွဲသူပြည်သူများ လျှပ်စစ်မီးပြည့်ဝစွာ သုံးစွဲနိုင်ရန်အတွက် ၃၃/၁၁ ကေဗွီ ၁၂၅၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံ (ကျောင်းကုန်း)တွင် တိုးချဲ့ဆောင်ရွက်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးငြိမ်းချမ်းအောင်နှင့် ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ) (ဝ၉၁)

မီးဖို မီး အခြားမီး သုံးပြီးသတိ အမြဲရှိ

တိုးမြှင့်ပင်စင်လစာ

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (ယခင်ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့လက်အောက်ရှိစဉ်)မှ အငြိမ်းစားယူခဲ့ကြသော ပင်စင်စားများအနက် တိုးမြှင့်ပင်စင်လစာ ခံစားခွင့်လျှောက်ထားရန် ကျန်ရှိသူများအား ၂၈-၂-၂၀၁၃ရက် နောက်ဆုံးထားပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ လာရောက်ဆက်သွယ်လျှောက်ထားနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်

နှစ် (၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်မင်္ဂလာဆုတောင်း

ချစ်ရသော ကျေးဇူးရှင်ဖေဖေ ဦးမျိုးဝင်းမြင့်(တိုင်း-ထွေ/အုပ်-ငြိမ်း)၊ မေမေ ဒေါ်မြင့်မြင့်သန်းတို့၏ ၁၆-၂-၂၀၁၃ရက်တွင် ကျရောက်သည့် နှစ် (၅၀)ပြည့် ရွှေရတုနှစ်ပတ်လည် မင်္ဂလာနေ့မှသည် နောင်နှစ်ပေါင်း များစွာတိုင် ချစ်သားသမီး မြေးများနှင့်အတူ ကျန်းမာချမ်းသာ ပျော်ရွှင် စွာဖြင့် ရွှေလက်မြဲမြဲတွဲလျက် မြတ်သောဒါန၊ သီလ၊ ဘာဝနာများ ပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သား၊ သမီး၊ ချစ်မြေးများ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၄၈၄၈ Rammar Super Chariot Grace II အမျိုးအစား Micro Bus (4×2)L ယာဉ်လက်ဝယ်ရှိသူဒေါ်နန်းခင်မြသိန်း ၁၃/ကမန(နိုင်)၀၀၁၀၈၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၄၂၇၅၀ ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလွင် ၉/ရမသ(နိုင်)၀၂၇၃၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရမည်းသင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၄၂၃၃ Nissan Diesel Truck ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလှကြူ ၁၃/သနန(နိုင်)၀၀၂၉၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၄၆၉၂ Toyota Mark II၊ Saloon ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းမြင့် ၁၂/သလန(နိုင်)၀၃၁၀၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

မွေးနေ့ဆုတောင်း

သားကြီး ဒုဗိုလ်ချမ်းမြေ့ဇော် M.B.,B.S (D.S.M.A)အမှတ်(၅) တပ်မတော်ဆေးရုံ (ခုတင်-၃၀၀)မော်လမြိုင်မြို့၏ ၁၃-၂-၂၀၁၃ရက်တွင် ကျရောက်ခဲ့သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြီးပြည့်စုံ၍ နိုင်ငံအကျိုး ဆတက်ထမ်းပိုးအောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ချစ်ဖေဖေ -ဦးလှညွန့် (မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

ချစ်မေမေ -ဒေါ်သေးသေး (မြို့နယ်စာရင်းရုံး၊ နေပြည်တော်၊ တပ်ကုန်းမြို့)

ချစ်ညီလေး -ဒေါက်တာ ငြိမ်းချမ်းဇော် M.B.,B.S (Mdy)၊ အလုပ်သင်ဆရာဝန် (အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့)

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်သန့်ဇင်ထွန်း ၁၂/လသန(ဧည့်)၀၀၁၃၃၉ နှင့် ကျွန်မ မခိုင်ခိုင်ကြည် ၁၂/တမန(နိုင်)၁၀၀၈၀၅တို့သည် ၃၁-၁-၂၀၁၃ ရက်တွင် ပန်းဘဲတန်းမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးကြောင်း ကြေညာအပ်ပါသည်။

သန့်ဇင်ထွန်း-ခိုင်ခိုင်ကြည်

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်
ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများ တင်ပြရောင်းချခဲ့သော ပုဂ္ဂလိက ကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်
၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကုမ္ပဏီ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကပိုင်ကျောက်စိမ်းအရိုင်းနှင့် အချောထည်များကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးလျက်ရှိပါသည်။ ရောင်းချရသော ကျောက်စိမ်းတွဲများကို ဝယ်ယူသူသို့ ထုတ်ပေးခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို သက်ဆိုင်ရာကုမ္ပဏီ၊ သမဝါယမအသင်းနှင့် ပုဂ္ဂလိကများသို့ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၁၉၉၄ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ကာလအတွင်းကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်းတွဲများ တင်ပြရောင်းချခဲ့ကြသော်လည်း ရောင်းချရခြင်းမရှိသဖြင့် ပြန်လည်ထုတ်ယူကြရန် အကြောင်းကြားခြင်း၊ ကြေညာသင်ပုန်းများတွင် အကြိမ်ကြိမ်အသိပေးနှိုးဆော်ခြင်းများနှင့် ၂၀၁၂ခုနှစ် နိုဝင်ဘာ (၁၂၊ ၁၄၊ ၁၆)ရက်များတွင် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၂၀၁၂ခုနှစ် နိုဝင်ဘာ (၁၃၊ ၁၅၊ ၁၇) ရက်များတွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ကြေညာစာများထည့်သွင်း အသိပေးကြေညာခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းကဆောင်ရွက်ခဲ့ရာ ကျောက်စိမ်းတွဲပိုင်ရှင် နှစ်ဦးကသာ ကျောက်စိမ်းရိုင်း နှစ်တွဲကိုပြန်လည်ထုတ်ယူရန် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ကျောက်စိမ်းတွဲပိုင်ရှင် (၃၄)ဦးက ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါ။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ ထုတ်ယူရန်ကျန်ရှိနေသည့် ပုဂ္ဂလိကကျောက်စိမ်းတွဲပိုင်ရှင်များသည် ကျောက်စိမ်းရိုင်းများအပ်နှံခဲ့သည့် မူလစာရွက်စာတမ်းများနှင့်အတူ ၃၁-၃-၂၀၁၃ရက် နောက်ဆုံးထားပြီး သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်သည်။

၄။ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန် ကျန်ရှိနေသည့်ပုဂ္ဂလိကကျောက်စိမ်းအတွဲပိုင်ရှင်များ၏ အမည်စာရင်းမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	လုပ်ငန်းရှင်အမည်	မှတ်ပုံတင်အမှတ်
၁	ဒေါ်ဆွေလင့်စီ	အန်ကေအမ်-၀၉၅၈၃၉
၂	ဒေါ်ချင်ကျိန်	အိတ်ချ်ဒဗလျူအိုင်-၀၄၅၁၉၈
၃	ဒေါ်အမ်ဖိန်	အယ်လ်အက်စ်အို-၁၈၂၅၉၀
၄	ဦးမြင့်စိုး	၅/ခတန(နိုင်)၀၀၅၅၆၇
၅	ဦးသိန်းဝင်း	-
၆	ဦးခရိုင်းနော်အောင်	အမ်ကေအေ-၀၃၉၈၃၅
၇	ဦးဝင်းရှိန်+ဦးချစ်စံ	၉/မရမ(နိုင်)၀၆၄၇၅၉
၈	ဦးနော်အောင်	၁/မကန(နိုင်)၀၁၃၄၃၄
၉	ဦးသောင်းထီ	အက်စ်ဂျီဂျီ-၀၄၄၅၄၁
၁၀	ဦးစောစေတာ	ဘီအက်စ်အင်န်-၀၄၇၆၈၆
၁၁	ဦးစောထွန်းနိုင်	၁/မကန(နိုင်)၀၄၇၉၇၆
၁၂	ဦးမောင်မောင်မြင့်+ဦးအောင်ကြည်	အမ်အမ်အို-၃၁၂၅၁၉
၁၃	ဦးမောင်မောင်စိန်	အေအမ်အေ-၀၉၅၈၆၃
၁၄	ဦးအေး	၉/မရမ(နိုင်)၀၀၁၉၀၅
၁၅	ဦးအောင်ဝင်း	၁/မကတ(နိုင်)၀၃၀၂၂၀
၁၆	ဦးဇော်ရာ	၁/ဗမန(နိုင်)၀၀၁၃၇၄
၁၇	ဦးဇော်ယူဂမ်မွန်	-
၁၈	ဦးနွယ်ဘွား	၅/စကန(နိုင်)၀၈၇၈၀၁
၁၉	ဦးမြင့်နိုင်ဦး+ဦးစိုးမြင့်	၉/မရမ(နိုင်)၀၃၆၀၃၀
၂၀	ဦးမြတ်ဇော်ဦး	၁/မကတ(နိုင်)၀၃၀၃၈၉
၂၁	ဦးသန်းထွေး	၉/မနတ(နိုင်)၀၈၆၄၅၃
၂၂	ဦးသန်းမြင့်	-
၂၃	ဦးစီဘီလတောင်	-
၂၄	ဦးစိုးနိုင်	၁၃/ကခဥ(နိုင်)၀၃၄၂၁၇
၂၅	ဦးစိုးနိုင်ဦး	၇/ပလန(နိုင်)၀၄၀၅၅၂
၂၆	ဦးစိုးမြင့်	၁၂/လသန(နိုင်)၀၈၆၈၀၂
၂၇	ဦးစိုင်းမျိုးဝင်း	၁/မကတ(နိုင်)၀၀၀၃၂၆
၂၈	ဦးမရစ်နော်	၁/မကန(နိုင်)၀၁၆၄၆၀
၂၉	ဦးအင်ဒူယဉ်တူးဂျာ	၁/မကတ(နိုင်)၀၁၈၁၁၈
၃၀	ဦးကံရီ	၅/စကန(နိုင်)၁၂၈၂၃
၃၁	ဦးလရော်	ကေအမ်ဂျီ-၀၄၁၂၉၁
၃၂	ဦးလုထွန်း	-
၃၃	ဦးတင်ထွန်းလင်း	၁၂/ရပသ(နိုင်)၀၃၃၁၁၃
၃၄	ဦးထွန်းရွှေ	အယ်လ်အက်စ်အို-၂၇၁၉၅

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး(မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး(မြစ်ကြီးနား)သို့ လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ဒုတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်
ရတနာပြပွဲများတွင်ကျောက်စိမ်းအရိုင်းတွဲများတင်ပြရောင်းချခဲ့သော ဖက်စပ်ကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်
၁၃၇၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်စိမ်းဖက်စပ်လုပ်ငန်းမှ တူးဖော်ရရှိသောကျောက်စိမ်းအရိုင်းများကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးခဲ့ပါသည်။

၂။ ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်အတွဲဖွဲ့ခြင်း၊ အခြေခံဈေးပြင်ဆင်သတ်မှတ်ခြင်းများဆောင်ရွက်ပြီး ရတနာပြပွဲများတွင် တင်ပြရောင်းချနိုင်ရန်အတွက် သက်ဆိုင်ရာဖက်စပ်လုပ်ငန်းရှင်များက စီစဉ်ဆောင်ရွက်ကြရပါသည်။ ၁၉၉၉ ခုနှစ်၊ နှစ်လယ်ရတနာပြပွဲတွင် ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို အတွဲပြင်ဆင်ဖွဲ့စည်းခြင်း၊ အခြေခံဈေးပြင်ဆင်သတ်မှတ်ခြင်းများဆောင်ရွက်ပြီး ရတနာပြပွဲတွင် တင်ပြရောင်းချကြပါရန်အကြောင်းကြားခြင်း၊ ကြေညာသင်ပုန်းများတွင် အကြိမ်ကြိမ်အသိပေးနှိုးဆော်ခြင်းများနှင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁၂၊ ၁၄၊ ၁၆)ရက်များတွင် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ(၁၃၊ ၁၅၊ ၁၇)ရက်များတွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ကြေညာစာများထည့်သွင်းအသိပေးကြေညာခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ဆောင်ရွက်ခဲ့ရာ ဖက်စပ်လုပ်ငန်းရှင်ငါးဦးကသာ ကျောက်စိမ်းတွဲငါးတွဲကို ထုတ်ယူရန်ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းရှင် ၂၃ ဦးက ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါ။

၃။ သို့ဖြစ်၍ ကျောက်စိမ်းတွဲများထုတ်ယူရန်ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များသည် ကျောက်စိမ်းအရိုင်းများအပ်နှံခဲ့သည့် မူလစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ၃၁-၃-၂၀၁၃ရက် နောက်ဆုံးထားပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် (နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်သည်။

၄။ ရတနာပြပွဲတင်ပြနိုင်ရေးဆောင်ရွက်ရန် ကျောက်စိမ်းတွဲများကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များ၏ အမည်စာရင်းနှင့် မှော်/လုပ်ကွက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	လုပ်ငန်းရှင်အမည်	မှော်/လုပ်ကွက်
၁	ဦးမောင်စိန်	အောင်စိန်(၁)လုပ်ကွက်
၂	ဦးကျော်အောင်	မော်မောင်းလျှံ(၆၀)
၃	ဦးကျော်မင်း	မမုံ(၇)
၄	ဦးလှထွန်း	ခတ္တာ(၃)
၅	ဦးမင်းလွင်+ဦးဇော်ဇော်ဦး	နမ္မချီ(၅)+တောင်စိမ်းကလေး(၁)
၆	ဦးဇော်ဝင်း	မမုံ(၃)
၇	ဦးလော်ဝါးချောင်လွမ်း	ဆန်းကြွယ်(၄၃)
၈	ဦးအင်ဝမ်းဇော်ဂမ်	ဆန်းကြွယ်(၁၅)
၉	ဦးမောင်စိန်	ခိုမ(၃၆)
၁၀	ဦးဇက်ဇော်ဖန်	ဆန်ခါ(၃၉)
၁၁	ဦးသန်းစိန်	ဝေခါ(၇)
၁၂	ဦးလှမြင့်	ဖားကန့်ကြီး(၂၀)
၁၃	ဦးဒေါန	ဖားပြင်(၁၄)
၁၄	ဦးစိုင်းထွန်းစိန်	ဝါဇီ(၁၈)
၁၅	ဦးလောအိုက်	မှော်ဂလုံ(၆)
၁၆	ဦးလဖိုင်ဇော်နန်	ဆန်းကြွယ်(၄၄)
၁၇	ဦးနေထွန်း	ပန်းကြား(၁)
၁၈	ဦးအယ်ဇော်ရိန်	ဝေခါ(၃)
၁၉	ဦးမလွတ်လ	ပန်းတင်(၁)
၂၀	ဦးလောအိုက်	ဝါကျဲ(၇)
၂၁	ဦးဂူရှင်း	မော်ဝမ်း(၂၈)
၂၂	ဦးအင်ခွန်တူး	ဖားပြင်(၂)
၂၃	ဦးခမိုင်တန်	ယူမာ(၆)

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး(မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး(မြစ်ကြီးနား)သို့ လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ဒုတိယအကြိမ်အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ကန့်ကွက်နိုင်ပါကြောင်း

ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၂) မြေကွက်အမှတ် (167) တစ်ယူနစ်တွင် ချထားပေးခံရသူ ဦးဝင်းထိန် ၁၂/ဒဂန(နိုင်)၀၁၀၃၀၉၏ လုပ်ငန်း လုပ်ကိုင်ခွင့်ကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ထပ်မံထုတ်ပေးနိုင်ရန် ဦးဝင်းထိန်မှ လျှောက်ထားလာခြင်းအပေါ် ယခုကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)
စီမံခန့်ခွဲရေးကော်မတီ

ကျေးဇူးဆပ်ပါမည်

ဇမ္ဗူသီရိမြို့၊ အနောက်သာစည်ရပ်နေ မော်တော်ယာဉ်အမှတ် ၂က/၃၅၃၉၊ Dong Feng ပိုင်ဆိုင်သူ ဦးတင်မောင်သန်း ၁/ဗမန(နိုင်)၀၃၇၆၀၇၏မော်တော်ယာဉ်များ ရောင်းချ/ဝယ်ယူခြင်းအပေါ် အခွန်ကိစ္စစိစစ်ဆောင်ရွက်ခြင်းပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက ကျွန်တော်၏ ဖုန်းနံပါတ်-၀၉-၄၉၃၂၇၁၇၁ ဖြင့် ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ပြန်လည်ပေးအပ်သူအား ကျေးဇူးဆပ်ပါမည်။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်နေ
(ဦးအုန်းကျော်)-ဒေါ်ခင်ခင်အောင်တို့၏သားကြီး
ဗိုလ်ကြီးကျော်မင်းခန့်
B.Sc (Maths), D.S.A (တပ်မတော်-ရေ)
အမှတ် (၅၆)၊ စစ်ရေယာဉ်စု၊ တနင်္သာရီရေတပ်စခန်းဌာနချုပ်
နှင့်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးခင်မောင်ဝင်း-ဒေါ်ခင်ခင်စန်းတို့၏သမီးကြီး
မခင်စန္ဒာဝင်း(ခ)မီးမီး
B.Sc (Physics)Q
D.A (LCCI-UK)
Dip In Computerized Accounting (MYOB)
Royal Transport Service Co., Ltd. (Accountant)

တို့သည် ၇-၂-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သောမိဘများ၊ ဂုဏ်သရေရှိလူကြီးမင်းနှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟများ၏ ရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းမင်္ဂလာကျင်းပပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်မင်းခန့်-မခင်စန္ဒာဝင်း(ခ)မီးမီး

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးပွဲကျင်းပမည်

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပသည့် ၂၀၁၃ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ပွဲ၊ နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ၊ ဒေသန္တရဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၂၄ရက်၊ တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် (၃)လမ်းထိပ်၊ စွမ်းအင်ဝန်ကြီးဌာနရုံး၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံပုဂ္ဂိုလ်များ၊ အသင်းသူအသင်းသားများ၏ သားသမီးများ၊ ၂၀၁၂-၂၀၁၃ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရရှိသူများသည် ဖေဖော်ဝါရီ ၁၇ရက် နောက်ဆုံးထား၍ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ၂၄၆၁၄၂၊ ဦးစန်းအောင်(တွဲဖက်အတွင်းရေးမှူး-၁) ဖုန်း-၀၉-၄၄၈၀၄၃၄၁၉၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး)ဖုန်း-၀၉-၄၃၀၉၆၂၈၅၊ ဒေါ်ခင်သန်းလွင် (အမှုဆောင်) ဖုန်း-၃၉၈၂၀၀တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)

PROMOTION

Columbus Travels SAKURA
အမှတ်(69/71)၊ ဆူးလေဘုရားလမ်း၊ (AGD Bank အနီး)
Tel: 378535 (Hunt line), 378549
Email: columbus02@baganmail.net.mm
columbus01.sakura@gmail.com

W I S E (Weiluwun International)

Maritime Training Centre
★ BST (4 Tickets)
★ Pre-sea (Deck & Engine)
☎: 212357, 253113

Win & Associates Legal Practitioner Group

ကြော်ငြာ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အသင်းသားစုံညီအထူးအစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားခြင်း

MRF Myanmar Rice Federation

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)၏ အသင်းသားစုံညီ အထူးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ခေါ်ယူကျင်းပပြီး အသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း၊ ဖွဲ့စည်းပုံကို အသင်းဝင်များ၏ အတည်ပြုချက်နှင့်အညီ ပြဋ္ဌာန်းသတ်မှတ်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၄-၃-၂၀၁၃ ရက် (တနင်္လာနေ့)
ကျင်းပမည့်အချိန် - နံနက် ၈ နာရီ
ကျင်းပမည့်နေရာ - မြန်မာကွန်ဗင်းရှင်းစင်တာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အသင်းဝင်များအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ချီးမြှင့်နိုင်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။ မေးခွန်းများ မေးမြန်းခြင်း၊ အကြံပြုချက်ပေးပို့ခြင်းကို စာဖြင့်ရေးသားပြီး အသင်းချုပ်(ရုံးချုပ်) UMFCCI Office Tower (ရှစ်လွှာ)၊ အမှတ် ၂၉၊ အခန်း (၉၀၁-၉၀၃)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ၂၈-၂-၂၀၁၃ ရက် နောက်ဆုံးထားပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားခြင်း

MRMA

၁။ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ အသင်းသားစုံညီ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ခေါ်ယူကျင်းပပြီး အသင်း၏ သင်းဖွဲ့မှတ်တမ်း/စည်းမျဉ်းကို အသင်းဝင်များမှ အတည်ပြုခြင်း၊ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်း ၂၀၀၇-၂၀၀၉ မှ ၂၀၁၂-၂၀၁၃ကို တင်သွင်းအတည်ပြုခြင်း၊ ၂၀၁၃-၂၀၁၄ အမှုဆောင်စာရင်းကို အတည်ပြုကြေညာခြင်းတို့ကို ပြုလုပ်မည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၃ ခုနှစ် မတ် ၄ ရက် (တနင်္လာနေ့)
ကျင်းပမည့်အချိန် - ၀၈း၀၀ နာရီ
ကျင်းပမည့်နေရာ - မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၂။ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း အသင်းဝင်များအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ချီးမြှင့်နိုင်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။ မေးခွန်းများမေးမြန်းခြင်း၊ အကြံပြုချက်ပေးပို့ခြင်းကို စာဖြင့်ရေးသားပြီး မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း(7th Floor, UMFCCI Office Tower) အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ၂၈-၂-၂၀၁၃ရက် နောက်ဆုံးထားပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ ၂၀၁၂-၂၀၁၃ခုနှစ် (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပပြီး မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း သင်းဖွဲ့မှတ်တမ်းနှင့် စည်းမျဉ်းမူကြမ်းကို အတည်ပြုခြင်း၊ အမှုဆောင်များ ရွေးချယ်တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၄-၃-၂၀၁၃ ရက် (တနင်္လာနေ့)
ကျင်းပမည့်အချိန် - နံနက် ၈း၀၀နာရီ
ကျင်းပမည့်နေရာ - မြန်မာကွန်ဗင်းရှင်းစင်တာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်များနှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အသင်းခွဲအမှုဆောင်များ၊ အသင်းဝင်များအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ချီးမြှင့်နိုင်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။ မေးခွန်းများ မေးမြန်းခြင်း၊ အကြံပြုချက်ပေးပို့ခြင်းကို စာဖြင့်ရေးသားပြီး မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းရုံး၊ အမှတ် ၁၀၀၊ လမ်းသစ်လမ်းနှင့် ဝါးတန်းလမ်းကြား၊ ဆိပ်ကမ်းနယ်မြေ၊ ဆိပ်ကမ်းမြို့နယ်သို့ ၂၈-၂-၂၀၁၃ ရက် အရောက်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

မင်္ဂလာဆုတောင်း

မေမေဦးမျိုးသန့်(စ)ဦးအောင်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရေတာရှည်မြို့နယ်)နှင့် မေမေဒေါ်မြင့်မြင့်သီတို့၏ (၁၆-၂-၂၀၁၃)ရက်တွင် ကျရောက်သော (၃၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်ခင်ကြင်နာစွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။

ချစ်သား၊ သမီး၊ မြေးများ
မောင်မျိုးဟိန်းသန့်-မခင်သန္တာဝင်း
မောင်မင်းလွင်ဦး-မမြတ်မြတ်သန့်နှင့် ချစ်မြေးများ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော အော်တိုတယ်လီဖုန်းများ၏ **၂၀၁၂ခုနှစ် ဒီဇင်ဘာလ သုံးစွဲကာလ**အတွက် တယ်လီဖုန်းအခွန်ငွေများအား အောက်ပါ သတ်မှတ်ရက်များတွင် နောက်ဆုံးထား ပေးဆောင်ပါရန်နှင့် သတ်မှတ်ရက် ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် အော်တိုတယ်လီဖုန်းများအား ဆက်သွယ်မှု ယာယီဖြတ်တောက်ရမည် ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	နောက်ဆုံးအခွန်ငွေပေးသွင်းရမည့်ရက်
၁။	နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ကချင်၊ ကရင်၊ ကယား၊ ဧရာဝတီ၊ မွန်၊ ပဲခူး (အရှေ့/အနောက်)	၂၂-၂-၂၀၁၃
၂။	ရှမ်းပြည်နယ် (အရှေ့ပိုင်း/မြောက်ပိုင်း/တောင်ပိုင်း)၊ ချင်း၊ ရခိုင်၊ တနင်္သာရီ	၁-၃-၂၀၁၃

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

နှစ်(၄၀)ပြည့် မင်္ဂလာဆုမွန်လွှာ

ဖေဖေ ဦးထွန်းအောင်(ကျောင်းအုပ်ကြီး-ငြိမ်း၊ ရေနံချောင်းဒီဂရီကောလိပ်)နှင့် မေမေ ဒေါ်နှင်းရီ(ကျော်ကြားဖိနပ်ဆိုင်၊ ဇီးကုန်းမြို့)တို့၏ ၁၆-၂-၂၀၁၃ရက်တွင် ကျရောက်သော နှစ်(၄၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် လောကီ၊ လောကုတ်နှစ်ဖြာအကျိုး၊ ဆတက်တိုး ကြိုးစားဆောင်ရွက်နိုင်ပြီး သားသမီး၊ မြေးများနှင့်အတူ ပျော်ရွှင်စွာလျှောက်လမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သား - **ကိုဇော်မျိုးအောင်-မအေးအေးသင်း**
သမီး - **ကိုသူရလွင်-မအိအိထွန်း**
မြေးများ - **အောင်ထွန်းမော်၊ ဘုန်းထက်နိုင်၊ အေးချမ်းအိမ်(ခ)Maria၊ ကောင်းစည်သူ**

အ.လ.က (ရှမ်းကုန်း) ဓမ္မာဘိဓလေတာင်
အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

အ.လ.က(ရှမ်းကုန်း) ... အာစရိယပူဇော်ပွဲအား (၃၁.၃.၂၀၁၃) ရက်နေ့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ... ပညာသင်ကြားပေးခဲ့ကြသော ဆရာ/ဆရာမများနှင့် ပညာသင်ယူခဲ့ကြသော ကျောင်းသား/သူဟောင်းများသည် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ မျက်မှောက် ဆက်သွယ်ပေးကြပါရန် လေးစားစွာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

မှတ်ချက်။ ...

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

အမည်မှန်

ဖားကန့်မြို့၊ ဆိပ်မူကျေးရွာမှ ဦးငွေစင် ၁၃/လရန(နိုင်)၀၅၇၅၃၆၏သား ဆိပ်မူကျေးရွာအထက အဌမတန်း(B)မှ မောင်ညွှန့်အား သန်းခေါင်စာရင်းအရ မောင်သိန်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သိန်းထက်အောင်

ပျောက်ဆုံးကြောင်း

FDA မှထုတ်ပေးထားသော DRC အမှတ် R 1605 A 4904 နှင့် R1605 A 4906 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၂၅၁၅၀၉
Khetan Co.,Ltd.

ပျောက်ဆုံး

ကျွန်တော်များ COMMON WEALTH Rice & Paddy Trading Co.,Ltd. ၏ Export Licence No. MQEL111-120964 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၄၀၇၀၅

ပျောက်ဆုံးသွားပါကြောင်း

ကျွန်တော်မောင်ဟန်ဇော်ဦး ၇/ပတန(နိုင်)၀၉၅၉၅၅၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၃၇၃၃၃ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၃၃၃၆၁၃

အဓိက

- လက်ထပ်ပွဲ
- ...
- ...
- ...
- ... သုံးစွဲနိုင်ပါသည်။

Ph: 01 - 379385

ဖခင်အမည်မှန်

ကျွန်တော် စောစိုးညီညီ ၃/လဘန(နိုင်)၁၀၃၁၅၄၏ ဖခင်အမည်မှန်မှာ ဦးဇော်လုံး ဖြစ်ပါသည်။

ဦးဇော်လုံး ၃/ဘအန(နိုင်)၀၃၆၃၉၆

အမည်ပြောင်း

ဦးရန်နိုင်စိုး၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(ခွဲ)၊ အလက(၂) စတုတ္ထတန်းမှ မဖူးပွင့်ရတီဖြူအား ယနေ့မှစ၍ မမိုးချမ်းမြေ့ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမိုးချမ်းမြေ့

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ နဝရတ်ကွန်ဒိုအိမ်ရာ၊ တိုက် ၁၈၆၊ အခန်း ၅၀၃ကို မူလအမည်ပေါက်ပိုင်ရှင် ဦးမောင်သိန်းထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်တင်မာစိမ်း ၇/ရတန(နိုင်)၀၀၄၄၄၈-ဒေါ်ဒါလီစိမ်း ၇/ရတန(နိုင်)၀၅၁၁၆၆က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

EMERALD MYANMAR Travels & Tours

တောင်ကြီး-အင်းလေး-ပင်းတယ-ကလော ... Mar. 1 (၃ည/၄ရက်)
ကျိုက်ထီးရိုး(အဆောင်မြင့်ဟိုတယ်နှင့်စရိုက်ငြိမ်း)
ချောင်းသာ၊ ငွေဆောင်၊ ငပလီ (နေ့စဉ်)

Ph: 09-49589762, 09-49589764, 09-421013999, 09-421014999

- မင်္ဂလာဆောင်နှံများ၊ မိသားစုများနှင့် အဖွဲ့အစည်းများအတွက် သီးသန့်ခရီးစဉ်များကို စျေးနှုန်းချိုသာစွာဖြင့် အဆင်အတန်မြင့်မြင့် စီစဉ်ပေးပါသည်။
- မြို့တွင်း၊ မြို့ပြင်ခရီးစဉ်များအတွက် ကားများနှင့် ပြည်တွင်း၊ ပြည်ပ လေယာဉ်လက်မှတ်များကို စျေးနှုန်းမှန်ကန်စွာဆောင်ရွက်ပေးပါသည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ကျော်သူထွန်း ၁၂/လကန(နိုင်)၁၄၅၀၃၄သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိ၏သဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင် မောင်ကျော်သူထွန်းနှင့် ပတ်သက်သော ကိစ္စများအား လုံးဝတာဝန်မယူပါ။

ဒေါ်ပုကြည် ၁၂/လကန(နိုင်)၀၀၅၈၂၀

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်နံပါတ် ကက/၁၃/၁၀/၀၁၂

မလိခဦးလှချစ်ကိုယ်တိုင်တည်ထောင်အုပ်ချုပ်သော စည်းကမ်း၊ စေတနာ၊ ပညာတို့တွင် စံပြ

ပညာပါရမီ ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း

(၉) တန်း၊ (၁၀) တန်းအဆင့်မြင့်ဘော်ဒါ

- ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးခြားစီထားရှိ၍ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားရေးအထောက်အကူပြုပစ္စည်းများဖြင့်ကျောင်းသား ကျောင်းသူသီးသန့်စီ စနစ်တကျ လေ့ကျင့်သင်ကြားပေးသည်။
- ဘော်ဒါဆောင်နှင့် ကိုယ်ပိုင်ကျောင်းသို့ မိဘ/အုပ်ထိန်းသူနှင့် ကျောင်းသား ကျောင်းသူ ကိုယ်တိုင်လာရောက်စုံစမ်းပြီး ယုံကြည်စိတ်ချ စိတ်တိုင်းကျမှ ကျောင်းအပ်နှံပါ။
- ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြိုတင်လက်ခံပါပြီ။

◆ အချိန်ပြည့် Guide အလိုရှိသည်။ ◆

အမှတ် ၄၂ (ခ)၊ နှင်းဆီလမ်းနှင့် ပါရမီလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ...

ကြော်ငြာ

ဒုလ္လဘ သီလရှင် အပါး(၅၀၀)ဝတ်ပွဲ

ရွှေပြည်သာမြို့နယ်၊ မြိုင်သီလရှင်စာသင်တိုက်၊ ပဌမအကြိမ် ဒုလ္လဘသီလရှင်ဝတ်ပွဲ၊ အသက် (၇)နှစ်မှ (၅၀)ကို ၅-၃-၂၀၁၃ရက်မှ ၁၃-၃-၂၀၁၃ရက်အထိ လာရောက်သီလရှင်ဝတ်နိုင်ပါသည်။ မတည်အလှူရှင် ကိုကျော်ဝင်း မောင်-မမြမြစန်း (GL ခရီးသွားပို့ဆောင်ရေး)၊ တစ်နေ့တာဆွမ်းအလှူရှင် ဦးခင်ထွန်း-ဒေါ်သန်းသန်းဌေး၊ နေ့ဆွမ်းအလှူရှင် ဒေါ်လှမျိုးဦး၊ သီလရှင်ဝတ်စုံတစ်စုံ ကျပ် ၅၀၀၀၊ နေ့ဆွမ်း ကျပ် ၁၀၀၀၀၀၊ အရုဏ်ဆွမ်းကျပ် ၅၀၀၀၀တို့ဖြင့် ကုသိုလ်ပြုလှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၁-၆၁၁၉၇၅၊ ၀၉-၇၃၀၆၂၈၁၇

ထူးချွန်

၂၀၁၃ တက္ကသိုလ်ဝင်တန်း ပညာရေးအထောက်အကူပြု

မြန်မာစာ ဂျာနယ် မာတုဗေဒ ဂျာနယ်

အင်္ဂလိပ်စာ ဂျာနယ် ရူပဗေဒ ဂျာနယ်

သင်္ချာ ဂျာနယ် ဇီဝဗေဒ ဂျာနယ်

ဓာတုဗေဒ ဂျာနယ် ၄၁၀၇၁၀၀၁၃

၂၀၁၃

တက္ကသိုလ်ဝင်တန်း စာမေးပွဲပညာရေးအထောက်အကူပြု

စံပြမေးခွန်း(၅)စုံ၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီအဖြေများ

လူရည်ချွန်

သိပ္ပံတွဲ/ ဝိပ္ပံတွဲ ၄၁၀၀၇၂၀၀၁၃

[illegible]

အ.ထ.က(၂)ကမာရွတ် (ယခင် စိန့်ဩဂတ်စတင်း)

(၁၉၇၅-၂၀၁၃)ကျောင်းသား/သူဟောင်းများ၏ တွေ့ဆုံအကြိမ် အာစရိယပူဇော်ပွဲ

အ-ထ-က(၂)ကမာရွတ်တွင် ၁၉၇၅ မှ ၂၀၁၃ အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ တွေ့ဆုံအကြိမ် အာစရိယပူဇော်ပွဲကို ၂၆-၃-၂၀၁၃ရက်(အင်္ဂါနေ့) တပေါင်းလပြည့်နေ့ ညနေ ၆-နာရီတွင် M3 Food Centre ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများအဖြစ် ဆုံဆက်သွယ်၍ အလှူငွေများလှူဒါန်းနိုင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်-

- ဦးကျော်တင့်(နေပြည်တော်ပျဉ်းမနား)	၀၉-၄၉၂၀၀၅၄၁	(၁၉၇၆)
- ဒေါက်တာသန့်ဇင်မိုး	၀၉-၇၃၁၃၇၀၈၈၄	(၁၉၈၂)
- ဦးရဲကျော်သူ	၀၉-၇၃၁၈၆၁၃၇	(၁၉၈၃)
- ကိုသန့်ဇော်ဦး	၀၉-၅၀၃၃၁၅၆	(၁၉၈၄)
- ကိုရဲနိုင်အေး	၀၉-၅၁၀၃၅၂၉	(၁၉၈၅)
- နွမ်ပြည့်အေး	၀၉-၅၁၆၉၇၂၈	(၁၉၉၀)
- အောင်နေ	၀၉-၅၁၆၀၉၀၅	(၁၉၉၀)
- နိုင်းစိုးထွန်းဦး	၀၉-၅၁၇၇၇၁၇	(၁၉၉၀)
- ကောင်းငြိမ်းစိုး	၀၉-၄၃၀၉၄၃၀၇	(၁၉၉၂)
- သက်မောင်မောင်လွင်	၀၉-၅၄၀၈၂၈၂	(၁၉၉၃)
- သက်ဝင်းဦး	၀၉-၅၁၅၀၈၈၅	(၁၉၉၃)
- ချိုးမင်းသူကျော်	၀၉-၇၃၁၈၆၈၆၁	(၁၉၉၅)
- သက်စုအေး	၀၉-၄၃၀၂၆၀၀၁	(၁၉၉၆)
- ဝင့်အောင်	၀၉-၅၁၄၄၉၅၈	(၁၉၉၇)
- နိုင်းဇေယျာလွင်	၀၉-၄၃၃၁၉၉၉၀	(၁၉၉၇)
- စောအောင်ဦး	၀၉-၅၀၆၀၁၆၆	(၁၉၉၈)
- အောင်ညီညီမော်	၀၉-၅၀၃၆၆၇၅	(၁၉၉၉)
- အချိုး(သိန်းအောင်ဇော်)	၀၉-၄၃၀၂၉၉၀၇	(၂၀၀၃)
- ကျော်ဆုဆွေ	၀၉-၅၀၇၈၂၃၂	(၂၀၀၄)
- ဘုန်းမြတ်ကျော်	၀၉-၅၁၈၂၁၇၇	(၂၀၀၅)
- စိုးမင်း	၀၉-၇၃၀၁၆၁၅၉	(၂၀၀၆)

ကျေးဇူးတင်ရှိခြင်း

ဦးဉာဏ (အပြည်ပြည်ဆိုင်ရာထေရဝါဒသာသနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့)၊ ဦးခမ္မသီရ (အောင်မင်္ဂလာကျောင်းတိုက်၊ ကလေးမြို့)တို့၏မယ်တော်၊ (ဦးရန်အောင်)-ဒေါ်ခင်အုန်းမြင့် (ကလေးမြို့)၊ (ဦးတင်ညွန့်)-ဒေါ်ခင်ထားမြင့်(စိန်ပန်းရပ်၊ မန္တလေးမြို့)၊ (ဦးသိန်းဇော်)(မြို့နယ်မြေစာရင်း၊ စဉ့်ကိုင်မြို့)၊ ဦးကြည်သိန်း(တရားသူကြီး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်)-ဒေါ်ခင်စန်းလွင်၊ စဉ့်ကိုင်မြို့၊ တရုတ်စုရပ်ကွက်နေ ဒေါ်ခင်ထွေးလှိုင်(ကျောက်ဆည်ခရိုင် ရေအရင်းအမြစ်ဦးစီးဌာန)၊ ဦးကြည်ဟိန်း(ကျောက်ဆည်ခရိုင်ပြည်ခိုင်ဖြိုးပါတီ)-(ဒေါ်မြင့်မြင့်အေး)၊ ဦးရန်နောင်(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)-ဒေါ်လှဆွေ၊ ဦးသိန်းဌေး-ဒေါ်အေးမြကြူ၊ ဒေါ်ငြိမ်းငြိမ်းကြူနှင့် ဦးမြင့်ကျော်တို့၏မွေးသမိခင်၊ (ဦးအောင်မြ)(မြို့နယ်မြေစာရင်းဦးစီးမှူး၊ ငြိမ်း)၏ဇနီး စဉ့်ကိုင်မြို့၊ တရုတ်စုရပ်ကွက်နေ ဒေါ်တင်ကြူ အသက်(၈၄)နှစ် မကျန်းမမာဖြစ်စဉ်က ကုသပေးခဲ့သော ဒေါက်တာလှစိုးညွန့်(ဆေးသုတေသနဦးစီးဌာန၊အထက်မြန်မာပြည်)၊ ဒေါက်တာဉာဏ်ဟိန်း(မန္တလေးပြည်သူ့ဆေးရုံကြီး)နှင့် ကွယ်လွန်သည့် ၇-၂-၂၀၁၃ ရက်မှစ၍ ကိစ္စအရပ်ရပ်တွင် အားပေးမှု၊ ကူညီမှု၊ ထောက်ပံ့မှုပြုပေးခဲ့ကြသော တရုတ်စုရပ်ကွက်နှင့် ပုဏ္ဏားရွာမှသာရေးနာရေးအသင်း၊ စဉ့်ကိုင်မြို့နယ်လူမှုကူညီရေးအသင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ တရားသူကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်နှင့်မြို့နယ်တရားသူကြီးများ၊ အနယ်နယ်အရပ်ရပ်မှ တရားရေးမိသားစုဝင်များနှင့်တကွ တခြားသောကျေးဇူးတင်ထိုက်သူများအား ကျန်ရစ်သူမိသားစုအားလုံးတို့က အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဗိုလ်မှူးကြီးရဲမြင့်(ငြိမ်း) (BC-၅၉၂၂)

မော်ကွန်းဝင် (ဒုတိယဆင့်)

ချင်းပြည်နယ်ဒေသပါတီကော်မတီ ဥက္ကဋ္ဌ

မန္တလေးတိုင်းဒေသကြီးပါတီကော်မတီ ဥက္ကဋ္ဌ

ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကြီး

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၁)၊ အမှတ် (၄၀)နေ (ဦးမောင်ထွား-ဒေါ်မယ်တင်)တို့၏သား၊ (ဒေါ်ခင်ဖြူနွဲ့)၏ခင်ပွန်း၊ [ဗိုလ်ကြီးညွန့်လွင်(ငြိမ်း)-ဒေါ်ခင်ထူး]တို့၏ညီ၊ (ဒေါ်ငြိမ်းအောင်)၊ (ဦးမျိုးတင့်)-ဒေါ်မြသန်းတို့၏အစ်ကို၊ ဦးခင်မောင်မြင့်-ဒေါ်ဝေဝေ(UP 2 Industry Co.,Ltd.)၊ (ဦးခိုင်ဇော်မြင့်)-ဒေါ်ချစ်ချစ်ဝင်း(မန္တလေးသစ်စက်)၊ (ဦးဇာနည်မြင့်)-ဒေါ်သွယ်သွယ်စန်း (ငွေတောင်ဆေးလိပ်)တို့၏ဖခင်၊ မောင်ရဲပြည့်ဇော် (Bar One 4 Gastropub)၊ မောင်အောင်ကို၊ မဆုမြတ်သွယ်တို့၏အဘိုးသည် ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၁၀နာရီတွင် ရန်ကုန်မြို့အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်ဆွေ(ဂန့်ဂေါ)

(အုပ်ချုပ်ရေးမှူး-ငြိမ်း၊ ရုက္ခဗေဒဥယျာဉ်)

ခါတော်မှီပျိုးဥယျာဉ်၊ ပြင်ဦးလွင်မြို့

အသက်(၈၆)နှစ်

ဂန့်ဂေါမြို့၊ အနောက်ဂန့်ဂေါနေ (ဦးရွှေတိုး-ဒေါ်စိုးမြင့်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးဘဟိန် (သစ်တောဦးစီးဌာန၊ငြိမ်း)၏အစ်ကို၊ ခြံအမှတ် (၂-ဂ၊ မေမိုးအိမ်)၊ နန္ဒာလမ်း၊ ကန်တော်ကြီး၊ ပြင်ဦးလွင်မြို့နေ ဒေါ်မြနီ၏ခင်ပွန်း၊ (ဦးစိန်ဝင်းဦး)၊ ဒေါ်ခင်မြဆွေ (အငြိမ်းစား၊ UNHCR၊ ပြင်ဦးလွင်မြို့)၊ ဦးလှထွန်းအောင်- ဒေါ်လှလှမြင့်(ခါတော်မှီပျိုးဥယျာဉ်၊ မန္တလေးမြို့)၊ ဦးညီညီအောင်(ခါတော်မှီဥယျာဉ်၊ ဂန္ဓမာရွာ၊ ပုသိမ်ကြီးမြို့နယ်)၊ ဒေါ်မာမာဆွေ(ခါတော်မှီပျိုးဥယျာဉ်၊ ပြင်ဦးလွင်)၊ ဗိုလ်မှူးတင်မင်းအေး-ဒေါ်မီမီဆွေ၊ (ဦးအောင်အောင်စိုး)၊ ဦးအောင်အောင်ထွန်း-မနီလာထွန်း (ခါတော်မှီ၊ ရပ်ကွက်ကြီး-၁၃၊ ပြင်ဦးလွင်)၊ ဦးသန့်စင်-ဒေါ်ချယ်ရီထွန်းဆွေ၊ ဦးအောင်အောင်မိုး-ဒေါ်သင်းသင်းလှိုင်(TTA၊ ခါတော်မှီ၊ မန္တလေးမြို့)၊ ဒေါ်မေမိုးဝါ (UN-AIDS၊ရန်ကုန်မြို့)တို့၏ဖခင်၊ သီရိသူသူ၊ စန္ဒီဖူးဖူး၊ မိုးသက်ခင်၊ နန်းနန်း၊ အောင်သူဟိန်း၊ မောင်နေလင်း၊ ရွှေရည်မိုးလွင်တို့၏အဘိုးသည် ၁၀-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၃ရက်(အင်္ဂါနေ့)တွင် ပြင်ဦးလွင်မြို့၊ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ဝင်း

(အထက်တန်းကျောင်းအုပ်ဆရာကြီး)

အသက်(၇၁)နှစ်

ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်လုံရပ်ကွက်၊ နတ်မောက်လမ်းနေ ဒေါ်ကျင်အေး၏သားကြီး၊ ဒေါ်တင်မြင့်၏ခင်ပွန်း၊ ကိုသန်းဝင်း-မရွှေစင်ဝင်း၊ ကိုငြိမ်းချမ်းဝင်း-မအေးအေးသန့်၊ ကိုဖြိုးထက်ဝင်း- မဟေမာန်ကျော်တို့၏ဖခင်၊ မြေးလေးယောက်၏အဘိုးသည် ၇-၂-၂၀၁၃ ရက် (ကြာသပတေးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄နာရီတွင် တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း Pi Si Cuai (LBC)

အသက်(၄၂)နှစ်

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်နေ (Pu Hei Dun- Pi Dang Iang) တို့၏သမီး၊ Pu Tawk Lian-Pi Dawt Chin Sung(Hakha) တို့၏ညီမ၊ Pi Dar Men-Pu Cung Bik (USA) နှင့် Pi Esther Beau-Pu Daniel Sakhong(USA) တို့၏ညီမ၊ Pi Sung Chin-Pu Kawl Lian Hmung (USA)တို့၏အစ်မ၊ Nu Lily Par Tha-Mr.Matt (USA), Nu Biak Vel Mawi(Australia) နှင့် Nu Mi Mi Aung (တက္ကသိုလ်ဝင်တန်း၊ အထက-၂၊ လမ်းမတော်)(ပညာ့ပါရမီ၊ ဘောက်ထော်)တို့၏မိခင်၊ Pu Lian Mang ၏ဇနီးသည် ၁၃-၂-၂၀၁၃ရက် နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာနတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၂-၂၀၁၃ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုစည်းဝေးပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[(၁)နေအိမ်၊ တိုက် ၄၈၊ အခန်း ၂၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ (၂) လှိူင်သီရိအိမ်ရာ၊ (၃) ဘီအိုစီ(အင်းစိန်)၊ (၄)မန္တလေးမှတ်တိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ကိုဇော်သက်အောင်(ခ)ကိုသားငယ်

အသက်(၃၄)နှစ်

၅-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသော ကိုဇော်သက်အောင်(ခ)ကိုသားငယ်၏ နာရေးကိစ္စတွင် ဝိုင်းဝန်းကူညီပေးခဲ့သော UPG ကုမ္ပဏီ၊ ရန်ကုန်မြို့မှ MD ဦးအေးဟန်နှင့် တာဝန်ရှိလူကြီးမင်းများ၊ ဝန်ထမ်းများနှင့် တောင်ကြီးရုံးခွဲမှ မန်နေဂျာ ကိုရန်ပိုင်ဦးနှင့်ဝန်ထမ်းများ၊ တောင်ကြီးမြို့မှ ရှမဝ၊ စိုင်းရွက်၊ ပတ္တမြားအိမ်သုတ်ဆေးဆိုင်ကြီးများနှင့် IBTC တောင်ကြီးရုံးမှဝန်ထမ်းများ၊ Gland Master တောင်ကြီးရုံးမှ ဝန်ထမ်းများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အမည်ပြောင်း

ရွှေညောင်မြို့၊ အထက(၉)၊ တတိယတန်း(ခ)မှ မောင်ဥက္ကာဗိုလ်အား ယနေ့မှစ၍ မောင်သတိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သတိုးအောင်

တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ မဲဇလီရွာဟောင်း၊ ရွှေယွန်းစုနေ မောင်အောင်ဇော်ဦး ၁၄/ညတန(နိုင်) ၁၃၁၅၂၇၏ ဖခင်အမည်မှန်မှာ ဦးမောင်ဌေး(ခ)ဦးသောင်းဌေး ၁၄/ညတန(နိုင်) ၀၂၁၆၈၅ဖြစ်ပါကြောင်း။

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ တရားလွှတ်တော်တရားသူကြီး ဦးကြည်သိန်း၏မိခင် ဒေါ်တင်ကြူသည် ၇-၂-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်

ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးများ

ရှမ်းပြည်နယ်အတွင်းရှိ ဖေယျ(၇၄)မှ တရားရေးဝန်ထမ်းများ

(၆)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးချစ်တင် (ယင်းမာပင်မြို့)

ကျေးဇူးကြီးမားလှ၍ ချစ်သောဖခင်ကြီးရဲ့ တုနှိုင်းမရသော ဂုဏ်ကျေးဇူးတရား၊ မေတ္တာစေတနာများကို အချိန်နှင့်အမျှ အမြဲအမှတ်ရလွမ်းဆွတ်သတိရနေပါတယ်။ မေမေနှင့်တကွ သားသမီး၊ မြေးများက ဖေဖေ့အတွက်ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်သမျှကုသိုလ်များကို အမျှပေးဝေပါတယ်။ ပြုပြုသမျှသောကုသိုလ်အစုစုတို့အား မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး-ဒေါ်ခင်မေရီ

သားသမီးများ-ဦးအောင်မျိုးမင်း၊ ဒေါ်မီမီမောင်

ဦးအောင်မျိုးဝင်း၊ ဒေါ်ထားထားညွန့်

ဒုတိယဗိုလ်မှူးကြီးအောင်မျိုးလင်း၊ ဒေါ်တင်တင်ထွေး

ဦးအောင်မျိုးထွန်း၊ ဒေါ်မိမိထွေး

ဦးအောင်မျိုးနိုင်၊ ဒေါ်မိုးမိုးနိုင်

မြေးတစ်စု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရင်နု (အထက်တန်းသူနာပြုဆရာမကြီး-ငြိမ်း)

အသက် (၇၇)နှစ်

ဦးကိုကိုနိုင်-ဒေါ်ဝင်းဝင်းကြည် (ကျောင်းအုပ်၊ အလက-၇၊ မန္တလေး)တို့၏မိခင် ဒေါ်ရင်နုသည် ၈-၂-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

အလက-၇၊ မန္တလေး

မိဘဆရာအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရင်နု (အထက်တန်းသူနာပြုဆရာမကြီး-ငြိမ်း)

အသက် (၇၇)နှစ်

ဦးကိုကိုနိုင်-ဒေါ်ဝင်းဝင်းကြည် (ကျောင်းအုပ်၊ အလက-၇၊ မန္တလေး)တို့၏မိခင် ဒေါ်ရင်နုသည် ၈-၂-၂၀၁၃ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

အလက-၇၊ မန္တလေး

ကျောင်းအကျိုးတော်ဆောင်အဖွဲ့

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဗိုလ်ကြီးသန်းထွန်း(ငြိမ်း)၊ ကြည်း /၈၆၂၈

ဗိုလ်သင်တန်းအပတ်စဉ်(၂၆)

အသက် (၈၄)နှစ်

(၁၆-၂-၂၀၁၁မှ ၁၆-၂-၂၀၁၃)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားခဲ့သည်မှာ (၂)နှစ်ပြည့်သည့်တိုင် တစ်နေ့မှ မေ့မရအောင်လွမ်းဆွတ်သတိရလျက်ရှိခဲ့ကြပါတယ်။ ဖခင်ကြီးအတွက် ရည်စူး၍ နေ့စဉ် လစဉ် နှစ်ပတ်လည်အလှူဒါနများ ပြုလုပ်ခဲ့ပြီး ယနေ့ ၁၆-၂-၂၀၁၃ရက်တွင်လည်း ပညာ့ဝတီကျောင်းတိုက်၌ ပြုလုပ်သော ကုသိုလ်အလှူဒါနများကို အမျှပေးဝေအပ်ပါတယ်-

ကျေးဇူးရှင်ဖခင်ကြီး ကြားနိုင် သိနိုင် သာဓုခေါ်ဆိုနိုင်၍ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိနိုင်ပြီးဖြစ်ပါစေ…

ချစ်ဇနီး-ဒေါ်ခင်ရီမေ

ချစ်သော သားသမီးများနှင့်မြေးများ

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ဗိုလ်ကြီးလင်းထွဋ်အောင် (ကြည်း-၄၄၄၂၅)

B.C.Sc D.S.A (၄၈)

အသက် (၂၇)နှစ်

မမျှော်လင့်ဘဲ ခွဲခွာသွားခဲ့တာ ၁၆-၂-၂၀၁၃ရက်တွင် တစ်လဆိုတဲ့အချိန်တစ်ခုကို ကျော်ဖြတ်ခဲ့ရပေမယ့် သံယောဇဉ်ကြီးမားချစ်ခင်လွန်းတဲ့ မိသားစုအတွက်တော့ အချိန်နှင့်အမျှ နှမြောတသလွမ်းဆွတ်သတိရနေဆဲပါ။

သားအတွက်ရည်စူးပြီး နေ့စဉ် အပတ်စဉ် တစ်လပြည့် ပြုသမျှကုသိုလ်အဝဝတို့ကို ရောက်လေရာဘုံဘဝကနေ မြင်နိုင်ကြားနိုင်သိနိုင်ပါစေ၊ သာဓုခေါ်ဆိုနိုင်ပါစေလို့သာ ဆုတောင်းလိုက်ရပါတော့တယ်။ **သားရေ အမျှ…အမျှ…အမျှ**

ဖေဖေ -ဦးစိုးသန်း၊ မေမေ-ဒေါ်အုန်းနွဲ့၊ မမ-နှင်းသီရိမော်

(ပုသိမ်မြို့)

ဝမ်းနည်းကြေကွဲခြင်း

မောင်မောင်ဉာဏ်ထက် B.Sc (Geology) 1986

အသက် (၄၇)နှစ်

သူငယ်ချင်း

မမျှော်လင့်ဘဲ ၆-၂-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့တဲ့မင်းအတွက် တို့တစ်တွေ မင်းမိသားစုနှင့်ထပ်တူဝမ်းနည်းမိပါကြောင်း။ (၂၆-၁-၂၀၁၃ရက် အာစရိယပူဇော်ပွဲကို မကျန်းမာဘဲ ဆက်ဆက်တက်ရောက်ခဲ့တဲ့ချစ်သူငယ်ချင်း ကောင်းရာသုဂတိရောက်ပါစေ)

(၁၉၈၆)နှင့် (၁၉၈၇)ဘူမိဗေဒဘွဲ့ရကျောင်းသားကျောင်းသူများ

ရန်ကုန်တက္ကသိုလ်(ပင်မ)

ကြော်ငြာ

ကျေးဇူးတင်ရှိပါကြောင်း

ဦးမိုးဇော်မြင့် (သဇင်စတိုး)

ပဲခူးယ်ကုန်းမြို့

ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့နေ ဒေါ်နီနီစန်း၏ခင်ပွန်း ဦးမိုးဇော်မြင့်(သဇင်စတိုး)၏နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီခဲ့ကြသော ပဲနွယ်ကုန်းမြို့မှ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ အားပေးနှစ်သိမ့်ကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်အေးအေး (လှိုင်ကော်မြို့)

အသက်(၉၀)

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ နောင်ယား(ခ)ရပ်ကွက်၊ အမှတ်(န-၁)နေ (ဦးလွန်းကြီး-ဒေါ်မြရင်)တို့၏သမီးကြီး၊ (ဦးငွေစံ-ဒေါ်နှစ်နှစ်)တို့၏ချွေးမ၊ (ဦးခင်မောင်၊ ပြည်နယ်ပြန်ကြားရေးဦးစီးမှူး)၏ဇနီး၊ ဦးသိန်းဇံ-ဒေါ်စကော်လာ၊ (ဒေါ်ခင်နှင်းအေး)-ဗိုလ်မှူးချုပ်မျိုးလှ(ငြိမ်း)၊ ဒေါ်ခင်မြအေး(အထက-၂)၊ ဒေါ်ယဉ်ယဉ်အေး(ပြည်နယ်စိုက်ဘဏ်)၊ ဒေါ်သန်းသန်းအေး(သ/မ၊ ငြိမ်း)-ဗိုလ်ကြီးစိန်သောင်း(ငြိမ်း)၊ ဒေါ်ထွေးထွေးအေး(ပြည်တွင်းအခွန်)၊ ဦးသိန်းတန်(လဝက)-ဒေါ်ကက်သရင်း(လဝက)၊ ဒေါ်ခင်သီတာအေး၊ ဦးရန်နိုင်(လဝက)တို့၏မိခင်၊ ကိုဟန်သူမောင်၊ မစုစန္ဒီမျိုးလှ-ကိုလင်းမြင့်အောင်၊ မစုစန္ဒာမျိုးလှ-ကိုပြည်ဖြိုးဆယ်၊ မအိအိခိုင်-ဗိုလ်ကြီးကျော်ကျော်ထွန်း၊ မောင်မင်းသီဟ၊ မောင်ကျော်သီဟတို့၏အဘွား၊မောင်သော်ဇင်ဟန်၊မောင်အဂ္ဂမှူးတို့၏ဘွားဘွားကြီးသည် ၁၅-၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ဝ၈း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နာနတ်တောသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ ဦးလှအောင်-ဒေါက်တာနိုင်နိုင်အောင်(အထူးကုဆရာဝန်ကြီး၊ ဓာတ်မှန်ဌာန)၏ဖခင် ဦးခိုင်ထွဋ် အသက်(၇၉)နှစ်သည် ၁၄-၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဓာတ်မှန်ဌာနဝန်ထမ်း မိသားစုများ

နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးအေး

ပြည်နယ်ဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်

အသက်(၆၅)နှစ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီး ဦးစိုးအေးသည် ၆-၂-၂၀၁၃ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ရဲမှူးကြီးမျိုးဆွေဝင်း-ဒေါ်စိုးစိုးသက်

မွန်ပြည်နယ်ရဲတပ်ဖွဲ့

ဒေါ်သန်းဝေ(ခ)ဒေါ်သောင်းငွေ

(ကျိုက်လတ်)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၁၂၆၈နေ (ဦးမောင်)-ဒေါ်ထွေးတို့၏ချွေးမ၊ ဦးထွန်းတင်-(ဒေါ်အေးမြိုင်)တို့၏သမီး၊ ဦးသိန်းဝင်း-ဒေါ်ခင်မျိုးဆွေတို့၏ညီမ၊ မနွယ်နီခိုင်၊ မောင်အောင်မိုးရွှေ-မခိုင်ခိုင်သက်၊ မောင်နိုင်လင်းချို၊ မထက်ပွင့်ထွေးတို့၏မိခင်သည် ၁၅-၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆း၂၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုအောင်အောင်

အသက်(၄၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ မြို့သစ်ဒင်္ဂါးရပ်၊ အမှတ် ၅၅ဝနေ (ဦးစိန်ရီ၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်တင်ဝင်းလွင်တို့၏သားကြီး၊ ဒေါ်သူဇာ(အထက-၈၊ မန္တလေး)၊ ဒေါ်အေးအေးရီ(အထက-၁၊ မတ္တရာ)၊ ကိုလွင်မျိုးထက်တို့၏အစ်ကိုကြီးသည် ၁၂-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် မတ္တရာမြို့ ရှေးဟောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင် ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး

ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညွန့် (သံတွဲ)

အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၄-အေ၊ မြစပါယ်ရိပ်သာလမ်း၊ ပါရမီ၊ မရမ်းကုန်းမြို့နယ်နေ (ဦးထွန်းလှအောင်-ဒေါ်အုံ)တို့၏သမီး၊ (ဦးဘညွန့်)၏ဇနီး၊ ဦးစိန်သာအောင်-ဒေါ်စောမြင့်၊ ဦးသန်းမြင့်-ဒေါ်စောတင့်တို့၏မိခင်၊ ဒေါ်လှဲ့လှဲ့နှင်း၊ ဒေါ်ခင်ခင်နှင်း၊ ဦးတင်ထွဋ်အောင်၊ ဒေါ်ခင်မိုးလှိုင်၊ ဒေါ်ခိုင်သီဟန်တို့၏အဘွားသည် ၁၅-၂-၂၀၁၃ရက် မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ကြည် (ပဲခူး)

အသက်(၉၂)နှစ်

ပဲခူးမြို့နေ (ဦးဟုတ်စိန်-ဒေါ်ကျင်စိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဦးလှော်ခြုံလမ်း၊ အမှတ် ၁၃/ခနေ ဒေါက်တာဖုန်းမြင့်-ဒေါ်ခင်ဆင့်ဟန်၊ ဦးသိန်းလှိုင်-ဒေါ်ခင်မြင့်မြင့်၊ ဦးခင်မောင်ချို-ဒေါ်ဆွေဆွေမြင့်၊ဒေါက်တာမြင့်အောင်-(ဒေါ်သီတာမြင့်)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ (ဦးကြီးမြင့်)(မော်ကွန်းဝင်ပထမဆင့်)၏ဇနီးသည် ၁၃-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ည ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရင်ကြည် (သံဖြူဇရပ်)

အသက်(၈၁)နှစ်

ချစ်သူငယ်ချင်း ဦးနေလင်း (D.E, AWC)နှင့် ဒေါ်လှလှဆွေတို့၏မိခင် ဒေါ်ရင်ကြည်(သံဖြူဇရပ်) အသက်(၈၁)နှစ်သည် ၁၃-၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် သံဖြူဇရပ်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ

ငွေအောင်၊ ဇော်မင်း၊ ဇော်ဝင်း၊

နေဝင်း၊ လှမြိုင်၊ လှိုင်တင့်၊

သိန်းထွန်း၊ ထွန်းသာ၊ မြင့်သူ၊

ရဲမြင့်၊ သိန်းဇော်၊ ဘငြိမ်း၊

မြေနဲကြီးစိုးမြင့်၊ (၁၉၇၈ RIT)

ဝမ်းနည်းကြေကွဲခြင်း

ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်

အကယ်ဒမီမော့စ်(ခ)ဦးတင်ဝင်း

အသက်(၅၉)နှစ်

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ မော့စ်(ခ)ဦးတင်ဝင်းသည် ၁၃-၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်

အရာထမ်း၊ အမှုထမ်းများ

မြန်မာ့ရုပ်ရှင်လုပ်ငန်း

ဝမ်းနည်းကြေကွဲခြင်း

အကယ်ဒမီ မော့(စ်)

အသက်(၅၉)နှစ်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ပြည်သူချစ်သော အနုပညာရှင်တစ်ဦးဖြစ်သည့် သရုပ်ဆောင် အကယ်ဒမီမော့(စ်) ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ စိတ်နှလုံးထိခိုက် ကြေကွဲရပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများ

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးဦးကျော်သာ(ရွှေပန်းထိမ်)

(ရွှေနဒီအမြန်ရေယာဉ်ပို့ဆောင်ရေး)

အသက်(၇၅)နှစ်

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ (၆)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးစောလှခိုင်-ဒေါ်စိန်ညို)တို့၏သား၊ (ဒေါ်စံသာခိုင်)၏ခင်ပွန်း၊ ဦးရွှေသန်း-(ဒေါ်ခင်စန်းရွှေ)၊ ဦးစောဘသန်း၊ ဦးဝေထွန်းစိန်-ဒေါ်မသန်းငွေ၊ ဦးကျော်လှစိန်-ဒေါ်သန်းသန်းနွယ်၊ ဒေါ်ကျော့ကျော့ခင်-ဦးသိန်းထွန်းမောင်၊ ဒေါ်ခင်စောနွယ်-ဦးသိန်းလှိုင်၊ ဦးမောင်အေးလှိုင်-ဒေါ်ခင်ဝေကျော်တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးရင်၊ မြစ်တစ်ယောက်၏အဘိုးရင်သည် ၁၄-၂-၂၀၁၃ရက် မွန်းလွဲ ၂း၃၅နာရီတွင် ဘူးသီးတောင်မြို့နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၅-၂-၂၀၁၃ရက်တွင် ဘူးသီးတောင်မြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသန့်ဇော်(ခ)ဘိုဝါ

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ အမှတ် ၈၁နေ (ဦးဝင်းမောင်)-ဒေါ်ခင်ကြည်တို့၏သား၊ (ဦးခင်သန်း)၊ (ဒေါ်ထားတင်)၊ (ဦးခင်မောင်)၊ ဒေါ်လှမြင့်၊ ဦးစစ်တင်-ဒေါ်မြင့်မြင့်၊ (ဦးတင်လှ)-ဒေါ်အေးငြိမ်းတို့၏တူ၊ဒေါ်ဝေဝေကြည်၏မောင်၊ ဦးမိုးကြည်ဖြူ(ဦးကျော်စွာမြင့်) - ဒေါ်သိန်းသိန်းဦး၊ ဦးမင်းဟန်-ဒေါ်သီဂီဝင်း၊ ဦးစံလွင်-ဒေါ်ခင်မမထွေးတို့၏အစ်ကို၊ မမေဖြူဖြူမြင့်၊ မအေးနဒီလွင်၊မရတနာလွင်၊ မအိမ့်ရတီလွင်တို့၏ဘကြီးသည်၁၃-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသိန်းဇံ

မနောမယိဒ္ဓိ၊ အမှတ်စဉ်-၉၊ သာသနာပြု၊ စခန်းပိုင်ဆရာကြီး

အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့သစ်၊ က/(၇)လမ်း၊ အမှတ် ၂၇၇နေ (ဒေါ်သန်း)၏ခင်ပွန်းသည်၁၄-၂-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်နွဲ့(ပန်းတနော်၊ မရမ်း)

အသက်(၈၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၂၅ (လေးလွှာ)၊ ၄လမ်းနေ (ဦးဘိုးစ - ဒေါ်ကျင်မြိုင်)တို့၏သမီး၊ အိမ်မဲမြို့နေ (ဦးမောင်ညွန့်-ဒေါ်မြသီ)တို့၏ညီမ၊ (ဦးထွန်းကြည်)၏ဇနီး၊ ဦးမျိုးညွန့်-ဒေါ်သင်းသင်းဝေ(ဗဟိုစည်ဆေးရုံ)၊ဦးအောင်ကိုဦး-ဒေါ်မာမာသိန်း၊ ဦးအောင်မင်း (အုပ်ချုပ်ရေးမှူး၊ မရမ်းကုန်းမြို့နယ်၊ စည်/ပင်)-ဒေါ်တင်တင်ဝေ၊ ဦးကျော်စိုးနိုင်တို့၏မိခင်၊ ကိုသော်ဇင်ထွန်း (ဒု-လက်ထောက်မန်နေဂျာ၊ တော်ဝင်စင်တာ)-မခိုင်သဉ္ဇာစိုး၊ မောင်ကောင်းထက်မျိုး၊ မစုသဉ္ဇာအောင်၊ မရွှေယမင်းဦးတို့၏အဘွားသည် ၁၅-၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးမောင်မောင်စိုး(ခ)

ဦးတင်စိုး (စည်သူစိုးစာပေ)

အထက(၁)မြောက်ဥက္ကလာ

ကျောင်းသားဟောင်း

အသက်(၆၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ရွှေတောင်မော်မြို့နေ (ဦးတင်ဖေ-ဒေါ်တင်ရွှေ)တို့၏သားကြီး၊ ဦးခင်စိုး-ဒေါ်ခင်မာစီတို့၏အစ်ကို၊ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊(ည)ရပ်ကွက်၊ဝေဘာဂီလမ်း၊ အမှတ် ၇၀၅နေ ဒေါ်တိုးတိုးရီ၏ခင်ပွန်း၊ မကေသွယ်စိုး၊ ဗိုလ်မှူးမင်းသန်း-မမေသွယ်စိုး၊ မမြရည်စိုးတို့၏ဖခင်၊ မောင်ဇေယျာမင်းသန်း(ဝိုင်း၊ မူကြို)၏အဘိုးသည် ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သန်းရီ (ထားဝယ်)

အသက်(၆၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ယဉ်ငေးရွာနေ (ဦးဖေရှီ)-ဒေါ်အိုသားတို့၏သမီး၊ ဦးကြည်ထွန်း-ဒေါ်ခင်မြင့်၊ (ဦးသောင်းတင်-ဒေါ်လှသန်း)၊(ဦးတင်သိန်း)-ဒေါ်လှရှီ၊ဦးစစ်ထွန်း-ဒေါ်လှလှတို့၏ညီမ၊ ဦးထွန်းရီ-(ဒေါ်သိန်းရှီ)၊ (ဦးချစ်လှ)-ဒေါ်သိန်းသိန်းယုတို့၏အစ်မ၊ ဒေါ်သိန်းသိန်းဦး၊ မခင်သီတာချို၊မဥမ္မာခိုင်၊မခင်စန်းထွေးတို့၏အဒေါ်သည် ၁၄-၂-၂၀၁၃ရက် နံနက် ၁နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၆-၂-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျင်တုတ်

'အောင်'အီလက်ထရွန်နစ်၊ ပုသိမ်

အသက်(၈၆)နှစ်

ပုသိမ်မြို့၊ အမှတ် ၁၅၊ C/D၊ ကုန်သည်လမ်းနေ ဦးတန်အီတော်-ဒေါ်လင်ကြယ်အင်းတို့၏သား၊ ဒေါ်စန်းမြင့်(ခ)ဒေါ်ရွှေအင်း၏ခင်ပွန်း၊ ကိုမြင့်စိုး-(မရီရီသင်း)၊ ကိုခင်မောင်ဦး-မအေးအေးလွင်၊ ကိုသက်ဝင်း-မသီတာလွင်၊ ကိုစိန်မြင့်-မအေးအေးခိုင်၊ ကိုကျော်ကျော်-မမီမီထွေးတို့၏ဖခင်၊ မသင်းသူသူဆွေ၊ မောင်ဥက္ကာဦး၊ မမေဇင်ဦး၊ မမေလွင်ဦး၊ မနှင်းရည်ဝင်း၊ မဆုရည်ဝင်း၊ မစိမ့်ရည်ဝင်း၊ မောင်ဝင်းလွင်အောင်၊ မောင်စိုးလွင်ဦး၊ မခင်စန္ဒာမြင့်၊ မောင်အောင်ထွန်းသန့်၊ မောင်ဖွဲ့ဉာဏ်လင်းတို့၏အဘိုးသည် ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄း၂၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကြက်မောက်ကျွန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကျင်တုတ်

(အောင်အီလက်ထရွန်နစ်၊ ပုသိမ်)

အသက်(၈၆)နှစ်

ဦးသက်ဝင်း-ဒေါ်သီတာလွင် (အောင်အီလက်ထရွန်နစ်)၏ဖခင် ဦးကျင်တုတ် (အောင်အီလက်ထရွန်နစ်၊ ပုသိမ်) သည် ၁၄-၂-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၄း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Summit Myanmar Co., Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျင်တုတ်

(ပုသိမ်)

အသက်(၈၆)နှစ်

ကိုသက်ဝင်း-မသီတာလွင်တို့၏ဖခင် ဦးကျင်တုတ်သည် ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၈၅ ဥပဒေသူငယ်ချင်းများ

ဘဲဥ၊ သာထုပ်၊ ပြုံးချို၊ ဂျော်နီ၊ မာမီ၊

အားဝူး၊ အဘ၊ မနီ၊ ငါးငါး၊ မြားမြား၊

ရှု၊ ညို၊ ဝေကြည်

ဒေါ်ခင်ဝင်း

B.A.Ed, B.Ed

အထက်တန်းကျောင်းအုပ်(ငြိမ်း)

အထက(၆)အလုံ၊ ရန်ကုန်မြို့

အသက်(၈၃)နှစ်

ညောင်ဦးမြို့နေ (ဦးစံတင့်-ဒေါ်လှတင်)တို့၏သမီး၊ ဆေးဝါးတက္ကသိုလ်၊ မန္တလေး၊ ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာစန်းစန်းနွဲ့၏မိခင် ဒေါ်ခင်ဝင်းသည် ၁၇-၁၂-၂၀၁၂ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁၂-၂၀၁၂ရက် နံနက် ၁၀နာရီတွင် မန္တလေးမြို့ ကြာနီကန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမောင်မောင်ဇော်(ဒုကြီးကြပ်ရေးမှူး၊ ငြိမ်း၊ ကြေးနန်းရုံးချုပ်)

အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်တင်-ဒေါ်ခင်မမတင်)တို့၏သားငယ်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း၊ အမှတ် ၂၁၉/ကနေ (ဦးဗဆွေ)-ဒေါ်မမတို့၏သားသမက်၊ ဒေါ်ယဉ်ယဉ်အေး (မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ထက်အောင်လင်း၏ဖခင်၊ (ဦးကျော်စိန်)-ဒေါ်ဆွေဆွေတင်၊ (ဦးမောင်မောင်ဂိုင်)-ဒေါ်သန်းသန်းဆင့်၊ ဒေါက်တာမောင်မောင်စိုး (BDS)တို့၏မောင်/ညီ၊ ဦးဇော်ဝင်း-ဒေါ်ဝေဝေတင်၊ ဒေါက်တာဝင်းကို-ဒေါ်နုနုဝင်း(U.K)၊ ဦးဝင်းဗိုလ်-ဒေါ်သန်းသန်းရွှေ(USA)တို့၏အစ်ကို၊ တူ၊ တူမ ၁၃ယောက်တို့၏ဦးလေးသည် ၁၅-၂-၂၀၁၃ရက်(သောကြာနေ့) နံနက် ၂း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ကိုရှုလွင်-မမေလွင်၊ ကိုခင်မောင်ဇင်-မသီတာအောင်၊ ကိုခင်မောင်ရင်-မမော်မော်အောင်၊ ကိုငွေဝင်းမော်-မမင်းမင်းဝါတို့၏မိခင်၊ ဦးမော်၏ဇနီး ဒေါ်ခင်မေ အသက်(၉၃)နှစ်သည် ၁၃-၂-၂၀၁၃ရက် ၈း၃၅နာရီတွင် ရေစကြိုမြို့နယ် ကိုရင့်ကျေးရွာ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းနိုင်(OK ပွဲရုံ)၊ ဦးအေးလွင်(အေးသုခ)၊

ကိုမင်းမင်း(စိန်သုံးလုံး)၊ ဦးတင်ဝင်း(အားမာန်)၊

ကိုနိုင်ဝင်း(ချမ်းမြေ့)၊ ဦးပွင့်အောင်(ရွှေဇရာ)၊

ဦးမြင့်ဝင်း(သိန်းပွဲရုံ)၊ ဦးငွေဝင်း(ရတနာ)၊

ကိုထွန်းလွင်(နေခြည်)၊ ကိုမင်းချမ်းမြေ့(ဟိန်းထက်အောင်)၊

ဦးဖိုးရှမ်း(စိန်ရွှေမြ)၊ ဦးထင်အောင်(အောင်ဘောဂ)၊

ဦးသန်းနိုင်(သရဝဏ်)၊ ဦးဇော်လင်း(ပြည့်စုံဟိန်း)၊

ဦးဇော်မင်းထွန်း(119)၊ ဦးအရှောင်(လသာ)၊

ကိုသီဟ(သီဟပွဲရုံ)၊ ဦးအောင်မြင့်(ဆင်မင်း)၊

ဦးစိုးမောင်(အောင်စိုးပိုင်)၊ ဦးကျော်နိုင်(ရှေ့ဆောင်)

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ဝ၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၄၅၊ ဖက်စ် ဝ၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ဝ၁-၅၄၄၃၀၉၊ မန်နေဂျာ ဝ၁-၅၄၄၃၁၄၊ စီမံ ဝ၁-၅၄၄၃၁၅၊ ငွေစာရင်း ဝ၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ဝ၁-၅၄၄၃၁၇၊ ကြော်ငြာ ဝ၁-၅၄၅၈၃၄။ R/488

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာပါမှ အခြားစီးပွားရေးလုပ်ငန်းတွေ တိုးတက်မည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးဒသမ နေ့တွင် ယမန်နေ့က ဆွေးနွေးခဲ့သော **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း**၏မူနှင့်အခြေခံ သဘောများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ဆွေးနွေးရာတွင် လက်ရှိ အမျိုးသားစီမံကိန်းပုံစံသည် ဆိုရှယ်လစ်စီးပွားရေးစီမံကိန်း စနစ်လက်ထက်ကတည်းက အသားကျနေသည့် ပုံစံ ဟောင်းဖြစ်နေပါကြောင်း၊ ယနေ့ လွှတ်တော်ကိုယ်စားလှယ် များ အလေးအနက်ထား ဆွေးနွေးနေသည့် ပညာရေး၊ ကျန်းမာရေးနှင့် ကာကွယ်ရေးအပါအဝင် တာဝန်ခံဝန်ကြီး ဌာန (၁၅)ဌာနခန့်ကို စုစည်းပြီး လူမှုရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍဟု ပေါင်းစည်းဖော်ပြနေခြင်းသည် မဖြစ်သင့်တော့ ပါကြောင်း၊ လျှပ်စစ်၊ သစ်တော၊ လယ်ယာ/ဆည်မြောင်း အစရှိသဖြင့် စီမံကိန်းဆိုင်ရာ ကဏ္ဍများ နှိုင်းယှဉ်ကြည့်ရန် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းနေသည် ကိုလည်း ပြင်ဆင်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လက်တွေ့ဘဝကိုထင်ဟပ် သည့် အဓိက စီမံကိန်းကြီးများကို ထည့်သွင်းဖော်ပြရမည်ဖြစ်ပါကြောင်း၊ ဥပမာ- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်း၊ တိုင်းရင်း သား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးစီမံကိန်း၊ သန့်ရှင်း သောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တည်ထောင်ရေးစီမံကိန်း၊ တရားဥပဒေစိုးမိုးရေး စီမံကိန်းအစရှိသည်တို့ကို မည်သည့်နှစ်ကာလအတွင်း အကောင်အထည်ဖော်မည်ဟူသည့် တိတိကျကျ ကတိပေးဆောင်ရွက်နိုင်မည့် စီမံကိန်းများ ထည့်သွင်းပေးစေလိုပါကြောင်း၊ မူဝါဒချမှတ်ဆောင်ရွက်နိုင်သည့် ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင်

စာမျက်နှာ ၇ ကော်လံ ၁ ●

ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ယနေ့ မာတိကာ

ဆီးချို ရောဂါဖြစ်ပွားပုံနှင့် နောက်ဆက်တွဲဆိုးကျိုးများ ကိုကြိုတင်သိရှိပြီးရောဂါကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူကြရန်

ခေါင်းကြီး စာ - ၂

အင်ဒိုနီးရှား၌ ဖီးကွက် မျိုးစိတ်သစ်တွေ့ရှိ

စာ - ၄

အက်ဖ်အေဗလား ပဥ္စမအဆင့်မှာ ရက်ဒင်းကို ကျော်ဖြတ် ရဦးမယ့်မန်ယူ

စာ - ၁၃

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

တိမ် ၁၆-၂-၂၀၁၃ အသင့်အတင့်

နေပြည်တော်၊ ရန်ကုန်မြို့ နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက် တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

တက္ကသိုလ်ဝင်စာမေးပွဲ စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ယူနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

၂၀၁၃ ခုနှစ် မတ် ၁၃ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား(Identity Card)များကို **၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်** (ကြာသပတေးနေ့)မှစ၍လည်းကောင်း၊ ရန်ကုန်မြို့မ စည်ပင်သာယာ နယ်နိမိတ်အတွင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို **၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်** (တနင်္လာနေ့)မှစ၍လည်းကောင်း၊ စာမေးပွဲရက်မတိုင်မီ ထုတ်ယူကြရန် ထိုသို့ထုတ်ယူရာတွင် အခြေခံ ပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့်(တွဲဖက်) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီး ထုတ်ယူနိုင်ကြသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကြီးကြပ်ရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နွေဖရဲဈေးကောင်းပါနိုင် ဖရဲစိုက်သူများ နွေဖရဲအားထားစိုက်

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-ကျော်သူဝင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မနှစ်က တရုတ်ပြည်ဈေးကွက်အတွင်း ဗီယက်နမ်ဖရဲများ ဝင်ရောက်ခဲ့တာကြောင့် မူဆယ်မှတစ်ဆင့် တင်ပို့နေသော မြန်မာ့ဖရဲဈေးကွက် အထိနာခဲ့ရသော်လည်း နောက်ပိုင်းဝယ်လိုအားပြန်ကောင်းလာ၍ ယခုအခါ နွေဖရဲဈေးကွက်ကို အားထားစိုက်ပျိုးသူများ တဖြည်းဖြည်း ပြန်လည်များပြားလာသည်ကို တွေ့ရကြောင်း တပ်ကုန်းမြို့နယ် ဖရဲစိုက်တောင်သူတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ကျွန်မတို့ မနှစ်ကဆိုရင် ဖရဲစိုက်တာရှုံးတယ်။ ကျွန်မတို့ဈေးကွက်က တရုတ်ဈေးကွက်ပဲ၊ မူဆယ်ကတစ်ဆင့် ပို့တဲ့ဖရဲသီး မနှစ်က နောက်ပိုင်းမှာ အဝယ်နည်းတယ်။ ဒါကြောင့် ပြည်တွင်းဈေးကွက်မှာ အရင်းပြန်ရရဆိုပြီး ရတဲ့ဈေးနဲ့ ရောင်းရတယ်။ နောက်ပိုင်းမှာတော့ ပြည်တွင်းဝယ်လိုအား ကောင်းလာတော့ ဈေးကောင်းပြန်ရပါတယ်။ အခုနွေရာသီမှာ နွေဖရဲစိုက်သူပြန်များလာတာတွေ့ရတယ်။ ကျွန်မတို့ဖရဲစိုက်တောင်သူတွေကတော့ နွေဖရဲကအဓိကပဲ၊ နွေကိုအဓိကထားစိုက်တယ်။ ခုဈေးလေး ပြန်ကောင်းလာတဲ့အချိန်နဲ့ ကိုက်ပြီး နွေဖရဲကိုမီအောင် စိုက်တာပါ" ဟု တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာမှ ဖရဲစိုက်တောင်သူ ဒေါ်ရွှေဝင်းက ပြောသည်။

နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ဖရဲအဓိကစိုက်ပျိုးသော ကျေးရွာများမှာ ခရမ်းစပ်ကုန်း၊ ညောင်လွန့်၊ ကြံခင်း၊ အိုင့်၊ ညောင်ကုန်းနှင့် ကရင်အောင်းရွာများဖြစ်ကြသည်။ တပ်ကုန်းမြို့နယ်အတွင်း ဆင်သေရေလှောင်တမံမှ ဆည်ရေများဖြတ်သန်းစီးဆင်းရာ ချောင်းရိုးတစ်လျှောက် ကျေးရွာအချို့လည်း ဖရဲစိုက်ပျိုးလျက်ရှိသည်။ ယင်းဆင်သေချောင်းကို အမှီပြု၍ နွယ်ရစ်ကျေးရွာတွင် ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ပြောင်းဖူးအစရှိသော ဟင်းသီးဟင်းရွက်များ အဓိကစိုက်ပျိုးသည်။

ဖရဲစိုက်ခင်းများအတွင်း ဖရဲစိုက်တောင်သူများ ရေလောင်းပေါင်းသင် ပြုပြင်လျက်ရှိကြသည်ကို တွေ့ရသည်။ လက်ရှိ ဖရဲသီးအကြီးတစ်လုံးလျှင် ငွေကျပ် ၁၆၀၀ ဝန်းကျင်ဈေးရှိသည်။ ၎င်းဈေးမှာ ပွဲစားများဝယ်ယူသည့်ဈေးဖြစ်သည်။ ဖရဲပွဲစားများက အခင်းပြတ် ဝယ်ယူသည်လည်းရှိသည်။ ထို့ကြောင့် တောင်သူများ မျှော်လင့်ထားသည့်အတိုင်း နွေဖရဲဈေးကွက်သည် ဈေးကောင်းရရန် အလားအလာကောင်းလျက်ရှိသည်။ **(မြန်မာ့အလင်း)**

တစ်ပတ်အတွင်း MNL ပွဲစဉ်များကို ခံစားခြင်း

ရဲရင့်ရှိန်း

ယခုတစ်ပတ် MNL ပွဲစဉ်တွေက စိတ်ဝင်စားစရာကောင်းသည်ထက် အပြောင်းအလဲတွေဖြစ်ခဲ့သည်ကို တွေ့ရသည်။ လောကရဲ့ နိယာမ အတိုင်း အနိမ့်၊ အမြင့်၊ အတက်၊ အကျတွေကို မြင်ရသည်။ ဘယ်သူမှ တစ်နေရာတည်းတွင် ရပ်မနေ။ အမြင့်တွင် ရောက်နေသူက တစ်နေ့ ဆင်းပေးရမည်။ အနိမ့်တွင်လည်း ဘယ်သူမှ အကြာကြီးရှိမနေနိုင်။ လောကကြီး၏ သဘောသဘာဝ တရားတွေကို ယခုတစ်ပတ် MNL ပွဲစဉ်များမှ ရလိုက်သည်။

နောက်ဆုံးတော့လည်း ရတနာပုံပါပဲ

လေးပွဲကစား လေးမှတ်ဆိုသည်က သာမန်အသင်းတစ်သင်းအတွက်တော့ ကျေနပ်စရာကောင်းသည့် ရလဒ်မျိုး။ သို့သော် ရာသီကြိုပြင်ဆင်မှုများ သေချာပြုလုပ်ထားပြီး ချန်ပီယံဆုမှန်းထားသည့် အသင်းအတွက်တော့ ဒီရလဒ်က လက်ခံချင်စရာမဟုတ်။ ဒီတော့ ရတနာပုံအသင်း အပြောင်းအလဲလုပ်သည်။ အသင်းတစ်သင်းရဲ့ အောင်မြင်မှု၊ ကျရှုံးမှုတွေရဲ့အကွဲရာက နည်းပြဖြစ်သည်။ နည်းပြချုပ်ဖြစ်သူ ဆားဘီးယားနည်းပြ ဘောရစ်ဘန်ဂျက်ကို ရတနာပုံက ထုတ်ပယ်သည်။ အသင်းခေါင်းဆောင် အောင်ကျော်မိုးကို ယာယီနည်းပြအဖြစ် တာဝန်ပေးပြီး လက်ထောက်နည်းပြ ဦးဇော်လေးအောင်နှင့်ပူးတွဲကိုင်တွယ်စေသည်။ ဘောရစ်ဘန်ဂျက်နှင့် ရတနာပုံအသင်း လမိုင်းမကပ်တာလား၊ ရတနာပုံရဲ့ အပြောင်းအလဲမှန်ကန်တာလား မပြောတတ်။ နည်းပြထုတ်ပယ်ပြီး ပထမဆုံးပွဲမှာ ရတနာပုံအသင်း နိုင်ပွဲပြန်ရသည်။ ရတနာပုံရဲ့ နိုင်ပွဲအတွက် စတေးခံလိုက်ရသူက ဇေယျာရွှေမြေအသင်း။ ဇေယျာရွှေမြေ အသင်းက ပွဲစဉ်(၄)အပြီးမှာ စံချိန်ကောင်းတွေ အများကြီး ရထားသည့် အသင်းဖြစ်သည်။ ရတနာပုံအသင်း နိုင်ပွဲပြန်ရချိန်တန်တော့ ဇေယျာရွှေမြေက အရှုံးပေးလိုက်ရသည်။ ဘယ်သူမှ အမြဲနိုင်မနေနိုင်သလို အမြဲတမ်းလည်း မရှုံးနိုင်။ အညာဒါဘီလို့ဆိုနိုင်သည်။ ယခုပွဲတွင် ရှုံးခဲ့ရသည့် ဇေယျာရွှေမြေအတွက် တန်ဖိုးကကြီးသည်။ ရှုံးပွဲမရှိ၊ ပေးဂိုးမရှိ စံချိန်တွေတစ်ခုပြီး တစ်ခုပျက်သည်။ အဆိုးဆုံးက ထိပ်ဆုံးနေရာကဖယ်ပေးလိုက်ရခြင်း ဖြစ်သည်။

ရတနာပုံအသင်း၏ အနိုင်ရလဒ်က ထိုက်တန်ပါသည်။ ယခုရာသီ၏ အကောင်းဆုံးခြေစွမ်းကိုလည်း ပြသနိုင်ခဲ့သည်။ ပွဲထွက် လူစာရင်းမှာ နိုင်ငံခြားသားက တစ်ဦးသာပါသည်။ ပြည်တွင်းအားဖြင့် အနိုင်ရသွားသည်

စာမျက်နှာ ၉ ကော်လံ ၄ ■

ရှုံးပွဲမရှိသေးသည့် မကွေးအသင်း။